BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

The Lightning Newsletter

( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဇူလိုင်လ | အမှတ် (၄၁)

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

## အဖွဲ့ချုပ်ခေါင်းဆောင်များ ထိန်းသိမ်းခံထားရသော်လည်း အဖွဲ့ဝင်များက လုပ်သင့်သည်ကို ဆက်လုပ်မည် ၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန် တောင်းဆို



ဒီပဲယင်းအရေးအခင်းမတိုင်ခင်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များအား အဖွဲ့ဝင်ထုနှင့်အတူ စည်းလုံးညီညွတ်စွာ အတူတွေ့မြင်ရစဉ်

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး၊ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အဖွဲ့ချုပ်ခေါင်းဆောင်များ လွတ်မြောက်ရေး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးခံရသူများ လွတ်မြောက်ရေး၊ အဲန်အယ်လ်ဒီရုံးများ ပြန်လည်ဖွင့်လှစ်ရေးနှင့် ဒီပဲယင်းအရေးအခင်းအဖြစ်မှန် စုံစမ်းဖော်ထုတ်ရေးတို့ကို လတ်တလောနိုင်ငံရေးလုပ်ငန်းများအဖြစ် အကောင်အထည်ဖော်ပေးပါရန် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုး၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပေးပို့မည့်စာတစောင်ကို ရေးသားရန်အတွက် ဦးဆောင်စည်းရုံးလှုံ့ဆော်ခဲ့သူ မကွေးတိုင်း ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်အား အာဏာပိုင်တို့က (၂) ပတ်ကြာ ထိန်းသိမ်းထားပြီး ပြန်လွှတ်လိုက်သည်ဟု သိရသည်။

ဦးမောင်မောင်က ခေါင်းဆောင်များအား ဖမ်းဆီးထားသော်လည်း အဖွဲ့ချုပ်ဝင်များအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံတော်ကို ဆက်လက်လွှင့်ထူသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်ပြီး နိုင်ငံရေးသမားကောင်းဆိုသည်မှာ လက်ရှိအနေအထားမှ ဖောက်ထွက်နိုင်ရေးအတွက် ကြိုးစားရန်လိုကြောင်း၊ ခေါင်းဆောင်များမရှိသည့်အခါ ခေါင်းဆောင်များရှိမှ လုပ်မည်ဆိုသည့် စိတ်ထားများ ထား၍မရကြောင်း၊ အခြေအနေအရပ်ရပ်အပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်သွားရမည်ဖြစ်သလို နိုင်ငံရေးတာဝန်များအား ဆက်လက်လုပ်ဆောင်သွားရမည်မှာ မိမိတို့တာဝန်သာဖြစ်ကြောင်း၊ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ရဲသည့် သတ္တိရှိရန်လိုပြီး မလုပ်သင့် မလုပ်ထိုက်သည်ကို မလုပ်ရဘူးဆိုသည့် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို မိမိတို့ လိုက်နာရန်လိုအပ်ကြောင်း ပြောကြားသွားသည်။

ထို့အတူ မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အမှတ်(၂) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်က ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသည်မှာ အခက်အခဲအကျပ်အတည်း တွေ့ရသော်လည်း တချိန်မှာ မိမိတို့ အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များအားလုံး ညီညွတ်ရေးအတွက် ပြင်ဆင်ထားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဖွဲ့ချုပ်ခေါင်းဆောင်များ ဖမ်းဆီးခံထားရသည်မှာ (၂)လကျော်ပြီဖြစ်သော်လည်း အဖွဲ့ချုပ်အဖွဲ့ဝင်များက အဖွဲ့ချုပ်၏ မူလနိုင်ငံရေးရည်ရွယ်ချက်များ အကောင်အထည်ဖော်ရေးအတွက် တဗိုလ်ဆင်းတဗိုလ်တက်စနစ်ဖြင့် ဆက်လက်တိုက်ပွဲဝင်လျက်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တဦးက မိုးကြိုးသတင်းစာသို့ ဆက်သွယ်ပြောကြားခဲ့သည်။

❖

## မြန်မာပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ နိုင်ငံရေးအင်အားစုများမှ ၎င်းတို့၏အမြင်များကို ထုတ်ဖော်ပြောကြား



ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး

မြန်မာပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သည့် လမ်းပြမြေပုံတခုကို ပုံဖော်ဆောင်ရွက်ရန် ထိုင်းအစိုးရမှ ယခုသတင်းပတ်အတွင်း ဦးဆောင်တင်ပြလာမှုအပေါ် မြန်မာ့နိုင်ငံရေးအင်အားစုအသီးသီးမှ ၎င်းတို့၏ အမြင်များကို ထုတ်ဖော်ပြောကြားလာခဲ့သည်။

ဇိုမီးအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင် ပူကျင်ရှင်းထန်က အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့ရာတွင် ထိုင်းအစိုးရက ယခုလိုအချိန်မှာ ပြောဆိုလာခြင်းမှာ နားလည်ရခက်ခဲကြောင်း၊ မိမိအနေဖြင့် ထိုင်းအစိုးရ၏ လုပ်ဆောင်မှုထက် ကုလသမဂ္ဂက ကိုင်တွယ်ဖြေရှင်းခြင်းသာ ပိုမိုအားကောင်း၍နည်းလမ်းပိုကျမည်ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦးကလည်း ကုလသမဂ္ဂက လုပ်နေသည့် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့လည်း ဒီပဲယင်းကိစ္စဖြစ်ပေါ်လာပြီးနောက်ပိုင်း ရှေ့ဆက်ရန် မဖြစ်တော့သည်ကို ဖော်ပြနေကြောင်း၊ ထိုင်းက တင်ပြလာသည့် လမ်းပြ

စာမျက်နှာ(၆)၊ ကော်လံ(၁)သို့



ဇိုမီးအမျိုးသားများကွန်ဂရက် ဥက္ကဋ္ဌ ပူကျင်ရှင်းထန်

## မြန်မာ့ဒီမိုကရေစီရေး ဥပဒေမူကြမ်း အမေရိကန်သမတ လက်မှတ်ရေးထိုး အတည်ပြု

ဇူလိုင်၊ (၂၉)ရက်။

မျက်မှောက်မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် လွတ်မြောက်ရေး၏သင်္ကေတဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်အား မေလ(၃၀)ရက်နေ့က ဖမ်းဆီးခဲ့အပြီးတွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ ပြတ်ပြတ်သားသားလုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ လက်တုန့်ပြန်သည့်အနေဖြင့် တင်သွင်းခဲ့သည့် "၂၀၀၃ ခုနှစ် မြန်မာနိုင်ငံလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးဥပဒေကြမ်း"ကို ဥပဒေအဖြစ် အာဏာတည် အကျိုးသက်ရောက်ရန်အတွက် ဇူလိုင်လ(၂၈)ရက်နေ့က အမေရိကန်သမတ ဂျော့ဘုရ်ှက လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီဖြစ်သည်။

၎င်းဥပဒေကြမ်းကို အထက်လွှတ်တော်မှ ထောက်ခံမဲ (၉၇)မဲ၊ ကန့်ကွက်မဲ (၁)မဲနှင့် ဇွန်လ(၁၁)ရက်နေ့က ရှေးဦးစွာ အတည်ပြုပြီးနောက် ယခုလ ဇူလိုင်လ(၁၅)ရက်နေ့၌ အောက်လွှတ်တော်က ထောက်ခံမဲ(၄၁၈)မဲ၊ ကန့်ကွက်မဲ(၂)မဲနှင့် ထပ်မံအတည်ပြုပြီးဖြစ်သည်။ လွှတ်တော်နှစ်ရပ်စလုံးမှ အတည်ပြုပြီး ယမန်နေ့က သမတ လက်မှတ်ရေးထိုးပြီးချိန်မှစ၍ ၎င်းဥပဒေကြမ်းသည် ဥပဒေအဖြစ် စတင် အာဏာသက်ရောက်လာပြီဖြစ်သည်။

ထိုဥပဒေမူကြမ်းတွင် အဓိကအားဖြင့် အချက်(၅)ချက် ပါဝင်ရာ –

၁။ မြန်မာနိုင်ငံမှ တင်သွင်းလာမည့် ကုန်ပစ္စည်းများအားလုံး အမေရိကန်ပြည်ထောင်စုသို့ အဝင်မခံရန်။

၂။ အမေရိကန်ရှိ နအဖစစ်အုပ်စုနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများ၊ ကြံ့ဖွံ့ခေါင်းဆောင်များနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများစသည်တို့၏ ပိုင်ဆိုင်မှုများအား ဖော်ထုတ်၍ သိမ်းဆည်းထိန်းသိမ်းထားရန်၊ (မြန်မာနိုင်ငံတွင် ပြည်သူ့ကိုယ်စားပြုအစိုးရတရပ် ပေါ်ပေါက်လာမှ နိုင်ငံတော်ပိုင်အဖြစ် ပြန်လည်လွှဲပြောင်းပေးမည်)

၃။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေး

စာမျက်နှာ(၉)၊ကော်လံ(၁)သို့ ○

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုသည်သာ အဖြေမှန်ဖြစ်သည်

ယနေ့ ကမ္ဘာ့နိုင်ငံရေးလောက၌ နိုင်ငံအသီးသီး၏ အကျပ်အတည်းပြဿနာများကို ဖြေရှင်းရာ၌ (Road Map) လမ်းပြမြေပုံဟူသည့် ဝေါဟာရသည် အလွန်ခေတ်စားလာသည်။ ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးလမ်းပြမြေပုံ၊ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလမ်းပြမြေပုံနှင့် အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်ထူထောင်ရေး လမ်းပြမြေပုံဟူသော စကားရပ်များသည် ကမ္ဘာ့သတင်းစာအသီးသီး၊ စာနယ်ဇင်း အသီးသီးနှင့် ရုပ်သံလွှင့်အပါအဝင် မီဒီယာများ၌ အပ်ကြောင်းထပ်မျှ ဖော်ပြခံနေရသည့် ခေတ်သစ်ဝေါဟာရများ ဖြစ်လာနေသည်။

မြန်မာပြည် ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးသည် ရှစ်လေးလုံး ဒီမိုကရေစီရေး အုံကြွတိုက်ပွဲဝင်မှုကြီးမှ စတင်ရေတွက်သော် (၁၅)နှစ်တာကာလအတွင်း ဖြတ်သန်းလာခဲ့ပြီ ဖြစ်သော်လည်း မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့နေဆဲဖြစ်သည်။ ပြီးခဲ့သည့် မေ(၃၀) ဒီပဲယင်းအရေးအခင်းအား စစ်အုပ်စုမှ ဒီမိုကရေစီမှောင်ချမှုကြီးကို တိုး၍ ပြုလုပ်လာသည့် သမိုင်းဝင်အချက်ပြမှုအဖြင့် မြန်မာပြည်သူတို့သာမက နိုင်ငံတကာမှပါ မှတ်ယူလာခဲ့သည်။ မြန်မာပြည်ပြဿနာသည် ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်လာပြီဟု ယူဆလာကြ၍ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု (Political Intervnetion)ကို စတင်လုပ်ဆောင်လာကြသည်။ ဤအချက်မှာ အဖိနှိပ်ခံ မြန်မာပြည်သူလူထုတရပ်လုံး လိုအင်ဆန္ဒနှင့် ကိုက်ညီသည်ဖြစ်၍ ကြိုဆိုရမည်သာဖြစ်သည်။

သို့သော် မြန်မာပြည် အရေးကိစ္စတွင် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်ကြရာ၌ မြန်မာပြည် ပြဿနာဖြေရှင်းရေး လမ်းပြမြေပုံ ရေးဆွဲဆောင်ရွက်မှု အဆင့်အထိ ပြုလုပ်လာပါက အဆိုပါနိုင်ငံများမှ နိုင်ငံရေးအရ သတိပြုရမည့်အချက်မှာ မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးစုများ ပြည်သူလူထုများနှင့် ၎င်းတို့ကို အမှန်တကယ် ကိုယ်စားပြုသော နိုင်ငံရေးပါတီများ၏ ဆန္ဒနှင့် ပါဝင်နိုင်မှုကို လေးစားအသိအမှတ်ပြုမှုသည်သာ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပြီ၊ ရေရှည်တည်တံ့ခိုင်မြဲမည့် ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက် ကမ္ဘာ့ငြိမ်းချမ်းရေးကို ပံ့ပိုးနိုင်မည်ဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။

စဉ်းစားရန်ရှိသည်မှာ ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ၁၉၉၁ မှ ၂၀၀၃ ခုထိ အစဉ်အဆက်ချမှတ်ခဲ့သော မြန်မာပြည်ဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ယူထားသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ်၏ လုပ်ဆောင်မှုများသည် ဆက်လက် တရားဝင်နေဆဲ ဖြစ်နေသေးသည်လော၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်များ အကောင်အထည်ပေါ်ရန် ဆက်လက်ကြိုးပမ်းရန် လိုအပ်သေးသည်လော ဟူသော မေးခွန်းပင်ဖြစ်သည်။ ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့် အခွင့်အာဏာကို အပြည့်အဝ အသုံးပြုစေလျက် ကုလသမဂ္ဂ အထူးသံတမန်ကြီး ရာဇာလီအစ္စမေးလ်အား ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ ဆွေးနွေးပွဲများမှတဆင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကို ဖြစ်ပေါ်စေ၍ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေးအတွက် နောက်ဆုံးအကြိမ်အဖြစ် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်သေးသည်ဟူသော အယူအဆသည် လက်ခံနိုင်ဖွယ်ဖြစ်လျက် ရှိပါသေးသည်။

အကယ်၍ ဖော်ပြပါ အထူးသံတမန်ကြီး၏ နောက်ဆုံးအကြိမ် ကြိုးပမ်းမှုကို နအဖမှ ငြင်းဆန်ပါက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နအဖ စစ်အုပ်စုအား မြန်မာပြည်သူတို့၏ ဆန္ဒနှင့်အညီ ထိရောက်သော နိုင်ငံရေးအရ ဒဏ်ခတ်အရေးယူမှုကို မလွဲမရှောင်သာ ပြုလုပ်ရလိမ့်မည်ဖြစ်ပါသည်။ မြန်မာပြည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို နိုင်ငံတကာမှ ဝိုင်းဝန်းပံ့ပိုးကြရာ၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို တိုးမြှင့်ပါဝင်စေခြင်းသည်သာ မြန်မာဂုဏ်သိက္ခာကိုသာမက ကမ္ဘာပြည်သူတို့၏ စိတ်ကောင်းစေတနာ မှန်ကန်မှုကို သက်သေပြရာ ရောက်မည်ဖြစ်ပါသည်။ မြန်မာပြည်ပြဿနာကို နိုင်ငံတကာမှ ပါဝင်ဖြေရှင်းရာတွင် ကုလသမဂ္ဂ၏ နိုင်ငံရေးအရ ပါဝင်စွက်ဖက်မှုမှတပါး အခြားနည်းလမ်းများသည် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို မဖော်ဆောင်နိုင်ရုံသာမက အဖိနှိပ်ခံလူမျိုးစုံ ပြည်သူများ၏ အကျိုးစီးပွားနှင့်လည်း မကိုက်ညီပါကြောင်း ဖော်ပြအပ်ပါသည်။

❖

# အာဇာနည်နေ့ အခမ်းအနား ဒေါ်အောင်ဆန်းစုကြည်ကို တက်ရောက်ခွင့်မပြုခဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို နအဖက ပြည်ဖုံးကားချနေ

**ဇူလိုင်၊ (၂၀)ရက်။**

ယခုနှစ်တွင် ကျရောက်သည့် (၅၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခွင့် မရခဲ့ကြောင်း သိရသည်။



မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် အထိမ်းအမှတ် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင်(၁၉)ရက်နေ့တွင် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ နအဖက ဖမ်းဆီးထားခြင်းခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်ကို တက်ရောက်ခွင့်မပြုခဲ့ဘဲ အကိုဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့ နွယ်သိန်းတို့ကိုသာ တက်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်ကို ဖခင်ကြီး၏ အောက်မေ့အလေးပြုပွဲသို့ ယခုလို တက်ရောက်ခွင့်မပြုသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေက လူအများ မမြင်စေချင်လို့လား၊ မမြင်စေချင်တာ ဘာကြောင့်လဲ၊ ကျန်းမာရေးများ တခုခုထိခိုက်နေလို့လားဟု သံသယဖြစ်မိကြောင်း နအဖကို မေးခွန်းထုတ်လိုက်သည်။



ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးများအဖွဲ့ဝင် သခင်သိန်းဖေ

ထိုအခမ်းအနားသို့ နအဖဘက်မှ ထိပ်ပိုင်းခေါင်းဆောင်ဗိုလ်ချုပ်ကြီးများ တက်ရောက်လာခြင်းမရှိဘဲ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တဦးသာ တက်ရောက်လာကြောင်း သိရပြီး ယခင်က ပြုလုပ်နေကျ ဝမ်းနည်းခြင်းအထိမ်းအမှတ် အလံတဝက် လွှင့်ထူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ဖြစ်သည့် နံနက်(၁၀း၃၇)မိနစ်တွင် ဥသြများဆွဲ၍ ငြိမ်သက်အလေးပြုခြင်းထုံးစံများ မပြုလုပ်တော့ဟု ဆိုသည်။

လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ချိန်မှစ၍ ခေတ်အဆက်ဆက်ပြုလုပ်နေကျ အစဉ်အလာထုံးစံများအား ယခုလို လက်ရှိ နအဖ စစ်အာဏာပိုင်များက ဖျက်ဆီးဖျောက်ဖျက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ဝါရင့်နိုင်ငံရေးသမားကြီးဖြစ်သူ သခင်သိန်းဖေက "ဗမာ့လွတ်လပ်ရေးကို တည်ဆောက်ခဲ့တဲ့လူ၊ တပ်မတော်ကို တည်ဆောက်ခဲ့သူ အဲဒီလို လူကိုမှ အန်ကယ်တို့က သမိုင်းမှာ ခေါင်းဆောင်အဖြစ် အသိအမှတ်မပြုရင် အဲဒီ လွတ်လပ်ရေးရစက (၄-၅-၆)နှစ်အရွယ်တွေ၊ ဒီနေ့ဆက်ပြီးအာဏာယူနေတဲ့ လူတွေက အသိအမှတ်မပြုရင် သမိုင်းဟာ နောက်တော့ ပျောက်သွားမှာ စိုးရိမ်တယ်ပေါ့။ အဲဒါကြောင့် သမိုင်းကို ဖျောက်လို့ မရပါဘူး၊ သမိုင်းကို ရှင်အောင်လုပ်ခြင်းအားဖြင့် ကိုယ်လဲ သမိုင်းဝင်ပုဂ္ဂိုလ်ဖြစ်မှာပေါ့။ အဲဒါကြောင့် ဒီ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်နေ့ကို ဂရုစိုက်ပြီး လုပ်ကြပါ။ တိုင်းပြည်တပြည်လုံးက ဗိုလ်ချုပ်အောင်ဆန်း မရှိတဲ့အတွက် ဗိုလ်နေဝင်းတက်တယ်၊ ဗိုလ်နေဝင်း တက်တော့ တိုင်းပြည် ဒီလို ဖြစ်တာပဲ၊ အဲဒါကြောင့် အန်ကယ်တို့က ဒီလိုဟာတွေ မဖြစ်စေချင်တဲ့အတွက် တကယ့်ကို တိုင်းပြည်ကို သစ္စာမှန်မှန်နဲ့လုပ်ခဲ့တဲ့ အာဇာနည်ပုဂ္ဂိုလ်တွေကို အသိအမှတ်ပြုပါ၊ အလေးအနက်ထားပါ၊ ဒါမှ နောက် လူငယ်တွေကလည်း အာဇာနည်တွေဖြစ်လာမယ်၊ အာဇာနည်တွေကို အတုခိုးမယ်၊ အဲဒါကို သူတို့ကတော့ အာဇာနည်တွေကို အလေးမပြုဘူးဆိုတာ အသိအမှတ်မပြုရာကျတယ်ဆိုတဲ့၊ ဒီဟာလဲ ဟို....တော်တော် အန်ကယ်တို့အတွက် စိတ်မကောင်းဘူးလေ"ဟု ပြောကြားဝေဖန်သွားခဲ့သည်။

နအဖ စစ်အုပ်စုသည် ၁၉၉၆ ခုနှစ်မှစ၍ နအဖပိုင်သတင်းစာများအပါအဝင် မီဒီယာများအားလုံးတွင် အာဇာနည်နေ့နှင့် ပတ်သက်သည့် သတင်းဆောင်းပါးများ၊ ဓာတ်ပုံများ ထည့်သွင်းဖော်ပြခြင်း အလျဉ်းမပြုလုပ်တော့ဘဲ ပြည်ဖုံးကားချထားသည်မှာ ကြာပြီဖြစ်သည်။

❖



# မြန်မာ့အရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးယူရဖွယ်ရှိကြောင်း ကိုဖီအာနန်သတိပေး



ကုလသမဂ္ဂ
အထွေထွေအတွင်းရေးမှူးချုပ်
ကိုဖီအာနန်

**ဇူလိုင်၊ (၁၉)ရက်။**

ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက မေ(၃၀)ဒီပဲယင်းအရေးအခင်းမှစ၍ ယနေ့တိုင် ဆက်လက်ဖမ်းဆီးထားခြင်းကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မကြာခင် ဆွေးနွေးလာဖွယ်ရာရှိကြောင်း အတွင်းရေးမှူးချုပ်ကိုဖီအာနန်က ပြောဆိုလိုက်သည်။

ဇူလိုင်(၁၆)ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးသံ မစ္စတာရာဇာလီ၊ နအဖဒုနိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်းတို့နှင့် တွေ့ဆုံအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကိုဖီအာနန်က ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံတွင် ဘာတွေ ဆက်လက်ဖြစ်ပေါ်လာမလဲဆိုသည်ကို မျက်ခြေမပြတ် စောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားသွားခဲ့သည်။

မစ္စတာကိုဖီအာနန်က "သိပ်မကြာခင် ဒီကိစ္စတွေ ဆွေးနွေးမယ့် စားပွဲပေါ်ရောက်လာလိမ့်မယ်လို့ ကျနော်ထင်ပါတယ်၊ ဒါကို နအဖကိုယ်စားလှယ် (ဦးခင်မောင်ဝင်း)က တဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကျနော် အသိပေးပြောကြားထားပါတယ်"ဟု မြန်မာ့နိုင်ငံရေးအခြေအနေကို ရည်ညွှန်း၍ သတင်းထောက်များအား ပြောဆိုသွားခဲ့သည်။ ဦးခင်မောင်ဝင်းနှင့်တွေ့ဆုံစဉ် ၎င်းက ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်း ပြန်လွှတ်ပေးရန် နအဖကို ထပ်မံတောင်းဆိုခဲ့သည်။

ဗုဒ္ဓဟူးနေ့က ပြုလုပ်သည့် လုံခြုံရေးကောင်စီအစည်းအဝေး အထွေထွေကဏ္ဍတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် John Negroponte က ငြိမ်းချမ်းရေးနိုဗယ်လ် ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက ဆက်လက်ဖမ်းဆီးထားကြောင်း ထည့်သွင်းဆွေးနွေးသွားခဲ့ရာ ယင်းသည် မြန်မာ့အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် နိဒါန်းပျိုးလိုက်သည့် အရိပ်လက္ခဏာတရပ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ သတိပေး ပြောစကားကို နအဖက ဆက်၍ မျက်ကွယ်ပြုနေပါက မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း အရေးယူမှုများ ပြုလုပ်လာနိုင်ကြောင်း မြန်မာ့နိုင်ငံရေး လေ့လာသူများက သုံးသပ်ယူဆနေကြသည်။ ❖

# အမည်ပျက်စာရင်း နအဖက ပထမ ရ



အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်

**ဇူလိုင်လ၊ (၁၉)ရက်။ [ဒီဗွီဘီ]**

လူ့အခွင့်အရေးအချိုးဖောက်ဆုံးနိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံ ပါဝင်နေကြောင်း အမေရိကန်သမ္မတက ပြောကြားလိုက်သည်။

ယမန်နေ့က ကျရောက်သည့် ဒုတိယကမ္ဘာစစ် စစ်ပွဲရှုံးနိုင်ငံများ သတင်းပတ်အထိမ်းအမှတ် အခမ်းအနားအတွက် ထုတ်ပြန်သည့် ကြေညာချက်တွင် ထိုသို့ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပြီး မြန်မာ၊ အီရန်၊ ကျူးဘား၊ မြောက်ကိုရီးယား၊ ဇင်ဘာဘွေနိုင်ငံနှင့် ဘီလားရုစ်နိုင်ငံများဖြစ်ကြသည်။

သမ္မတဘုရှ်က ထိုနိုင်ငံအစိုးရများ၏ အုပ်ချုပ်မှုအောက်တွင် သန်းနှင့်ချီရှိသည့် ပြည်သူများသည် နေ့စဉ် သူတို့၏ နိုင်ငံသားအခွင့်အရေးများအား ချိုးဖောက်ခံနေရသည်ဟု ဆိုသည်။ မြန်မာနှင့် အီရန်နိုင်ငံတို့တွင် ပြည်သူများက အုပ်ချုပ်သည့် အစိုးရကို ကိုယ်တိုင်ရွေးချယ်ပိုင်ခွင့်မရှိဘဲ ဖိနှိပ်မှုကို ဆန့်ကျင်ဖော်ထုတ်ခွင့်နှင့် ဘာသာရေးလွတ်လပ်ခွင့်များ ကင်းမဲ့ဆုံးရှုံးနေကြောင်း ဖော်ပြထားသည်။ ကျူးဘားနိုင်ငံတွင်လည်း အတိုက်အခံ နိုင်ငံရေးသမားများ ဖမ်းဆီးခြင်းခံနေရပြီး ငြိမ်းချမ်းစွာ ဆန္ဒပြ ထုတ်ဖော်နေသူများအား ဖိနှိပ်နေကြောင်း၊ မြောက်ကိုရီးယားတွင် လူထုတရပ်လုံး စားရမဲ့ သောက်ရမဲ့ ငတ်မွတ်ခေါင်းပါးနေချိန်တွင် အစိုးရက လူအစုလိုက် အပြုံလိုက် သေစေနိုင်သည့် လက်နက်များ ထုတ်လုပ်နေသည်ဟု ဆိုသည်။ ဘုရှ်က ဇင်ဘာဘွေနှင့် ဘီလားရုစ်နိုင်ငံတို့တွင်လည်း အလားတူ ဖိနှိပ်မှုများရှိနေသည်ဟု ရေးသားထားသည်။

အီရတ်စစ်ပွဲပြီးဆုံးချိန်နောက်ပိုင်း အမေရိကန်သမ္မတက ယခုလိုပြောဆိုမှုသည် အပြင်းထန်ဆုံး ဝေဖန်ပြောဆိုမှုဖြစ်ပြီး ဒီပဲယင်းလုပ်ကြံမှုကြီးအတွက် နအဖ စစ်အုပ်စုအပေါ် အရေးယူပိတ်ဆို့မှု ဥပဒေမူကြမ်းကို အတည်ပြု လက်မှတ်ရေးထိုးရန် ပြင်ဆင်နေစဉ် ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

❖

# ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေးဆွေးနွေးစဉ် တရုတ်နိုင်ငံက နှုတ်ဆိတ်နေခဲ့

**ဇူလိုင်၊ (၁၈)ရက်။**

ဇူလိုင်(၁၇)ရက်နေ့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ပြုလုပ်သည့် ဆွေးနွေးပွဲတရပ်၌ မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့ကြရာ တရုတ်နိုင်ငံက တစုံတရာ ဝင်ရောက် ပြောဆိုကန့်ကွက်မှု မရှိခဲ့ကြောင်း သိရသည်။

ထိုဆွေးနွေးပွဲတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး John Negroponte က ကုလသမဂ္ဂအဖွဲ့ကြီးသို့ မစ္စတာရာဇာလီအစ္စမေးလ်၏ တင်ပြထားသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အချက်အလက်များအား ကိုးကား၍ စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ၎င်းက မြန်မာနိုင်ငံ၏ အခြေအနေသည် တစထက်တစ စိတ်ပူစရာကောင်းလောက်အောင် ဆုတ်ယုတ်လာနေကြောင်း၊ နိုင်ငံရေးအခြေအနေမှာ အလွန်ဆိုးဝါးနေပြီး ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအခြေအနေမှာလည်း အထူးစိုးရိမ်ဖွယ်ရာ အခြေအနေတွင် ကျရောက်နေကြောင်း၊ စစ်အုပ်စုအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဲန်အယ်လ်ဒီခေါင်းဆောင်များအား ချက်ချင်းပြန်လွှတ်ပေးရန် လိုအပ်နေကြောင်း တင်ပြသွားခဲ့သည်။

ထို့နောက် ဆက်လက်၍ John Negroponte က မြန်မာစစ်အုပ်စု အကြမ်းဖက်ကျူးလွန်ခဲ့သည့် မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးကြောင့် အမေရိကန်ပြည်ထောင်စုက အရေးယူတုံ့ပြန်မှုများကို ဆက်လက် ရှင်းပြသွားခဲ့သည်။

အလားတူ အခြားလုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ သံအမတ်ကြီးများကလည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို တင်ပြသွားခဲ့ကြပြီး မြန်မာစစ်အုပ်စုအပေါ် အမေရိကန်ပြည်ထောင်စုလို အရေးယူဆောင်ရွက်မှုများပြုလုပ်နေကြောင်း ပြောကြားခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် အများထင်ထားသလို တရုတ်နိုင်ငံက တစုံတရာဝင်ရောက် ပြောဆိုကန့်ကွက်မှုများ မပြုလုပ်ခဲ့သည့်အတွက် ထူးထူးခြားခြားဖြစ်နေသည်ဟုဆိုသည်။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် ယခုလို ထည့်သွင်းဆွေးနွေးခဲ့ကြသည့်အတွက် အင်မတန် ထူးခြားသည့်အချက်ဖြစ်ကြောင်း၊ အထွေထွေကဏ္ဍတွင် ဆွေးနွေးသည်ဆိုသော်လည်း ယခုဆွေးနွေးမှုကို ပထမအဆင့်အနေနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက လက်ခံရာရောက်ကြောင်း၊ ဆွေးနွေးမှုကို လက်ခံလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေပေါ် ကုလသမဂ္ဂက ပိုမိုပါဝင်ဆောင်ရွက်အရေးယူရန် ခြေလှမ်းပြင်ဆင်နေသည့် အဓိပ္ပာယ်ရောက်ပြီး မြန်မာ့နိုင်ငံရေးအခြေအနေ တိုးတက်လာ ပြောင်းလဲလာခြင်း မရှိဘဲ ပိုမိုဆိုးဝါးလာမည်ဆိုပါက အရေးယူဆောင်ရွက်မှုများ ပို၍မြင့်မားလာမည့် သဘောမျိုး သက်ရောက်ကြောင်း အမျိုးသားညွန့်ပေါင်းအစိုးရ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းက ပြောကြားသွားခဲ့သည်။

ယခုဆွေးနွေးမှုသည် မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တရပ်ရပ် ချမှတ်နိုင်သည့် ဆွေးနွေးမှုမျိုးမဟုတ်သော်လည်း မြန်မာ့ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူများအတွက် အောင်မြင်မှုတခုပင်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ချပြောဆိုသွားခဲ့သည်။ ❖



ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေး ကျင်းပနေစဉ်

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးပါက စစ်အုပ်စုကို ဆက်လက်ဖိအားပေးသွားရန် ဂျပန်နှင့် မလေး သဘောတူ

**ဇူလိုင်၊ (၁၀)ရက်။ [အေအက်ဖ်ပီ]**

ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရေးအတွက် နအဖစစ်အုပ်စုကို ဆက်လက်ဖိအားပေးသွားရန် ဂျပန်နှင့် မလေးရှားနိုင်ငံတို့ သဘောတူညီခဲ့ကြသည်။

ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိနှင့် မလေးရှားဒုဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီတို့ ဂျပန်နိုင်ငံတိုကျိုမြို့၌ မိနစ်(၃၀)ကြာ တွေ့ဆုံခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်များက ယခုလို သဘောတူညီလိုက်ခြင်းဖြစ်ကြောင်း တိုကျိုအခြေစိုက် အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။



ယခုနှစ်အတွင်း
မလေးရှားဝန်ကြီးချုပ် မဟာသီယာ၏
ရာထူးကို ဆက်ခံမည့်
ဒုတိယဝန်ကြီးချုပ်
အဗ္ဗဒူလာအာမက်ဘာဒါဝီ

ယခုနှစ် အောက်တိုဘာလတွင် လက်ရှိမလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီယာ၏ နေရာကို ဆက်ခံတော့မည့် မလေးရှားဒုဝန်ကြီးချုပ် ဘာဒါဝီက လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေသည် လိုလားဖွယ်မရှိကြောင်း ပြောဆိုခဲ့သည်။ မစ္စတာဘာဒါဝီက ယခုလို ပြောဆိုခြင်းသည် သူတပါးပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ဘဲ အိမ်နီးချင်း မိတ်ဆွေကောင်းတဦးအနေဖြင့် အလေးထား စဉ်းစားခြင်းဖြစ်သည်ကို နားလည်စေလိုကြောင်း ပြောဆိုသည်။

ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေဖြင့် ဂျပန်၏ အကူအညီကို ပြန်လည်ရရှိရန် ဒီမိုကရေစီစနစ် ကျင့်သုံးဖို့ လိုအပ်ကြောင်း ပြောဆိုခဲ့ပြီး မြန်မာအစိုးရက အကူအညီပေးရန် အခြေအနေမျိုးကို ဖန်တီးရန် လိုအပ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ သဘောထားတွေကိုလည်း နားထောင်ဖို့ လိုတယ်ဟု ဆက်လက်ပြောကြားသွားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

❖

# နိုင်ငံတကာ

## အီရတ်တွင် အသစ်တင်မြှောက်လိုက်သည့် အမေရိကန်ရုပ်သေးကောင်စီအား ဆန္ဒပြကြ

အမေရိကန်ဦးဆောင်သည့် ဝင်ရောက်သိမ်းပိုက်ထားသော တပ်ဖွဲ့များအား အလိုမကျသည့်စိတ်ဓာတ်များ အီရတ်ပြည်သူများအကြားတွင် တိုးပွားလာနေခြင်းအား ထုတ်ဖော်ပြသသည့် နောက်ထပ်သင်္ကေတအဖြစ် ဘဂ္ဂဒက်တောင်ပိုင်းရှိ ရှီဟိုက် မူဆလင်တို့၏ အထွတ်အမြတ်နေရာဖြစ်သည့် မြို့တော်နာဂျတ်ဖ်တွင် ဆန္ဒပြသူ(၁၀၀၀၀)ခန့်သည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ အော်ဟစ်ကာ စုရုံးဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများသည် မြို့တော်ရှိ အမေရိကန်စစ်ဌာနချုပ်သို့ ချီတက်ခဲ့ရာ အမေရိကန်စစ်သားများက ပိတ်ဆို့တားဆီးခဲ့ကြပြီး အကြမ်းဖက်မှုများဖြစ်ပွားခြင်းမရှိဟု သတင်းများက ဖော်ပြကြသည်။

ဤချီတက်ဆန္ဒပြပွဲသည် ထင်ရှားသော ဘာသာရေးခေါင်းဆောင် မော့တာဒါ



အယ်လ်ဆာဒ်(Moztada al-Sadr)၏ (၁၉)ရက်နေ့က တရားဟောပြောမှုနောက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းက အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဖွဲ့ပေးခဲ့သော အီရတ်အုပ်ချုပ်ရေးကောင်စီအား ဝေဖန်ပြောကြားခဲ့ပြီး အစ္စလာမ်တပ်မတော် ထူထောင်ရေးကို တောင်းဆိုခဲ့သည်။ အမေရိကန်စစ်သားများသည် အယ်လ်ဆာဒ်၏ နေအိမ်အား ဝိုင်းထားကြသည်ဟု ဘဂ္ဂဒက်တွင် ဆန္ဒပြသူများက (၂၀)ရက်နေ့က စွပ်စွဲခဲ့သည်။ ဤစွပ်စွဲချက်ကို ညွန့်ပေါင်းတပ်ဖွဲ့များက ငြင်းဆိုခဲ့သည်။

နာဂျတ်ဖ် စုရုံးဆန္ဒပြပွဲသည် အီရတ်အုပ်ချုပ်ရေးကောင်စီ၌ တဦးတည်းခေါင်းဆောင်ကို မရွေးချယ်ခဲ့ဘဲ (၃)ဦး အလှည့်ကျအုပ်ချုပ်သည့် ခေါင်းဆောင်မှုအဖွဲ့အား ရွေးချယ်လိုက်အပြီး နောက်တရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ “ဒီကောင်စီမှာ တဦးတည်းသောခေါင်းဆောင်ကို မရွေးချယ်နိုင်တာဟာ အားနည်းချက်ဖြစ်တယ်လို့ပဲ ပြောရပါလိမ့်မယ်”ဟု ဘီဘီစီသတင်းထောက် ဂျွန်နီဒိုင်မွန်(Jonny Dymond)က ဘဂ္ဂဒက်၌ ပြောကြားလိုက်သည်။ ❖

## အီရတ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွင် ပါဝင်ရန် အမေရိကန်၏ တောင်းဆိုမှုအား အိန္ဒိယမှ ပယ်ချ

**ဇူလိုင်၊ (၁၅)ရက်။ [သည်နေ့ရှင်း]**

ဒီလိုတပ်ဖြန့်ထားရှိတာဟာ အမေရိကန်ပြည်ထောင်စုရဲ့ လုပ်ပိုင်ခွင့်အောက်မှာသာ စဉ်းစားရမှာဖြစ်ပါတယ်ဟု ပြောဆိုလိုက်ပြီး အီရတ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန် တပ်သားများ စေလွှတ်ရေး အမေရိကန်၏ တောင်းဆိုမှုအား အိန္ဒိယအစိုးရက ပယ်ချခဲ့သည်။ “ဒီရည်ရွယ်ချက်အတွက် ကုလသမဂ္ဂရဲ့ လုပ်ပိုင်ခွင့် ရှင်းရှင်းလင်းလင်းဖြစ်မှသာ ကျနော်တို့ရဲ့တပ်တွေ ဖြန့်ထားဖို့ကို အစိုးရက စဉ်းစားနိုင်မယ်”ဟု ဝန်ကြီးများအဖွဲ့နှင့် လုံခြုံရေးအရာရှိများ အစည်းအဝေးအပြီး၌ ပြည်ပရေးရာဝန်ကြီး Yashwant Sinha က ကြေညာခဲ့သည်။



**အိန္ဒိယပြည်ပရေးရာဝန်ကြီး ယတ်စ်ဝန့်ဆင်ဟာ**

“အမေရိကန်ပြည်ထောင်စုနဲ့ ကျနော်တို့အကြား တိုးတက်လာနေတဲ့ တွေ့ဆုံဆွေးနွေးမှုနဲ့ ခိုင်မြဲတဲ့ဆက်ဆံရေးတွေလိုပဲ၊ ကျနော်တို့ရဲ့ ရေရှည် အမျိုးသားအကျိုးစီးပွား၊ အီရတ်ပြည်သူတွေအတွက် စိုးရိမ်ပူပန်မှု၊ ပင်လယ်ကွေ့ဒေသနဲ့ ကျနော်တို့ရဲ့ တည်ရှိနေတဲ့ဆက်ဆံရေးတွေဟာ ဒီ စဉ်းစားမှုမှာ အဓိကအစိတ်အပိုင်းတွေဖြစ်ပါတယ်”ဟု ကြေညာချက်အား ဖတ်ကြားပြီး Mr. Sinha က ပြောကြားခဲ့သည်။

ဒီဆုံးဖြတ်ချက်ဟာ အမေရိကန်နဲ့ အိန္ဒိယဆက်ဆံရေးအပေါ်မှာ ဘယ်လိုနည်းနဲ့မှ ပတ်သက်လိမ့်မှာ မဟုတ်ပါဘူးဟု အမေရိကန်သံရုံးက ပြောကြားခဲ့သည်။ “အတိတ်တုန်းက ကျနော်တို့ ပြောခဲ့သလိုပဲ၊ ဒါက အိန္ဒိယအစိုးရ လုပ်ရမယ့် ဆုံးဖြတ်ချက်ပဲဖြစ်တယ်”ဟု ပြောရေးဆိုခွင့်ရှိသူ David Kennedy က ပြောကြားခဲ့သည်။ လွန်ခဲ့သည့်လက အိန္ဒိယ ဒုဝန်ကြီးချုပ် Lal Krishna Advani ဝါရှင်တန်သို့ အလည်အပတ်ရောက်ရှိစဉ်က ဤ ငြိမ်းချမ်းရေးထိန်းသိမ်းသည့်စစ်သည်များ စေလွှတ်ရန် အမေရိကန်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ဤကိစ္စအား အီရတ်၏ အိမ်နီးချင်းနိုင်ငံများအား တိုင်ပင်ပြီးမှသာလျှင် ဆုံးဖြတ်ချက်ချမှာဖြစ်ကြောင်း နယူးဒေလီအနေဖြင့် ပြောကြားလိုက်ပြီး ဖြစ်သည်။ ❖

## သတင်းတိုထွာ

### ဟောင်ကောင်သပိတ်

**ဇူလိုင်၊ (၂၁)ရက်။ [ရိုက်တာ]**

အစိုးရ၏ အဖျက်အမှောင့် ဆန့်ကျင်ရေးဥပဒေကြမ်းအား ကန့်ကွက်ရှုတ်ချရန်အတွက် ဟောင်ကောင်လူထု (၅)သိန်းခန့်သည် “တုံချီးဟွာ ဆင်းပေး”ဟု ကြွေးကြော်သံများ ကြွေးကြော်ကာ မြို့တော်ဗဟိုတွင် စုရုံးခဲ့ပြီး ဥပဒေပြု အဆောက်အဦအား ဝိုင်းခဲ့ကြသည်။ အစိုးရသည် ပြည်သူလူထု၏ ဖိအားကို အလျှော့ပေးသည့်အနေဖြင့် ဥပဒေကြမ်းမှ အပိုဒ်တပိုဒ်ဖြစ်သည့် “ပြည်မကြီးတွင် လူဆိုးစာရင်း သတ်မှတ်ထားသူများဖြစ်ခဲ့လျှင် ထိုအုပ်စုများအား တားမြစ်ရန် ခွင့်ပြုသည်”ဆိုသည့်အပိုဒ်ကို ပြန်လည်ရုတ်သိမ်းပေးခဲ့သည်။

ထို့ပြင် ပြည်သူလူထု၏ အသံအား ပိုမိုနီးနီးကပ်ကပ် နားထောင်ရန်အတွက် ဥပဒေကြမ်းအား ရွှေ့ဆိုင်းပေးရန်(၂၁-၇-၂၀၀၃)က သဘောတူခဲ့သည်။ “ကျနော်တို့ရည်မှန်းချက်ကတော့ ရှင်းပါတယ်၊ ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ ယုံကြည်မှု ပြန်ရဖို့ပါပဲ”ဟု တုံချီးဟွာကလည်း ပြောကြားခဲ့သည်။

ဆန္ဒပြသူများထဲတွင် ဖာလွန်ဂေါင်းဂိုဏ်းသားများ ပါဝင်ကြသည်။ ၎င်းတို့ကို ပြည်မကြီးတွင် တရားမဝင် သတ်မှတ်ထားသော်လည်း ဟောင်ကောင်တွင်မူ ဥပဒေအရ တည်ရှိနေနိုင်သေးသည်။ ❖

### ဗီယက်နမ်နိုင်ငံ

**ဇူလိုင်၊ (၁၂)ရက်။ [သည်နေ့ရှင်း]**

အစိုးရအား ဒေါ်လာသန်းပေါင်း(၃၅၀)ကျော် လိမ်ညာမှုဖြင့် တရားစွဲဆိုခြင်းခံရသည့် လုပ်ငန်းရှင်တဦးနှင့် ဘဏ်အရာရှိတဦးအား ဟိုချီမင်းမြို့တော်တွင် သေနတ်ဖြင့် ပစ်ခတ်ပြီး အဆုံးစီရင်လိုက်သည်ဟု အရာရှိများက ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံတွင်းသို့ ဘိန်းဖြူများ တင်သွင်းနေသည့် နိုင်ငံလွှန် မူးယစ်ဆေးဝါးဂိုဏ်း၏ အစိတ်အပိုင်းတရပ် ဖြစ်သည်ဟု စွပ်စွဲပြီး မာတင်ဖမ်း(၄၆ နှစ်)အား ကမ္ဘောဒီးယားနိုင်ငံတွင်းသို့ ဝင်ရောက်သည့် MocBai နယ်စပ်တွင် ဗီယက်နမ် ရဲများက ဖမ်းဆီးခဲ့သည်။ ၎င်းသည် မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးခံရသည့် ဒုတိယမြောက် ဩစတြေးလျနိုင်ငံသားဖြစ်သည်ဟု သတင်းများက ဖော်ပြကြသည်။ ❖

### အီရတ်စစ်ပွဲအပြီးအမေရိကန်အတွင်းရေး

**ဇူလိုင်၊ (၂၁)ရက်။**

အီရတ်သည် အာဖရိကမှ ယူရေနီယံများ ဝယ်ယူရန် ကြိုးပမ်းနေသည်ဆိုသည့် ပြောဆိုမှုအား မှားယွင်းကြောင်း သမတဘုရှ်က ဝန်ခံလိုက်သည်။ ၎င်း၏ ပြောဆိုချက်သည် အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (CIA)၏ အတည်ပြုချက်ဖြင့် ပြောဆိုခြင်းဖြစ်ကြောင်း ထုတ်ဖော်ကာ (CIA)အား လက်ညှိုးထိုးလိုက်သည်။ ❖

## ထိုင်းနိုင်ငံ တောင်ပိုင်း မူဆလင်များအရေး

**ဇူလိုင်၊ (၁၂)ရက်။ [သည်နေ့ရှင်း]**

တောင်ပိုင်းမူဆလင် ခွဲထွက်ရေးအုပ်စုများမှ အဓိကခေါင်းဆောင်များသည် ၎င်းတို့၏ လက်နက်ကိုင်တိုက်ပွဲအတွက် ရန်ပုံငွေရှာဖွေရေး ဖောင်ဒေးရှင်းတခု ထူထောင်ရန် မလေးရှားတွင် စုရုံးစီမံနေသည်ဟု နယ်စပ်သတင်းရပ်ကွက်က ပြောကြားခဲ့သည်။ ပတ်ထနီဒေသတွင် ဆူလတန်အုပ်စိုးမှု အဆုံးသတ်ခဲ့သည့် (၁၀၁)နှစ်မြောက်အထိမ်းအမှတ်အဖြစ် လွန်ခဲ့သည့် သီတင်းပတ်က မလေးရှားနိုင်ငံတွင် စုရုံးခဲ့ကြခြင်းလည်းဖြစ်သည်ဟု ယင်းသတင်းရပ်ကွက်က ပြောကြားခဲ့သည်။ ဇူလိုင်(၃)ရက်က ပတ်ထနီ ရဲစစ်ဆေးရေးဂိတ်အား ခွဲထွက်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ရဲ(၅)ဦးနှင့် အရပ်သား (၁)ဦး သေဆုံးခဲ့သည်။ ❖

## အိန္ဒိယ-ပါကစ္စတန် ပြဿနာ

**ဇူလိုင်၊ (၁၂)ရက်။ [သည်နေ့ရှင်း]**

တင်းမာနေသည့် စစ်ရေးအခြေအနေများကြောင့် တနှစ်ကျော် ကြာပြီးနောက်ပိုင်း၌ အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော် ဘတ်စ်ကားပြေးဆွဲရေးလုပ်ငန်းများ ပြန်လည်စတင်လိုက်ပြီဖြစ်သည်။ မူဆလင်အများစုနေထိုင်သည့် ကက်ရှ်မီးယားဒေသ၌ (၁၃)နှစ်ကြာ ပုန်ကန်မှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ပါကစ္စတန်က ငြင်းဆိုပြီး ၎င်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုသည့် တိုက်ပွဲတွင် ကက်ရှ်မီးယား ပြည်သူများအား သံတမန်ရေးအရ ထောက်ခံမှုကိုသာ ပေးခဲ့ကြောင်း ပြောဆိုခဲ့သည်။ ❖



**အိန္ဒိယ-ပါကစ္စတန်နယ်စပ်ရှိ အိန္ဒိယနယ်ခြားစောင့်တပ်သားများ**

## ပါလက်စတိုင်း-အစ္စရေးငြိမ်းချမ်းရေး

**ဇူလိုင်၊ (၂၁)ရက်။ [ရိုက်တာ]**

သက္ကရာဇ်(၂၀၀၅)ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေး အမေရိကန်၏ အဆိုပြုချက်ပုံကြမ်းအား အစ္စရေးဝန်ကြီးချုပ် အေရီရယ်ရှုရွန်မှ ကတိပေးခဲ့ခြင်းအားဖြင့် ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဖက်ကမ်းခြေတို့၌ (၃၃)လကြာဖြစ်ပွားခဲ့သည့် ပါလက်စတိုင်း ပုန်ကန်ထကြွမှုအား အဆုံးသတ်စေခဲ့သည်။ ဤငြိမ်းချမ်းရေး ပုံကြမ်းအား လူထုမှ ထောက်ခံလာစေရန်အတွက် ဂျေရုဆလမ် အကျဉ်းထောင်အတွင်းရှိ ပါလက်စတိုင်း (၆၀၀၀)အား လွှတ်ပေးဖို့ လိုအပ်ကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ် အဘတ်စ်က ပြောကြားလိုက်သည်။ ❖

## ကိုရီးယား ကျွန်းဆွယ်အရေး

**ဇူလိုင်၊ (၂၀)ရက်။ [ရိုက်တာ]**

“ကိုရီးယားကျွန်းဆွယ်ရဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်နေတာ မြောက်ကိုရီးယား မဟုတ်ပါဘူး၊ အမေရိကန်သာဖြစ်ပါတယ်” ဟု တောင်ကိုရီးယားတက္ကသိုလ် (Yonsei University) နိုင်ငံတကာဆက်ဆံရေးဌာနမှ ပါမောက္ခလီဂျွန်ဟွန်း (Lee Jung-hoon)က ပြောကြားခဲ့သည်။ တရုတ်သမတ ဟူကျင်တောင်နှင့် တောင်ကိုရီးယားသမတ နိုမြွန်ဟွန်းတို့သည် မြောက်ကိုရီးယား နျူကလီးယားအရေးနှင့်ပတ်သက်၍ ပီကင်း၌ တွေ့ဆုံဆွေးနွေးကြသည်။ တရုတ်သမတက မြောက်ကိုရီးယား၏ လုံခြုံရေးကို အာမခံရန် လိုအပ်ကြောင်း ပြောကြားလိုက်သည်။ မြောက်ကိုရီးယားအား ဆွေးနွေးပွဲများ ပြန်လည်စတင်ပြုလုပ်ရန် တွန်းအားပေးမည်ဖြစ်ကြောင်း အာမခံခဲ့သည်။ မြောက်ကိုရီးယားတို့ဘက်မှ မကျူးကျော်ရေးစာချုပ် ချုပ်ဆိုရန် အမေရိကန်ပြည်ထောင်စုအား ပြန်လည်တောင်းဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားအပေါ် ၎င်း၏ ရန်လိုမုန်းတီးမှုပေါ်လစီအား လျှော့ချပြီး မကျူးကျော်ရေးစာချုပ်အား အာမခံလျှင် အမေရိကန်ပြည်ထောင်စုအနေဖြင့် စိုးရိမ်ပူပန်မှု ရှိစရာမလိုကြောင်း မြောက်ကိုရီးယားက အာမခံ ပြောကြားခဲ့သည်။

❖



# နိုင်ငံတကာ

## ဗြိတိသျှအစိုးရအဖွဲ့၏ လိမ်ညာမှုကြီးကို ဖုံးကွယ်ရန်အတွက် နှုတ်ပိတ်ခံရခြင်းလော



ဒေါက်တာကယ်လီ

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ အထက်တန်းအကြံပေးအရာရှိဖြစ်သူ ဒေါက်တာကယ်လီ၏ အလောင်းအား (၁၈-၇-၀၃)နေ့က အနီးတွင် နာကျင်မှုပျောက်သည့်ဆေးတထုပ်၊ ဓားတချောင်းနှင့်အတူ ၎င်း၏ အောက်စ်ဖို့ဒ်ရှိုင်းယားရှိ နေအိမ်အနီး တောအုပ်ထဲတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လက်ကောက်ဝတ်အား လှီးဖြတ်ခြင်းကြောင့် သွေးလွန်ပြီး သေဆုံးကြောင်း ရဲများက အတည်ပြုပြောဆိုခဲ့သည်။

ဒေါက်တာကယ်လီ သေဆုံးမှုအတွက် ဝန်ကြီးချုပ်ရုံးအား ပြစ်တင်ပြောကြားပြီး တိုနီဘလဲ နုတ်ထွက်ပေးရန် အငြိမ်းစား အလုပ်သမားဝန်ကြီး ဂလင်ဒါဂျက်ဆန်က တောင်းဆိုလိုက်သည်။ "ဝန်ကြီးချုပ်ရုံးဟာ အီရတ်မှာရှိတဲ့ အစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ လက်နက်တွေ မတွေ့ရှိတာကို အာရုံလွှဲပြောင်းဖို့အတွက် ဘီဘီစီ သတင်းဌာနကို စစ်ပွဲတခုလို အသုံးပြုခဲ့တယ်"ဟု သူမက ပြောကြားခဲ့သည်။

ဒေါက်တာကယ်လီ သေဆုံးမှုအား စုံစမ်းရန် လော့ဟတ်တန် ဦးဆောင်သည့် လွတ်လပ်သည့် ဟတ်တန်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့လိုက်ပြီဖြစ်သည်။ "အဆုံးမှာတော့ အစိုးရတာဝန်ဟာ ကျနော့်တာဝန်ပါပဲ၊ တရားသူကြီးဟာ သူလိုချင်တဲ့ စာရွက်စာတမ်းတွေ၊ လူတွေ၊ အချက်အလက်တွေ မှန်သမျှ ရနိုင်လိမ့်မယ်ဆိုတာကို ကျနော့်အနေနဲ့ အာမခံနိုင်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ၎င်းကိုယ်တိုင်လည်း စုံစမ်းစစ်ဆေးမှုတွင် သက်သေခံမည်ဟု အခိုင်အမာ ပြောကြားခဲ့သည်။

အီရတ်အရေး ထောက်လှမ်းမှုအပေါ် အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုအား စုံစမ်းစစ်ဆေးရန်အတွက် ပါလီမန် ပြန်ခေါ်ပေးရန်နှင့် စုံစမ်းမှုများအား ထုတ်ပြန်ရန် လွှတ်တော်ခေါင်းဆောင် အီအိုင်ဒူကန်က တောင်းဆိုလိုက်သည်။ သို့သော် ဝန်ကြီးချုပ်က ပါလီမန် ပြန်ခေါ်ရေးဆိုတာဟာ အကောင်းထက် အဆိုးကိုသာဖြစ်စေမှာဖြစ်ကြောင်း ပြောဆိုပြီး ပယ်ချခဲ့သည်။ "ဒီစာတွဲက ဗြိတိသျှ၊ အမေရိကန်၊ သြစတြေးလျအစိုးရတွေကို စစ်ပွဲထဲမှာ အမြန်ဆုံးပါဝင်လာဖို့ တွန်းအားပေးခဲ့ပုံပေါ်တယ်"ဟု ယခင် လက်နက်စစ်ဆေးရေးမှူးဖြစ်သူ ရစ်ချတ်ဘတ်တလာက ပြောကြားခဲ့သည်။

စစ်ရေးအရ အရေးယူဆောင်ရွက်မှုပြုလုပ်ရာတွင် လူထုထောက်ခံမှု ပိုမိုရရှိစေရန် အီရတ်လက်နက်စစ်ဆေးရေးဆိုင်ရာ စာတွဲများ၌ပါသည့် အရေးအသားများကို ပိုမိုချဲ့ကားရေးသားခဲ့ခြင်းနှင့်ပတ်သက်ပြီး ၎င်းအနေဖြင့် အဓိကဖြစ်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ ဤကိစ္စများအား မစ္စတာဂီလီဂန်ကို ပြောပြီးဖြစ်ကြောင်းကိုလည်း ဒေါက်တာကယ်လီက လွန်ခဲ့သည့်အပတ်က ပါလီမန်အမတ်များကို ပြောကြားခဲ့သည်။ ဆန်းဒေးတိုင်းသတင်းစာကမူ ကာကွယ်ရေးဝန်ကြီးဌာနက သူ့နာမည်အား မသိမသာ ထုတ်ဖော်လိုက်ခြင်းကြောင့် ဒေါက်တာကယ်လီအနေဖြင့် သစ္စာဖောက်ခံရသလို ခံစားရကြောင်း၊ အီရတ်လက်နက်ကိစ္စတွင် အဓိကနေရာတွင် ပါဝင်သူအဖြစ် သူ့အား ဖိအားပေး မေးမြန်းခြင်းကို သည်းခံနိုင်ခြင်း မရှိတော့ကြောင်း ၎င်းတို့၏ သတင်းထောက်တဦးအား ပြောကြားခဲ့သည်ဟု ဆိုသည်။

"မစ္စတာဂီလီဂန်ရဲ့ ဇာတ်လမ်းမှာ ဒေါက်တာကယ်လီဟာ အဓိက တာဝန်ရှိသူဖြစ်တယ်"ဟု ဘီဘီစီက အခိုင်အမာ ပြောဆိုခဲ့ခြင်းများကြောင့် ဤအရေးနှင့် ပတ်သက်ပြီး ဗြိတိသျှအစိုးရအဖွဲ့အတွင်း ပြဿနာများစွာ တက်လာခြင်းသည်။

"ဆက်ဒမ်ဟူစိန်ရဲ့ စစ်ရေးစီမံကိန်းမှာ အစုလိုက်အပြုံလိုက် သေစေနိုင်တဲ့လက်နက်တွေကို (၄၅)မိနစ်အတွင်း အသင့်အသုံးပြုနိုင်ဖို့ စီစဉ်နိုင်တယ်ဆိုတာကို လက်နက်စစ်ဆေးရေးစာတွဲထဲမှာ ကျနော်တို့ သဘောမတူဘဲ ထည့်သွင်းဖော်ပြထားခဲ့တယ်၊ ကျနော်တို့အနေနဲ့ ခိုင်လုံမှုမရှိလို့ မထည့်ခဲ့တာပဲ"ဟု အထက်တန်းအရာရှိက ၎င်းအား ပြောပြခဲ့ကြောင်းကို မစ္စတာဂီလီဂန်က အစီရင်ခံစာတွင် ပြောကြားခဲ့သည်။

အီရတ်ရှိ အစုလိုက်အပြုံလိုက် သေစေနိုင်သည့် လက်နက်စစ်ဆေးမှု စာတွဲနှင့် ပတ်သက်သည့် ဝန်ကြီးချုပ်ရုံး၏ အငြင်းပွားဖွယ် အစီရင်ခံစာကိစ္စ၌ ဒေါက်တာကယ်လီသည် အဓိကတာဝန်ရှိသူဖြစ်သည်ဟု ဘီဘီစီ သတင်းဌာနက ဇူလိုင်လ (၂၀)ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းအစီရင်ခံစာမှာ ဗြိတိသျှအစိုးရအနေဖြင့် အီရတ်အား ကျူးကျော်သည့် စစ်ပွဲထဲသို့ ပါဝင်ရာတွင် လူထုထောက်ခံမှုရရှိစေရေး ကြိုးပမ်းရာ၌ အဓိကကျသည့် အစီရင်ခံစာဖြစ်သည်။ ❖

## အီရတ်တွင် အမေရိကန်စစ်သားများ ချောက်ချားနေခြင်း

ဇူလိုင်၊ (၂၇)ရက်။ [အေပီ]

"လမ်းဘေးကနေ ဗုံးတွေနဲ့ တိုက်ခိုက်တာ၊ လောင်ချာတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတွေဟာ အီရတ်မှာရှိတဲ့ အမေရိကန်စစ်သားတွေ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်"ဟု ဘီဘီစီသတင်းထောက် ပေါဝုဒ်က ပြောကြားလိုက်သည်။ ယမန်နေ့(၂၆)ရက်က ဘဂ္ဂဒက်မြောက်ဘက်တွင် ထပ်မံတိုက်ခိုက်ခံရပြီး (၃)ဦး ထပ်မံကျဆုံးသွားခဲ့ရာ စုစုပေါင်းကျဆုံးမှုမှာ အီရတ်စစ်ပွဲ စတင်ချိန်မှဆိုလျှင် (၁၆၃)ဦးရှိပြီဖြစ်ပြီး၊ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲ၌ ကျဆုံးခဲ့သည့် စုစုပေါင်း အမေရိကန်စစ်သားဦးရေ(၁၄၇)ဦးထက် (၁၆)ဦး ပိုများကြောင်း သတင်းများအရ သိရှိရသည်။

မေလ(၁)ရက်၌ သမတဘုရှ်က အဓိက စစ်ဆင်ရေးပြီးဆုံးပြီဟု ကြေညာပြီးနောက်ပိုင်း အမေရိကန်စစ်သား ကျဆုံးသည်မှာ (၄၉)ဦးမြောက် ရှိပြီဖြစ်ပြီး၊ အင်္ဂါနေ့ (၂၂-၇-၂၀၀၃)နေ့က ဆက်ဒမ်ဟူစိန်၏ သားနှစ်ဦးဖြစ်သည့် အူဒေးနှင့် ကျူဆေး ကျဆုံးပြီးချိန်မှစ၍ (၄)ရက်အတွင်းမှာပင် စုစုပေါင်း ကျဆုံးသည့် အမေရိကန်စစ်သားပေါင်းမှာ (၁၀)ဦးရှိသွားပြီဖြစ်ကြောင်း သတင်းများက ဖော်ပြကြသည်။

အများဆုံးသေကြေဒဏ်ရာရသည့်တပ်ဖွဲ့မှာ တက်ကဆက်မှ အမှတ်(၅၀၇) ထိန်းသိမ်းရေးတပ်ခွဲဖြစ်ပြီး စုစုပေါင်း(၁၁)ဦး သေပြီး (၉)ဦးဒဏ်ရာရရှိခဲ့ပြီးဖြစ်သည်။ နာဆီရိရာတွင် ဖြစ်ပွားသည့် မိနစ်(၉၀)ကြာ တိုက်ပွဲ၌ အမ်(၁၆) သေနတ်အများစုနှင့် စက်သေနတ်နှစ်မျိုးမှာ ဂျမ်းဖြစ်နေကြပြီး တပ်သားများ ပင်ပမ်းနွမ်းနယ်နေကြောင်း၊ ကြမ်းတမ်းသော သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် ပတ်ဝန်းကျင်တွင် အထီးကျန်ဖြစ်နေကြကြောင်း စုံစမ်းစစ်ဆေးမှု အစီရင်ခံစာမူကြမ်းတွင် ဖော်ပြခဲ့သည်။

"ဒီပြောက်ကျားပုံစံတိုက်ခိုက်မှုကို ပိတ်ဆို့ဖို့ အချိန်အချို့ ယူရလိမ့်မယ်၊ ဒါဟာ အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါဘရင်မာနဲ့ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖဲလ်တို့ရဲ့ အကဲဖြတ်ချက်တွေကို တုံ့ပြန်တာပဲဖြစ်ပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်က စနေနေ့က အသိအမှတ်ပြု ပြောကြားခဲ့သည်။

မတ်လ(၂၀)ရက် စစ်ပွဲစတင်ချိန်မှ အီရတ်အရပ်သားများ သေဆုံးမှုမှာ(၆၀၀၀) နှင့် (၇၈၀၀)ကြားတွင်ရှိမည်ဟု ယုံကြည်ရကြောင်း၊ စာရင်းအတိအကျမသိရကြောင်း၊ အဓိကတိုက်ခိုက်မှု ပြီးဆုံးချိန်နောက်ပိုင်းတွင်လည်း အများအပြား ဆက်လက်အသတ်ခံရမှုများရှိကြောင်းလည်း သတင်းများက ပြောဆိုကြသည်။

အီရတ်ရှိ အမေရိကန်စစ်ဌာနချုပ်၏ စစ်ဦးစီးချုပ်အသစ်ဖြစ်သူ ဗိုလ်ချုပ်ကြီး ဂျွန်အဘစ်ဇိတ်က "အမေရိကန်စစ်သားများနှင့် အလုပ်အတူလုပ်ရန် အီရတ်အရပ်သား ကာကွယ်ရေးတပ်ဖွဲ့ဖွဲ့ရန် စီမံနေသည်၊ အမေရိကန် သမားရိုးကျတပ်ဖွဲ့တွေက ဒီတပ်ရင်းတွေကို လေ့ကျင့်ပေးရမယ်၊ (၄၅)ရက်အတွင်းမှာ တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နိုင်လိမ့်မယ်"ဟု ၎င်း၏ ဘဂ္ဂဒက် အလည်အပတ်ခရီးစဉ်တွင် ပြောကြားခဲ့သည်။ ❖



အမေရိကန်စစ်သည်တဦး ချောင်းမြောင်းပစ်ခတ်ခံရပြီး သေဆုံးနေစဉ်



အမေရိကန် စစ်ထရပ်ကားနှစ်စင်း ချောင်းမြောင်းပစ်ခတ်ခံရပြီး ပျက်စီးနေစဉ်

## ၂၀၀၄ မြွေဟောက် စစ်လေ့ကျင့်ရေးတွင် ပါဝင်ရန် ဂျပန်၏ ကြိုးပမ်းမှု မသေချာ နိုင်ငံခြားရပ်ခြားတွင် စစ်ရေးဆောင်ရွက်မှုများကို စာချုပ်က တားမြစ်

ဇူလိုင်၊ (၁၅)ရက်။ [သည်နေးရှင်း]

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်နှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ရွှေမြွေဟောက်စစ်ဆင်ရေး (Cobra gold 2004)တွင် ဂျပန်နိုင်ငံ ပါဝင်မှုအား တားမြစ်နိုင်လိမ့်မည်ဟု အထက်တန်းသတင်းရပ်ကွက်က ပြောဆိုခဲ့သည်။

ထိုင်း၊ အမေရိကန်နှင့် စင်္ကာပူတို့ ပါဝင်သည့် နှစ်စဉ် စစ်ရေးလေ့ကျင့်မှုတွင် စတုတ္ထမြောက်နိုင်ငံအဖြစ် ပါဝင်လာရန် ဂျပန်က ကြိုးပမ်းဆောင်ရွက်လာသည့် နောက်ပိုင်းတွင် ဖွဲ့စည်းပုံဆိုင်ရာ ပြဿနာအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ၎င်း၏စစ်တပ်များအား နိုင်ငံခြားစစ်ဆင်ရေးများတွင် ပါဝင်ခြင်းမှ တားမြစ်ထားသည့်အတွက် သံသယများ တိုးပွားလာခြင်းဖြစ်သည်။ သို့ရာတွင် ငြိမ်းချမ်းရေးဆောင်ရွက်ရန်အတွက်ဆိုလျှင်မူ ၎င်း၏တပ်များအား နိုင်ငံခြားသို့ စေလွှတ်ခြင်းအား တားမြစ်ခြင်း မပြုလုပ်နိုင်ပေ။

ရွှေမြွေဟောက်စစ်ဆင်ရေး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းရေးဖော်ဆောင်ရန်ဖြစ်သည်ဆိုခြင်းကို အငြင်းပွားနိုင်သော်လည်း လေ့ကျင့်မှုတွင် အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးကဲ့သို့ စစ်ရေးထိုးစစ် အသွင်ဆောင်သည့် ဆောင်ရွက်မှုများ ပါဝင်သည်။ ဤသည်ကို ဂျပန်နိုင်ငံ၏ ပဋိညာဉ်စာတမ်းအား ချိုးဖောက်ခြင်းအဖြစ် ရှုမြင်နိုင်သည်။

"ငြိမ်းချမ်းရေးဖော်ဆောင်သည့် စစ်ဆင်ရေး" ရည်ရွယ်ချက်ရှိခြင်းကြောင့် လာမည့်နှစ် ရွှေမြွေဟောက်စစ်ဆင်ရေးတွင် ဂျပန်နိုင်ငံပါဝင်နိုင်မှု အခွင့်အလမ်းသည် ထိုစစ်ဆင်ရေးအား စည်းရုံးအကောင်အထည်ဖော်သူများ၏ ရည်ရွယ်ချက်အပေါ်တွင် အကြီးအကျယ် မှီခိုနေသည်ဟု သတင်းရပ်ကွက်က ပြောဆိုခဲ့သည်။ လွန်ခဲ့သည့် (၃)နှစ်က ဂျပန်နိုင်ငံသည် ဤစစ်လေ့ကျင့်ရေးတွင် အကဲခတ်လေ့လာသူအဖြစ် ပူးပေါင်းပါဝင်ခဲ့သည်။

နောက်နှစ် ရွှေမြွေဟောက်စစ်ဆင်ရေးတွင် ဂျပန်နိုင်ငံ ပါဝင်လာရန် ဝါရှင်တန်က ဆန္ဒရှိကြောင်းနှင့် ဤစစ်ဆင်ရေး၏ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် ရည်ရွယ်ချက်ကို ဝါရှင်တန်က ရှင်းရှင်းလင်းလင်းထုတ်ဖော်လိုသည်ဟု သတင်းရပ်ကွက်က ပြောဆိုခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယား ပြန့်ပွားရေးအား ဖြေရှင်းရာတွင် တိုကျိုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန်အတွက် ဝါရှင်တန်၏ အားထုတ်မှုကို ဤတိုက်တွန်းမှုက မီးမောင်းထိုးပြခဲ့သည်။ "နှစ်စဉ် စစ်ရေးလေ့ကျင့်မှုဟာ ငြိမ်းချမ်းရေး ထိန်းသိမ်းဖို့ကိုရည်ရွယ်တာပါ၊ ဘယ်နိုင်ငံကိုမှ ရန်လိုဖို့ ဒါမှမဟုတ် နယ်မြေတည့်တန့်ခိုင်မြဲရေးကို ခြိမ်းခြောက်ဖို့ ရည်ရွယ်တာ မဟုတ်ပါဘူး"ဟု ရွှေမြွေဟောက်စစ်ဆင်ရေးဒါရိုက်တာ ဗိုလ်ချုပ် Nipat Thonglek က ပြောကြားခဲ့သည်။

ဤစစ်လေ့ကျင့်မှုတွင် နိုင်ငံအားလုံးမှ ပါဝင်လိုသူများ၊ အကဲဖြတ်လေ့လာသူများအတွက် တံခါးဖွင့်ထားသည်။ ဂျပန်နိုင်ငံအပြင် ဖိလစ်ပိုင်နိုင်ငံကလည်း ပါဝင်ရန် စိတ်ဝင်စားသည်။ ❖

# ၁၉၉ဝ ပြည့် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေး လူထုအစိုးရပေါ်ထွန်းရေး အမေရိကန်ပြည်ထောင်စုက ဆောင်ရွက်ရန်ရှိ

**ဇူလိုင်၊ (၂၈)ရက်။**

မြန်မာနိုင်ငံတွင် ၁၉၉ဝ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အရ တရားဝင်ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်အစိုးရသစ်တရပ်ပေါ်ထွက်လာရေးကို အမေရိကန်ပြည်ထောင်စုက မည်သည့်နည်းနှင့်မဆို ဆောင်ရွက်သွားရန် အာသီသရှိနေကြောင်း မြန်မာ့အရေး အားပေးကူညီနေသူ မိုက်မစ်ချယ်က ပြောကြားလိုက်သည်။

IRI ခေါ် အပြည်ပြည်ဆိုင်ရာဌာန မြန်မာ့ရေးရာစီမံကိန်းတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မိုက်မစ်ချယ်က မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ဥပဒေမူကြမ်းသည် သမိုင်းဝင်ဖြစ်ရပ်တခုဖြစ်ကြောင်း ပြောဆိုခဲ့ပြီး အမေရိကန်ပြည်သူများက နအဖ စစ်အုပ်စုအပေါ် မည်မျှဒေါသထွက် စက်ဆုပ်ရွံရှာနေသည်ဆိုခြင်းကို စုပေါင်းပြသလိုက်ခြင်းဖြစ်သည်ဟု ဆိုလိုက်သည်။

၎င်းက အဆိုပါ ဥပဒေမူကြမ်းကြောင့် ပြည်သူလူထုကို ဖိနှိပ်ရာတွင် အသုံးပြုနေသည့် နအဖ၏ ဝင်ငွေ ဒေါ်လာသန်း(၄၅ဝ) ဆုံးရှုံးသွားပြီဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့သည်။ မိုက်မစ်ချယ်က လောလောဆယ် မြန်မာအလုပ်သမားများ ထိခိုက်နစ်နာသည့်အတွက် ဝမ်းနည်းပါကြောင်း၊ သို့ရာတွင် ယခုလို အနစ်နာခံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီအစိုးရ ပေါ်ထွန်းလာသည့်အခါ စီးပွားရေးအခွင့်အရေးနှင့် အလုပ်အကိုင်များ ရရှိလာရန် အမေရိကန်ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောဆိုခဲ့သည်။

မိုက်မစ်ချယ်က မြန်မာနိုင်ငံတွင် မေ(၃ဝ)ဒီပဲယင်းအရေးအခင်းအတွင်း သေဆုံးသွားခဲ့သူများနှင့်အတူ တွေ့ဆုံဆွေးနွေးရေးပျက်ပြားသွားပြီဖြစ်ရာ အစိုးရပြောင်းလဲရေးသာလျှင် မြန်မာနိုင်ငံ၏ ထွက်ပေါက်ဖြစ်သည်ဟု ထောက်ပြခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုက ၁၉၉ဝ ပြည့် ရွေးကောက်ပွဲတွင် တရားဝင် ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် အစိုးရသစ်တရပ်ပေါ်ထွန်းလာရေးကို မည်သည့်နည်းနှင့်မဆို ဆောင်ရွက်သွားရန် အလေးအနက် ပြောဆိုသွားသည်။

၎င်းက စစ်အစိုးရ ပြုတ်ကျစေရေးအတွက် စဉ်းစားမနေဘဲ အလုပ်စလုပ်ပါလို့ ပြောဆိုလိုက်ပြီး ပြည်သူလူထုအနေဖြင့် လမ်းမပေါ်ထွက် ဆန္ဒပြရမည်ဟု ဆိုလိုရင်းမဟုတ်ကြောင်း၊ လူတိုင်းသည် စစ်အစိုးရအုပ်ချုပ်မှုကို တတ်နိုင်သည့်နည်းဖြင့် ဆန့်ကျင်နေမည်ဖြစ်ပြီး၊ စစ်အစိုးရ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း မပြုလုပ်ရန် လိုကြောင်း သတိပေးစကား ဆိုခဲ့သည်။

မိုက်မစ်ချယ်က စစ်အစိုးရ အာဏာလက်လွှတ်ရေးအတွက် ပြည်တွင်းဖိအားသည် အဓိကကျကြောင်း ပြောဆိုခဲ့ပြီး၊ ဗိုလ်ချုပ်ကြီးများသည် ပြည်သူ၏ ထောက်ခံမှုကို မရရှိရုံမက တပ်မတော်သားများ၏ ထောက်ခံမှုကိုပါ မရရှိတော့သည်ကို ၉ဝ ပြည့် ရွေးကောက်ပွဲကာလကပင် သိနိုင်ကြောင်း ပြောဆိုသွားခဲ့သည်။ ❖

## မြန်မာပြည် အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းပြမြေပုံ... မှ

မြေပုံကိစ္စသည် စဉ်းစားရွေးချယ်နိုင်စရာကိစ္စတခုဟု မြင်ကြောင်း၊ ရပ်တန့်နေသည်ထက် လှေလာခွင့်ရပြီး စဉ်းစားရပါက ပိုမိုကောင်းမွန်ကြောင်း၊ သို့ရာတွင် အဆိုပါစီမံကိန်း၏ လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ချက်များကို မိမိတို့ သိခွင့်ရရန် လိုအပ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ အထွေထွေအတွင်းရေးမှူး ရီမွန်ထူးက မြန်မာနိုင်ငံရေးအခြေအနေကို သွားရောက်ဆွေးနွေးနိုင်ပါက ကောင်းမွန်သည်ဟု ယူဆသည့်အတွက် ကြိုဆိုပါကြောင်း၊ မြန်မာ့နိုင်ငံရေးအခြေအနေသည် ဆွေးနွေးရေးနှင့်သာ အဖြေရှာနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းသည့်အခါ ကာယကံရှင်များ၏ ဆန္ဒနှင့်အညီဖြစ်ရမည်ဆိုသည့်အချက်ကို အခြေခံမူသဘောအဖြစ် ထားရှိရမည်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

အဆိုပါ လမ်းပြမြေပုံနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားကောင်စီက ကြေညာချက်တစောင် ထုတ်ပြန်ရာတွင် လမ်းညွှန်မြေပုံတခု ရေးဆွဲရာ၌ အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးစုံပြည်သူများ၏ ဆန္ဒနှင့် ပါဝင်ခွင့်ကို အလေးထားဖော်ဆောင်မှုသည်သာ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်စေလိမ့်မည်ဟု ဖော်ပြခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပဲခူးတိုင်း တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်မှ "ထိုင်းဆန့်ကျင်ရေးကို ဗမာက လုပ်ပြီး၊ ထိုင်းကလည်း ဗမာဆန့်ကျင်ရေးကို လုပ်နေတာဖြစ်တယ်၊ ထိုင်းကတင်လာတဲ့ Road Map ကို တစ်ကနေ စရရင် ဘယ်သူမှ လက်မခံ၊ ထိုင်းနိုင်ငံက ဗမာ့အကျိုး လိုလားရင် ဘာ့ကြောင့် ဒုက္ခသည်တွေကို ဖိနှိပ်နေရသလဲ၊ ထိုင်းနိုင်ငံ ဘာလဲ ဘယ်လဲ မေးချင်တယ်၊ ကုလသမဂ္ဂက စဉ်းစားတာ လက်ခံသင့်တယ်"ဟု ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးတဦးဖြစ်သူ ဒေါက်တာစန်းအောင်ကလည်း Road Map ဆိုတာ မြန်မာအင်အားစုတွေက ညှိနှိုင်း ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တယ်၊ အပြင်က မလုပ်သင့်၊ ယခုအချိန်မှာ UN က တာဝန်ယူဆောင်ရွက်နေတာပဲ၊ Road Map ကို ထိုင်းက နအဖကို ပေးပြီးပြီဟု သိရ၊ ဒါပေမယ့် ဒီမိုကရေစီနဲ့ တိုင်းရင်းသားအင်အားစုများက ဘာမှ မသိရသေး၊ ဒီလို မဖြစ်သင့်ဟု ပြောကြားသွားခဲ့သည်။

❖

# ရင်းနှီးမြှုပ်နှံလိုသူများ မြန်မာကို ရှောင်ကြတော့မည် ဗိုလ်ချုပ်ကြီးများ အရှိုက်ထိုးခံလိုက်ရပြီ



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

**ဇူလိုင်၊ (၁၇)ရက်။**

"၂ဝဝ၃ ခုနှစ် မြန်မာနိုင်ငံ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ အက်ဥပဒေမူကြမ်း"ဟု အမည်ရသည့် မြန်မာစစ်အုပ်စုအပေါ် အရေးယူပိတ်ဆို့သည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်တရပ်ကို မကြာမီကာလအတွင်း သမတဘုရှ်က အတည်ပြုလက်မှတ်ရေးထိုးတော့မည်ဖြစ်ရာ ပြင်းထန်သည့် အဆိုပါအရေးယူမှုသည် နအဖဗိုလ်ချုပ်ကြီးများ၏ အရှိုက်ကို ထိုးနှက်လိုက်ရာရောက်ကြောင်း အမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ကောက်ချက်ချပြောဆိုလိုက်သည်။

ဒေါက်တာစိန်ဝင်းက အင်မတန် အရေးပါတဲ့ အက်ဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် အမေရိကန်အစိုးရအနေဖြင့် ဒီမိုကရေစီရေး ကြိုးပမ်းနေသည့် ပြည်သူလူထု၊ အဲန်အယ်လ်ဒီစသည်တို့နှင့် ကျနော်တို့အားလုံးကို အားတက်စေကြောင်း ပြောဆိုလိုက်ပြီး "ဗိုလ်ချုပ်ကြီးများကိုလည်း တကယ့်ကို အရှိုက်ကို ထိုးလိုက်သလို သူတို့ဆီကို ဝင်မယ့် ဝင်ငွေကို ပိတ်ပစ်လိုက်တာဖြစ်တယ်"ဟု ပြောကြားလိုက်သည်။

အလားတူ ပြည်တွင်းတုံ့ပြန်မှုတရပ်အဖြစ် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ကလည်း အဆိုပါ မူကြမ်းကို ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် ထိုဒဏ်ခတ်မှုများကြောင့် အထည်ချုပ်စက်ရုံအလုပ်သမား သုံးသိန်းခဲ့ကို ထိခိုက်နစ်နာနိုင်သည့်အတွက် ပြည်သူကို တိုက်ရိုက်မထိခိုက်နိုင်သည့် နည်းလမ်းများရှာကြံရန် ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေက "ဒါတွေဟာ ဗမာပြည်ဒီမိုကရေစီ ရရှိရေးအတွက် ဟိုဘက်က တတ်နိုင်သလောက် ဝက်အူကြပ်တာပေါ့။ ဒါပေမယ့် အဲဒီဝက်အူကြပ်တဲ့အထဲမှာ အစိုးရထက် ပြည်သူလူထုက ပိုခံရမှာ အန်ကယ်တို့က စိုးရိမ်နေတယ်။ အဲဒီ လူထု ဒုက္ခရောက်ဖို့ထက် လက်ရှိအာဏာရအစိုးရက ပြောင်းဖို့က အရေးကြီးတာကိုး။ အဲဒီတော့ လူထုလဲ ဒုက္ခမရောက်အောင်၊ အစိုးရလဲ ပြောင်းပေးအောင်၊ အဲဒီနည်းပဲရှာပြီး လုပ်ကြပါလို့" တိုက်တွန်းပြောဆိုသွားသည်။

သို့ရာတွင် သခင်သိန်းဖေက အလုပ်သမားများအနေဖြင့် ယခုပြဿနာကို အဖြေရှာကြသည့်အခါ ဘာကြောင့်ဖြစ်လာသည်ကို အဖြေရှာနိုင်လိမ့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်နေသူ စီးပွားရေးပညာရှင်တဦးဖြစ်သူ ဒေါက်တာဇော်ဦးက ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံမှ အမေရိကန်သို့ အဝတ်အထည်လုပ်ငန်း တင်သွင်းခြင်းမှ ဒေါ်လာငွေ သန်း(၄ဝဝ)နီးပါး ရရှိခဲ့ရာ ထိုဝင်ငွေသည် ပို့ကုန်အားလုံး၏ လေးပုံတပုံရှိကြောင်း၊ ထို့ကြောင့် ယခုလို ပိတ်ဆို့အရေးယူမှုသည် အင်မတန်ပြင်းထန်သည့် အရေးယူမှုဖြစ်ကြောင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် အခွင့်အလမ်းများ တနေ့တခြား ပိုမိုကျပ်တည်းလာသည်ကို ပြသရာရောက်သည့်အတွက် နောက်နောင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူများ ရှောင်သွားတော့မည် ဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။ ❖

# နိုင်ငံတကာဖိအားများလျော့ကျသွားရန် လှည့်စားချက်တရပ်အဖြစ် နအဖတပ်တွင်း အာဏာသိမ်းမှုတရပ် မကြာမီဖြစ်ပွားလာဖွယ်ရှိ

**ဇူလိုင်၊ (၂၃)ရက်။**

မေ(၃ဝ)ဒီပဲယင်းလုပ်ကြံမှုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းအတွက် နအဖစစ်တပ်အတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်နေပြီး နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရာထူးမှ ဖယ်ရှားပစ်ရန်အစီအစဉ်များ ရှိနေကြောင်း ဇူလိုင်လ (၂၁)ရက် ထိုင်းနိုင်ငံထုတ် နေရှင်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

နေရှင်းတွင် ဖော်ပြထားသည့်သတင်းတွင် ကျဉ်းထဲကျပ်ထဲ ရောက်ရှိနေသည့် မြန်မာ့နိုင်ငံရေးအခြေအနေကို ကျော်လွှားနိုင်ရန်အတွက် သဘောထားတင်းမာပြီး ခေါင်းမာသူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အာဏာမှ ဖယ်ရှားနိုင်ရန် နအဖအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် စစ်အရာရှိကြီးတချို့က စီစဉ်နေကြကြောင်း သတင်းရပ်ကွက်များ၏အဆိုကို ကိုးကား၍ နေးရှင်းသတင်းစာက ဖော်ပြထားသည်။ ထိုအစီအစဉ်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို လက်ရှိ နအဖအဖွဲ့တွင် လုပ်ပိုင်ခွင့်အာဏာ မပေးတော့ဘဲ ဟန်ပြအဖြစ်သာ ဆက်လက်ထားရှိရန်ဖြစ်ပြီး ဤကိစ္စသည် ယခုလာမည့် ရက်သတ္တပတ် တပတ်နှစ်ပတ်အတွင်းမှာပင် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ရေးသားဖော်ပြထားသည်။ မေ(၃ဝ) ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်မှုနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးမှုတို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမိန့်ပေးစေခိုင်းခဲ့ခြင်းဖြစ်ပြီး နအဖအပေါ် နိုင်ငံတကာက ဖိအားပေးမှုတွေ ပြုလုပ်လာသည့်အတွက် နအဖဗိုလ်ချုပ်ကြီးများက ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဝိုင်းဝန်းအပြစ်တင်ကြပြီး ယခုလိုပြုလုပ်ရန် စီစဉ်လာကြခြင်းဖြစ်သည်ဟုဆိုသည်။ တဖက်တွင်လည်း တပ်မတော် ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်သည့် စစ်အရာရှိတစုက ပြီးခဲ့သည့် ရက်များအတွင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နေ့စဉ်တွေ့ဆုံမှုများ ပြုလုပ်၍ လက်ရှိနိုင်ငံရေးပြဿနာများအပေါ် ဆွေးနွေးနေခဲ့သည်ဟု ရေးသားထားသည်။ ထိုသို့ တွေ့ဆုံရာမှာ ဒုတိယဗိုလ်ချုပ်ကြီးရွှေမန်းနှင့်အတူ နအဖအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗိုလ်ချုပ်ကျော်ဝင်းနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း စစ်ဆင်ရေးကွပ်ကဲရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့ ပါဝင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မကြာသေးခင် သီတင်းပတ်များက ထုတ်ဝေခဲ့သည့် အရှေ့အာရှစီးပွားရေးစာစောင် (Far Eastern Economic Review) တွင်လည်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောက မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြုမူဆက်ဆံနေပုံနှင့် ပတ်သက်၍ ၎င်းတို့အနေဖြင့် သဘောတူညီမှု မရှိကြောင်း ဒုဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ကုလအထူးကိုယ်စားလှယ် ရာဇာလီကို ပြောကြားခဲ့ကြောင်း ကိုးကားဖော်ပြထားသည်။ နအဖ၏ အာဘော်သတင်းစာ မြန်မာ့အလင်းတွင် ဆောင်းပါးရှင်တဦးက နအဖအပေါ် ပြည်တွင်းပြည်ပမှ နိုင်ငံရေးအရ ဖိအားပေးနေမှုများကြောင့် မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုများ ဖြစ်ပွားနိုင်ကြောင်း ရေးသားဖော်ပြခဲ့ပြီး မကြာမီ ယခုကဲ့သို့ ထပ်မံအာဏာသိမ်းမည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။



ဗိုလ်သန်းရွှေ
နအဖ ဥက္ကဋ္ဌရာထူးကို
နှုတ်ဆက်တော့မည်လော ...

ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးအကဲခတ်များက ပြောဆိုရာတွင် လက်ရှိမြန်မာ့နိုင်ငံရေး အကျပ်အတည်းနှင့် နိုင်ငံတကာဖိအားများ လျော့ကျသွားရန် ကြိုးပမ်းသည့်အနေနှင့် နိုင်ငံတကာကို လှည့်စားရန် နအဖက စစ်အာဏာသိမ်းမှုများ ထပ်မံပြုလုပ်လာနိုင်ကြောင်း သုံးသပ်နေကြသည်။

❖

# ဒီပဲယင်း လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ မကဒတ ဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း၏ ပြောကြားချက်



မြန်မာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
ဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်း

**နအဖ စစ်အုပ်စု၏ ရည်ရွယ်ချက်ရှိရှိ ပြင်ဆင်ဆောင်ရွက်ခဲ့တဲ့ ဒီပဲယင်းလုပ်ကြံမှုကြီး**

နယ်မြေ၊ အချိန်တို့ကို စနစ်တကျ ရွေးချယ်ပြီး သတ်ကွင်း ဖန်တီးခဲ့တာဖြစ်တယ်။ နယ်မြေအရ ခေါင်တယ်၊ ရွာစဉ် ပြတ်တယ်။ အခြားဒေသကို ဖုန်းဆက်သွယ်မှု လုံးဝ မပြုလုပ်နိုင်တဲ့နေရာဖြစ်တယ်။ ဒါတွေနဲ့ အဆက်ပြတ်တဲ့နေရာမှာ ဖန်တီးခဲ့တာဖြစ်တယ်။ ကြိုတင်ပြီးလည်း လမ်းကြောင်းတွေကို ပိတ်ဆို့ထားတယ်။

လုပ်ကြံမှုကြီးဖြစ်ပွားတဲ့ မေ(၃၀) ညနေ (၅)နာရီကတည်းက ရန်ကုန်က NLD ပါတီခေါင်းဆောင်အားလုံးနဲ့ ဌာနချုပ်ရုံးရှိတယ်လီဖုန်းလိုင်းအားလုံးကို ကြိုတင်ဖြတ်တောက်ထားပြီးဖြစ်တယ်။

မေလ(၃၀)ရက်နေ့ထုတ်တဲ့ နအဖ သတင်းစာတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး ဝေဖန်ပုတ်ခတ်ထားတဲ့ ဓာတ်ပုံတွေကို ထူးထူးခြားခြားဖော်ပြထားတယ်။ (ဒါဟာ အချက်ပေးလိုက်တာဖြစ်သလို ဒီလုပ်ကြံမှုအတွက် ကြိုတင် ကတုတ်ကျင်း တူးထားလိုက်တာလည်း ဖြစ်တယ်)

လုပ်ကြံမှုကြီးဖြစ်ပွားတဲ့နေ့ ဒေါ်စုခရီးစဉ်မှာ လူ(၂၀၀)လောက်သာ ပါသွားတယ်။ လုပ်ကြံဖို့ စီစဉ်ထားသူတွေက လူ(၄၀၀၀)လောက်ရှိတယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။ အဆ(၂၀)ကျော် ပိုပါတယ်။ တယောက်ကို အယောက်(၂၀)နှုန်းနဲ့ ဝိုင်းရိုက်တာဟာ သေအောင် သတ်တာပဲဖြစ်တယ်။ ဒီအဖြစ်အပျက်ဖြစ်စ နအဖရဲ့ ဇွန်လ(၁)ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ NLD ပါတီနဲ့ ဒေသခံတွေကြားဖြစ်တဲ့ ပြဿနာလို့ ပြောသွားတယ်၊ မဟုတ်ပါ။ အဲဒီနေရာဟာ ခေါင်တဲ့ဒေသပါ။ လူ အဲဒီလောက် စုလို့မရပါ။ တခြားကနေ ရည်ရွယ်ချက်ရှိရှိနဲ့ စုဆောင်းလာသူတွေဆိုတာ ထင်ရှားပါတယ်။ ဒေါ်စုတို့ကို ဝင်ကာကွယ်ရင်း ကျဆုံးရသူအများစုဟာ ဒေသခံတွေပါ။

ချုပ်ရရင် ဒီပဲယင်းလုပ်ကြံမှုဟာ သေအောင်သတ်တဲ့ ကြံစည်မှုသာ ဖြစ်တယ်လို့ မကဒတက ယူဆတယ်။ ဒေါ်စုကိုပါ သေအောင်သတ်တာဖြစ်တယ်။ ဒေါ်စုကို သေအောင်သတ်တဲ့ရည်ရွယ်ချက်ဟာ ဒီမိုကရေစီကို အသေသတ်တာ၊ လူထုကြီးတရပ်လုံးကို စိန်ခေါ်လိုက်တာ၊ အာဏာ လက်မလွှတ်ဘူး ဆိုတာကို စစ်အုပ်စုက ဖော်ပြလိုက်တာ ဖြစ်တယ်။ ဒုတိယအကြိမ်မြောက် နိုင်ငံတော်လုပ်ကြံမှုကြီးလို့ ပြောတာ မှန်တယ်။

> ဒီပဲယင်းလုပ်ကြံမှုဟာ သေအောင်သတ်တဲ့ ကြံစည်မှုသာဖြစ်တယ်လို့ မကဒတက ယူဆတယ်။ ဒေါ်စုကိုပါ သေအောင်သတ်တာဖြစ်တယ်။ ဒေါ်စုကို သေအောင်သတ်တဲ့ရည်ရွယ်ချက်ဟာ ဒီမိုကရေစီကို အသေသတ်တာ၊ လူထုကြီးတရပ်လုံးကို စိန်ခေါ်လိုက်တာ၊ အာဏာ လက်မလွှတ်ဘူးဆိုတာကို စစ်အုပ်စုက ဖော်ပြလိုက်တာ ဖြစ်တယ်။ ဒုတိယအကြိမ်မြောက် နိုင်ငံတော်လုပ်ကြံမှုကြီးလို့ ပြောတာ မှန်တယ်။

**ဒီပဲယင်းအရေးအခင်းပြီးနောက် လူထုခံစားချက်**

ဆရာဒဂုန်တာရာ ပြောသလိုပါပဲ။ လူထုဟာ သိပ်ပြီး ပူဆွေးသောက ရောက်ခဲ့ရတယ်။ လူငယ်ထုက မခံမရပ်နိုင်ဖြစ်ကြလို့ ဆန္ဒပြကြတယ်။ အဲဒီည မုံရွာမှာ လူထုဆန္ဒပြတယ်။ နောက် ပုသိမ်မှာ ဆန္ဒပြကြတယ်။ ဆန္ဒပြပွဲတွေ ကျယ်ပြန့်လာမှာကိုသိတဲ့၊ ကြောက်လည်းကြောက်တဲ့ စစ်အုပ်စုဟာ တက္ကသိုလ်တွေကို ချက်ချင်း ပိတ်ပစ်လိုက်တယ်။ အထက်တန်းကျောင်းတွေကိုတော့ ဖွင့်ချိန်တန်လျက် 'SARS'ရောဂါကြောင့်လို့ ပြောပြီး ကြိုတင်မဖွင့်ဘဲ ပိတ်ထားတယ်။ (ဒါလဲ ကြိုတင်ကြံစည်တာ တချက်ဖြစ်တယ်) သံဃာတော်တွေကို နိုင်ငံရေးထဲမပါဖို့ ညွှန်ကြားချက်တွေ ထုတ်တယ်။ လူထုရဲ့ခံပြင်းမှု ပူဆွေးသောကတွေကို ဇွန်လ(၁)ရက် စစ်အုပ်စုရဲ့ သတင်းစာရှင်းလင်းပွဲက မီးရှို့ပေးလိုက်သလိုဖြစ်သွားတယ်။ မြန်မာလူထုဟာ မေ့ပစ်လွယ်တတ်တဲ့၊ ခွင့်လွှတ်လွယ်တတ်တဲ့ လူထုပါ။ ဒါပေမယ့် ခံပြင်းနာကျည်းမှုတွေဟာ လူထုရင်ထဲမှာ ဘယ်လောက်ထိ နက်ရှိုင်းခဲ့တယ်ဆိုတာ အခု (၂)လနီးပါးရှိခဲ့ပေမယ့် အငွေ့မပြယ်သေးဘူး၊ အခဲက မကြေသေးဘူးဆိုတာ အားလုံးသိပါတယ်၊ နအဖလည်း သိပါတယ်။ နောင်လည်း နအဖ ကောင်းကောင်းသိသွားရမယ့် အဖြစ်အပျက်ကြီးဆိုတာကို ပြောလိုပါတယ်။

**NLD ပါတီဝင်တွေရဲ့ ခံစားမှု**

NLD ပါတီဝင်တွေရဲ့ ခံစားမှုကတော့ အပြင်းထန်ဆုံးပါပဲဗျာ။ ကိုယ့်ခေါင်းဆောင်ကို ရိုက်သတ်နေတာ၊ ကိုယ့်ရဲဘော်တွေကို ရိုက်သတ်ပစ်ခဲ့တာတွေအတွက် ခံပြင်းစိတ်၊ မသေလို့ ဒဏ်ရာရပြီး ဆေးကုသခွင့်မရဘဲ ပုန်းအောင်းနေရတဲ့ ရဲဘော်တွေအတွက် သောက၊ သတင်းပျောက်နေတဲ့ ရဲဘော်တွေအတွက် ပူဆွေးမှု၊ သေသလား ရှင်သလား လေးတောင် သိခွင့်မရတာ၊ ခေါင်းဆောင်တွေ အဖမ်းခံထားရတာ၊ ပါတီရုံးတွေ အပိတ်ခံထားလိုက်ရတာ။ ကိုယ်တိုင်ကိုက စစ်ထောက်လှမ်းရေးတွေ ဘယ်တော့ လာဖမ်းမလဲဆိုတာ စိုးထိတ်နေရတဲ့ဝေဒနာတွေ၊ မလုံခြုံမှုတွေလည်း တနင့်တပိုး၊ ဒါ့အပြင် တိုက်ခိုက်သတ်ဖြတ်ခံရသူတွေက အဖမ်းခံရပြီး ကျူးလွန်သူတွေကိုကျတော့ ဘာမှ အရေးယူဆောင်ရွက်တာမရှိတဲ့အပေါ် နာကျည်းမှု၊ ဘက်တဘက်ကကျတော့လည်း NLD ပါတီဝင်တွေဟာ ခေါင်းငုံ့လည်စင်းခံနေကြတာတော့မဟုတ်ပါဘူး။ ဘားအံက NLD လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်က 'ကျမတို့ စိတ်ရှည် သည်းခံရမယ့်အချိန်က ကုန်သွားပြီ၊ ခေါင်းဆောင်တွေ မရှိပေမယ့် အမတ်တွေရှိနေသေးတယ်။ ကျမတို့ တခုတခု ပြတ်ပြတ်သားသား လုပ်ရတော့မယ်၊ ကျမတို့အမတ်ဆိုတဲ့ လူက ပိုပြီးတော့တောင် ပြတ်ပြတ်သားသား ရှိရဦးမယ်'လို့ ပြောဆိုလိုက်တဲ့အချက်ဟာ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ပါတီက ပါတီဝင်ပီသတဲ့ စကားပဲဖြစ်တယ်။ NLD ပါတီဝင်တွေဟာ နိုင်ငံတကာသတင်းဌာနတွေနဲ့ အင်တာဗျူးလုပ်တဲ့နေရာမှာလည်း ပြတ်ပြတ်သားသား ရဲရဲရင့်ရင့်နဲ့ တိုက်ပွဲဝင်ပါတီတခုရဲ့ စိတ်ဓာတ်တွေကို ပြသနိုင်ခဲ့ကြပါတယ်။ ဗဟိုအမျိုးသမီးအဖွဲ့က ခေါင်းဆောင်တွေရဲ့ ဗိုလ်သန်းရွှေဆီ ရေးပို့တဲ့စာဟာ တရားမျှတမှုရှိရုံတင်မက အကျိုးသင့် အကြောင်းသင့်လည်း ရှိခဲ့ကြတဲ့အတွက် စစ်ထောက်လှမ်းရေးက ကြာကြာ မဖမ်းထားဝံ့တော့ပါဘူး။ နောက် NLD လူငယ်တွေက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ စာပို့တာတွေကလည်း ခေါင်းမငုံ့ဘူး၊ ဒူးမထောက်ဘူးဆိုတာကို ပြသနိုင်ရုံမက နည်းနာကွယ်ကွယ်နဲ့ တည်တည်ငြိမ်ငြိမ် ပိုင်းဖြတ်ချက်ရှိရှိ အဆင့်ဆင့်လုပ်နေတာကို ပြသနေတာမို့ ကျနော်တို့အနေနဲ့ ဂုဏ်ယူလေးစားရပါတယ်။

**နအဖ အနေအထား**

သေမထူးနေမထူးလုပ်ရပ်တွေနဲ့ချည်းပဲ မိုက်တွင်း ဆက်နက်နေတယ်။ သတင်းစာဆောင်းပါးတွေ၊ မိန့်ခွန်းတွေ၊ သံတမန်နည်းလမ်းတွေ၊ ပြည်တွင်းလူထုအပေါ် ဆက်ဆံတာတွေအားလုံးဟာ သေမထူးလုပ်ရပ်တွေချည်းပါပဲ။ ကျနော်တို့ လူထုကလည်း သေမထူးတွေကို သေခွင့်ပေးမယ်ဆိုတာကို ယုံပါ။

**နိုင်ငံတကာ**

အာဆီယံဟာ အခုတခါမှာတော့ ဆုံးဖြတ်ချက်မှန်သွားတဲ့အတွက် ကျနော်တို့အနေနဲ့ ကြိုဆိုပါတယ်။ အမေရိကန်၊ ကနေဒါ၊ ဂျပန်ကအစ ဥရောပသမဂ္ဂအားလုံးတို့ရဲ့ မြန်မာပြည်သူတွေအပေါ် စာနာထောက်ခံမှုတွေဟာ အံတင်းနေရတဲ့ ကျနော်တို့လူထုအတွက် အားရှိစေပါတယ်။ တည့်တည့်ပြောရရင် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်စတဲ့ အိမ်နီးချင်းတွေရဲ့ ကျနော်တို့ ပြည်သူတွေအပေါ် သဘောထားကိုတော့ ကျနော်တို့ စိတ်မကောင်းဖြစ်ရပါတယ်။ နှစ်နိုင်ငံပြည်သူတွေရဲ့ရေရှည်ဆက်ဆံရေးကို ကြည့်သင့်ပါတယ်။ ဒီနေရာမှာ ပြည်တွင်းက လူထုရဲ့ စိုးရိမ်ချက်တခုကို ကျနော်တို့ ပြောလိုပါတယ်။ ဒါကတော့ ကုလသမဂ္ဂ ကြီးကြပ်မှုအောက်က အရေးယူဆောင်ရွက်မှုဟာ နိုင်ငံရေးအရပါဝင်ဖြေရှင်းမှုကို ပြည်သူတွေ လိုလားသလို ကျနော်တို့လည်း ဒါကိုပဲ လိုလားတယ်ဆိုတာ ပြောချင်၊ အသိပေးချင်ပါတယ်။

ချုပ်ရရင် ကျနော်တို့တိုင်းပြည်ရဲ့ အခြေအနေဟာ ရင့်မှည့်နေပြီလို့ ယူဆပါတယ်။ ဒါကြောင့်လည်း ကျနော်တို့ မကဒတရဲ့ သတ္တမအကြိမ်ညီလာခံကြီးက 'လက်နက်ကိုင်တိုက်ပွဲနဲ့ လူထုတိုက်ပွဲပေါင်းစပ်ရေး' လုပ်ငန်းစဉ်ကို ချမှတ်လိုက်တာဖြစ်ပါတယ်။ ဒီနေ့ကာလ ဖြစ်တည်နေတဲ့ နိုင်ငံရေးအခင်းအကျင်းနဲ့လည်း ကိုက်ညီတယ်လို့ ယုံကြည်တယ်။ ကျနော်တို့တွေဟာ ရှစ်လေးလုံးလူထုတိုက်ပွဲကနေ မပြီးဆုံးသေးတဲ့ တိုက်ပွဲရည်မှန်းချက်များ ဆက်လက်ဖော်ဆောင်ရေးအတွက် ပေါ်ပေါက်လာတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ကျနော်တို့ရဲ့သမိုင်းမှာ လူထုအပေါ် ဘယ်တုန်းကမှ သစ္စာဖောက်ခဲ့တာ မရှိပါ။ အခုလည်း လူထုနဲ့အတူ သစ္စာရှိရှိ ပူးပေါင်းတိုက်ပွဲဝင်ရမယ့်အချိန် ရောက်လာပါပြီ။ လူထုရင်သွေးတွေဖြစ်တဲ့ ကျနော်တို့အနေနဲ့ မိဘတွေနဲ့တသားတည်း အေးအတူအပူမျှယူ တိုက်ပွဲဝင်သွားပါ့မယ်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးလျှင် နိုင်ငံတကာ စွက်ဖက်မှု မလွဲမသွေခံရမည်

**ဇူလိုင်လ၊ (၂၇)ရက်။**

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် နအဖက ဆက်ပြီး ငြင်းဆန်နေမည်ဆိုပါက နိုင်ငံတကာ၏ ဝင်ရောက်စွက်ဖက်မှုကို မလွဲမသွေခံရမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံက ထပ်မံသတိပေးလိုက်သည်။



မလေးရှားနိုင်ငံခြားရေးဝန်ကြီး
ရှိတ်အာမက်အာလဘာ

မလေးရှားနိုင်ငံကို ရောက်ရှိနေသည့် ထိုင်းဝန်ကြီးချုပ်ထပ်ဆင်နှင့် မလေးရှားဝန်ကြီးချုပ်ဒေါက်တာမဟာသီယာမိုဟာမက်တို့နှစ်ဦး၏ အစည်းအဝေးအပြီးတွင် မလေးနိုင်ငံခြားရေးဝန်ကြီးရှိတ်အာမက်အာလဘာက ယခုလိုပြောဆိုလိုက်ခြင်းဖြစ်သည်။ ၎င်းက မြန်မာနိုင်ငံအနေဖြင့် အထီးကျန်မနေသင့်ဘဲ နိုင်ငံတကာအသိုင်းအဝိုင်း၏ အကြံဉာဏ်များကို အလေးအနက်ထားသင့်ကြောင်း ပြောဆိုခဲ့သည်။ ခုလိုပြောဆိုရခြင်းသည် မိတ်ဆွေကောင်းတဦးအဖြစ် မိမိတို့က အကြံပေးခြင်းသာဖြစ်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ထပ်ဆင်ရှီနာဝပ်သည် ဒေါက်တာမဟာသီဟာနှင့် တွေ့ဆုံဆွေးနွေးရန် မလေးရှားနိုင်ငံသို့ (၂)ရက်ကြာခရီး ရောက်ရှိနေပြီး မြန်မာ့အရေးနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံက အကြံပြုထားသည့် Road Map ခေါ် နိုင်ငံရေးလမ်းပြမြေပုံအကြောင်း တင်ပြဆွေးနွေးလိမ့်မည်ဟု ဆိုသည်။ ❖

# ကြံ့ဖွံ့ဖြုတ်–ထုတ်ပွဲ

**ဇူလိုင်၊ (၂၆)ရက်။**

ကြံ့ဖွံ့အဖွဲ့ အတွင်းရေးမှူးတဦးဖြစ်သူ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း အပါအဝင် ဝန်ကြီး(၄)ဦးအား နအဖက ရာထူးမှ ဖြုတ်ပစ်လိုက်ကြောင်း သိရသည်။

စစ်ဘက်သတင်းရပ်ကွက်များ အဆိုအရ ရာထူးမှ ဖြုတ်ပစ်ခံရသူ ဝန်ကြီး(၄)ဦးထက်မကရှိသည်ဟုသိရသော်လည်း စာရင်းအတိအကျ မသိရှိရသေးပေ။ သို့ရာတွင် စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း၊ သစ်တောရေးရာဝန်ကြီး ဦးအောင်ဖုန်း၊ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့ ပါဝင်သည်ဟု သိရသည်။

၎င်းတို့အား ရာထူးမှ ဖြုတ်ပစ်ရခြင်း အကြောင်းရင်းကို အတိအကျ မသိရသေးသော်လည်း ကြံ့ဖွံ့အဖွဲ့လှုပ်ရှားမှုနှင့် ဆက်စပ်နေသည်ဟု ယူဆကြသည်။

စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်းသည် ကြံ့ဖွံ့အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တဦးဖြစ်ပြီး တက်တက်ကြွကြွ ဦးဆောင်လှုပ်ရှားနေသူတဦးဖြစ်သည်။ မန္တလေးတိုင်း တောင်သာဇာတိဖြစ်ပြီး ၎င်း၏ဇာတိမြေတွင် ပြည်ခိုင်ဖြိုး စံပြကျေးရွာများကို ကိုယ်တိုင်ဦးဆောင် တည်ဆောက်နေသူဖြစ်သည်။ ဦးအောင်သောင်းအား ကြံ့ဖွံ့အဖွဲ့ဝင်ဖြစ်သည့်အတွက် ရာထူးမှ ဖြုတ်ပစ်သည်ဟု ယူဆရသော်လည်း အခြားဝန်ကြီးများအား ထုတ်ပစ်ရခြင်းအကြောင်းကို ယခုတိုင် မသိရသေးပေ။

အတည်မပြုနိုင်သေးသည့် သတင်းများအရ သစ်တောရေးရာဝန်ကြီးဦးအောင်ဖုန်းကို ဖမ်းဆီးထားပြီး ရေကြည်အိုင်တွင် စစ်ဆေးနေကြောင်း သတင်းများရရှိသည်။ ပြီးခဲ့သည့်လပိုင်းအတွင်း စီမံကိန်းရေးရာ ဝန်ကြီး ဦးခင်မောင်သိန်းအား ရာထူးမှ ထုတ်ပယ်ပစ်ပြီးနောက် ယခုတဖန် ထပ်မံထုတ်ပယ်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နအဖက ယနေ့ထိ တရားဝင်သတင်းများ ထုတ်ပြန်ခြင်း မရှိသေးပေ။

❖

# ပြည်သူသည်သာ အခရာ

ဂဲထွင်




အရှေ့တီမောလွတ်မြောက်ရေးခေါင်းဆောင် ဇာနာနာဂတ်စ်မာအို

**Falintil ရဲ့ လက်နက်ကိုင်တော်လှန်ရေးသက်တမ်းတလျှောက်လုံးမှာ လက်နက်ဆိုလို့ အပ်တိုတချောင်းတောင်မှ ပြည်ပအကူအညီနဲ့ မရခဲ့ဖူးပါဘူး။ Falintil မှာ လက်နက်တလက် တပ်ဆင်နိုင်မှုရဲ့အဓိပ္ပာယ်ကတော့ ရန်သူတယောက် ကျဆုံးမှုဆိုတဲ့ အဓိပ္ပာယ်ပါပဲလို့ Falintil ရဲ့ တပ်မှူးတယောက်က ပြောပြပါတယ်။ ရန်သူ့လက်နက် ကိုယ့်လက်နက်ဆိုတဲ့ ပေါ်လစီကို အပြောမဟုတ် လက်တွေ့ကျင့်သုံးပြခဲ့တဲ့ Falintil တပ်မတော်ကို ကမ္ဘာပြည်သူများ က လေးစားကြတဲ့အပြင် ဒီစိတ်ဓာတ်ဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ မြင့်မြတ်တဲ့ လူမျိုးတိုင်း ထားရှိသင့်တဲ့ စိတ်ဓာတ်ဖြစ်ကြောင်း တီမောလူမျိုးတွေက ကမ္ဘာကိုသင်ပြခဲ့ပါတယ်။**

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက မြန်မာနိုင်ငံ သတင်းထောက်များကလပ်မှာ ပြခဲ့တဲ့ ဗွီဒီယိုသတင်းကားတကားကို ကြည့်လိုက်ရပါတယ်။ သတင်းကားနာမည်က (Viva Timor Loro Sae)ဖြစ်ပါတယ်။ အရှေ့တီမော လွတ်လပ်ရေးကြိုးပမ်းမှုအကြောင်း ရိုက်ပြထားတဲ့ တနာရီနီးပါးကြာ သတင်းမှတ်တမ်းတခုပါပဲ။ ပေါ်တူဂီ ကိုလိုနီထမ်းတပိုးအောက်မှာ နှစ်ပေါင်း(၄၇၀)၊ ကျူးကျော်သူ အင်ဒိုနီးရှားတွေရဲ့ ဖိနှိပ်မှုအောက်မှာ (၂၄)နှစ် ကျွန်ပြုခံခဲ့ရပြီး (၁၂)လအတွင်းမှာ တီမောပြည်သူ သုံးပုံတပုံ (၂၅၀,၀၀၀)တို့ရဲ့ အသက်သွေးချွေးတွေနဲ့ အရင်းပြုလို့ ရယူခဲ့ရတဲ့ တီမောရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကို ပြည့်စုံအောင် မဖော်ပြနိုင်ပေမယ့် ဖိနှိပ်သူတွေရဲ့ လက်အောက်က လွတ်မြောက်အောင် ဘယ်လိုစိတ်ဓာတ်တွေနဲ့ ဘယ်လိုအနစ်နာခံ တိုက်ပွဲဝင်ရတယ်၊ ခေါင်းဆောင်မှုတရပ်ဟာ လူထုကို ဘယ်လိုဦးဆောင်မှုပေးရတယ်ဆိုတဲ့ သင်ခန်းစာများကို ဖော်ထုတ်ပေးနိုင်တဲ့ သတင်းကားတခုဖြစ်တာမို့ အစားကောင်း စားရရင် ချစ်သူခင်သူများကို သတိရတတ်တဲ့ စေတနာနဲ့ပဲ ဒီဆောင်းပါးကို ရေးရပါတယ်။

အရှေ့တီမောဆိုတာ အာရှအရှေ့တောင်ပိုင်းနဲ့ ဩစတြေးလျတိုက်ရဲ့ အနောက်မြောက်ဖက်မှာရှိတဲ့ ကျွန်းတကျွန်းဖြစ်ပါတယ်။ ကွန်နက်တီကပ် (Connecticut) ပြည်နယ်ထက် အနည်းငယ်ကြီးပြီး ၂၀၀၂ ခုနှစ် ဇူလိုင်လ စာရင်းများအရ လူဦးရေ (၉၅၂,၆၁၈)ဦးသာရှိတဲ့ နိုင်ငံငယ်ကလေးတခုပါပဲ။ ၁၉၉၉ ခုနှစ်၊ ဩဂုတ်လ(၃၀) ရက်နေ့မှာ ကုလသမဂ္ဂ ကြီးကြပ်မှုအောက်က ကျင်းပခဲ့တဲ့ လူထုဆန္ဒခံယူပွဲ (Referendum)က ပေါ်ထွက်လာခဲ့တဲ့ ရလဒ်များအရ ၂၀၀၂ ခုနှစ်၊ မေလ(၂၀)ရက်နေ့မှာ လွတ်လပ်ရေး ရခဲ့ပါတယ်။

အရှေ့တီမောလွတ်လပ်ရေးရဖို့အတွက် တီမောပြည်သူတွေဟာ သွေးနဲ့ရင်းတဲ့လမ်းကို လျှောက်ခဲ့ကြရတာ ဖြစ်ပါတယ်။ ပေါ်တူဂီတွေကို တွန်းလှန်ပြီး လွတ်လပ်ရေးကြေညာခဲ့တဲ့ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ (၂၈)ရက်နေ့ နောက်ပိုင်း (၉)ရက်အကြာမှာ အင်ဒိုနီးရှားစစ်တပ်တွေက တီမောကို ကျူးကျော်သိမ်းပိုက်ခဲ့တယ်။ လွတ်လပ်စနိုင်ငံတိုင်းမှာ ကွန်မြူနစ်ဝါဒဩဇာ လွှမ်းမိုးလေ့ရှိတယ်ဆိုတဲ့အယူအဆနဲ့ ကွန်မြူနစ်တစ္ဆေ အခြောက်ခံနေရတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဩစတြေးလျတို့ဟာ အင်ဒိုနီးရှား ကျူးကျော်မှုကို ရေငုံ့နှုတ်ပိတ်နေပြီး အင်ဒိုနီးရှားကျူးကျော်မှုအပေါ် ထောက်ခံမှုကို ပြခဲ့ပါတယ်။ ဒါပေမယ့် တီမောပြည်သူတွေကတော့ ကျူးကျော်မှုကို ခေါင်းငုံ့မခံပဲ သူ့ကျွန်အဖြစ်ထက် **“သေသော်မှတည့်ဩော်....ကောင်း၏”**ဆိုတဲ့ စိတ်ဓာတ်နဲ့ ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ပါတယ်။ တီမော ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (Falintil)ကို ဖွဲ့စည်းပြီး လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲခဲ့ပါတယ်။ Falintil ရဲ့ လက်နက်ကိုင်တော်လှန်ရေးသက်တမ်းတလျှောက်လုံးမှာ လက်နက်ဆိုလို့ အပ်တိုတချောင်းတောင်မှ ပြည်ပအကူအညီနဲ့ မရခဲ့ဖူးပါဘူး။ Falintil မှာ လက်နက်တလက် တပ်ဆင်နိုင်မှုရဲ့ အဓိပ္ပာယ်ကတော့ ရန်သူတယောက် ကျဆုံးမှုဆိုတဲ့ အဓိပ္ပာယ်ပါပဲလို့ Falintil ရဲ့ တပ်မှူးတယောက်က ပြောပြပါတယ်။ ရန်သူ့လက်နက် ကိုယ့်လက်နက်ဆိုတဲ့ ပေါ်လစီကို အပြောမဟုတ် လက်တွေ့ကျင့်သုံးပြခဲ့တဲ့ Falintil တပ်မတော်ကို ကမ္ဘာပြည်သူများက လေးစားကြတဲ့အပြင် ဒီ စိတ်ဓာတ်ဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်တဲ့ မြင့်မြတ်တဲ့ လူမျိုးတိုင်း ထားရှိသင့်တဲ့ စိတ်ဓာတ်ဖြစ်ကြောင်း တီမောလူမျိုးတွေက ကမ္ဘာကို သင်ပြခဲ့ပါတယ်။ ဘယ်လောက်ပဲ အခက်အခဲတွေ တွေ့ကြုံရပါစေ၊ တီမောပြည်သူတွေဟာ ဦးညွတ်တတ်တဲ့လူမျိုး မဟုတ်ကြောင်း အင်ဒိုနီးရှားဆန့်ကျင်ရေး တီမောပြည်သူတွေရဲ့ (၂၄)နှစ်ကြာ လက်နက်ကိုင်လှုပ်ရှားမှုသမိုင်းက သက်သေထူလျက် ရှိပါတယ်။

၁၉၉၈ ခုနှစ် ဇူလိုင်လအတွင်း အင်ဒိုနီးရှား သမတ ဆူဟာတိုကို နှုတ်ထွက်စေဖို့ အဓိကလှုံ့ဆော်ခဲ့တဲ့ ကျောင်းသားများရဲ့ ဆန္ဒပြမှုဟာ တီမောလွတ်မြောက်ရေး ကြိုးပမ်းမှုကို အလှည့်အပြောင်းတခုဆီကို ဦးတည်စေခဲ့ပါတယ်။ အဲဒီအချိန်မှာ အရှေ့တီမော လွတ်လပ်ရေးခေါင်းဆောင် ဇာနာနာဂတ်စ်မာအိုဟာ အင်ဒိုနီးရှား အကျဉ်းထောင်တခုထဲမှာ ထောင်ဒဏ် အနှစ်(၂၀) ကျခံနေရဆဲဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ် ဩဂုတ်လ(၄)ရက်နေ့မှာတော့ အင်ဒိုနီးရှားနဲ့ ပေါ်တူဂီ တွေ့ဆုံညှိနှိုင်းကြပြီး အရှေ့တီမော လွတ်လပ်ရေးအတွက် ကုလသမဂ္ဂ ကြီးကြပ်မှုအောက်မှာ လူထုဆန္ဒခံယူပွဲတရပ် ကျင်းပကြဖို့ သဘောတူညီခဲ့ကြပါတယ်။ ၁၉၉၉ ခုနှစ် မေလ(၅)ရက်နေ့မှာတော့ အရှေ့တီမောပြည်သူတွေဟာ လုံးဝလွတ်လပ်ရေးကို ရွေးချယ်မလား (သို့) အင်ဒိုနီးရှားရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် တပြည်နယ်အနေနဲ့ ရပ်တည်မလားဆိုတာကို ဆန္ဒခံယူမယ့် ဆန္ဒခံယူပွဲတရပ် ကျင်းပမယ်လို့ ကုလသမဂ္ဂက ကြေညာခဲ့ပါတယ်။

တချိန်တည်းလိုလိုမှာပဲ အင်ဒိုနီးရှားစစ်တပ်ရဲ့ ယုတ်မာပက်စက်တဲ့ စီမံကိန်းဟာလဲ ဗူးပေါ်သလို ပေါ်ခဲ့တယ်။ ဒီစီမံကိန်းကတော့ လွတ်လပ်ရေးလိုလားသူများနဲ့ အင်ဒိုစစ်တပ်လိုလား သူများကြား အထိကရုဏ်းများဖြစ်အောင် ဖန်တီးပြီး ဆန္ဒခံယူပွဲ မဖြစ်အောင် ပထမအဆင့် ကြိုးပမ်းမယ်။ အကယ်လို့ မလွှဲသာလို့ ဆန္ဒခံယူပွဲဖြစ်လာခဲ့ရင်လဲ ဆန္ဒခံယူပွဲမှာ အင်ဒိုနီးရှားလိုလားသူတွေ ဘယ်နည်းနဲ့ဖြစ်ဖြစ် အနိုင်ရအောင် ကြိုးပမ်းမယ်။ နောက်ဆုံးအဆင့်က အကယ်လို့ လွတ်လပ်ရေး လိုလားသူများဘက်က ဆန္ဒခံယူပွဲမှာ အနိုင်ရခဲ့ရင် ပြည်တွင်းစစ်ဖြစ်အောင်ဖန်တီးပြီ၊ ပြည်တွင်းစစ်ကို အကြောင်းပြုလို့ အရှေ့တီမောကို အင်ဒိုနီးရှားက ဆက်ပြီးအုပ်ချုပ်နေမယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် Falintil တပ်မတော်ဟာ Comtonment လို့ခေါ်တဲ့ အခြေခံစခန်းတွေ တည်ဆောက်ပြီး ဒီအခြေခံစခန်းတွေကနေ ဘယ်ကိုမှ မထွက်ခွာဖို့ တပ်မှူးတပ်သားတွေကို တင်းတင်းကြပ်ကြပ် အမိန့်ထုတ်ထားတယ်။ ဒီနည်းနဲ့ အင်ဒိုနီးရှားလိုလားသူတွေနဲ့ လွတ်လပ်ရေး လိုလားသူတွေကြား ပြည်တွင်းစစ်ဖြစ်လာအောင် လုပ်ကြံဖန်တီးနေတဲ့ အင်ဒိုနီးရှားစစ်တပ်ရဲ့ ထောင်ချောက်ထဲ မရောက်အောင် ရှောင်ရှားနေခဲ့တယ်။

ဒါပေမယ့် ဆန္ဒခံယူပွဲအကြိုကာလမှာပဲ အင်ဒိုနီးရှားလိုလားသူများက ပြည်တွင်းစစ်ဖြစ်လာအောင်၊ ဆူပူမှုတွေ ဖြစ်လာအောင် အမျိုးမျိုး လုပ်ကြံရန်စခဲ့ကြတယ်။ ၁၉၉၉ ခုနှစ် ဩဂုတ်လ(၆)ရက်နေ့မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးလိုလားသူများနဲ့ လွတ်လပ်ရေး လိုလားသူ လူငယ်များကြား အထိကရုဏ်းများ ဖြစ်ပွားလာပြီး လူအမြောက်အများ သေကြေခဲ့ကြရတယ်။ အင်ဒိုနီးရှားစစ်တပ်က နောက်ကွယ်ကနေ မြှောက်ပေးနေပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးလိုလားသူတွေက ဖန်တီးတဲ့ တီမောလူမျိုးအချင်းချင်း တိုက်ခိုက်ကြတဲ့ အဓိကရုဏ်းများ ပေါ်ပေါက်လာပါတယ်။ ဒါတင်မကဘူး၊ အင်ဒိုနီးရှားစစ်တပ်ရဲ့ အစီစဉ်ကျကျ ညွှန်ကြားမှုနဲ့ စစ်သွေးကြွသူများရဲ့ လွတ်လပ်ရေး လိုလားသူများအပေါ် အမျိုးမျိုးခြိမ်းခြောက်မှုတွေကြောင့် ပြည်သူလူထုဟာ နေအိမ်တွေက စွန့်ခွာပြေးခဲ့ကြရတယ်။

အဲ့ဒီကာလမှာပဲ အင်ဒိုနီးရှား အာဏာပိုင်တွေက ဇာနာနာဂတ်စ်မာအိုကို အကျဉ်းထောင်ကနေ အကျယ်ချုပ်ကို ရွှေ့ပြောင်းထားခဲ့ရတယ်။ အင်ဒိုနီရှားစစ်တပ်ရဲ့ လက်ကိုင်ဒုတ် စစ်သွေးကြွတွေက လွတ်လပ်ရေးလိုလားသူလူများကို ရန်စပြီး အဓိကရုဏ်းများ ပေါ်ပေါက်အောင် လုပ်ဆောင်နေတဲ့ ကာလဖြစ်လေတော့ ဇာနာနာဂတ်စ်မာအိုက “ကျွန်တော်တို့ဟာ အင်ဒိုနီးရှားတွေ အထူးသဖြင့် စစ်တပ်ရဲ့ပြုမူပုံတွေကို သိတယ်၊ သူတို့ ဘာလုပ်တော့မလဲဆိုတာ သိတယ်၊ ဒါကြောင့် တီမောမှာ ဘေးအန္တရာယ်များ ဆိုးဆိုးဝါးဝါးမကျရောက်ခင်မှာပဲ နိုင်ငံတကာက ကာကွယ်ရေးတပ်ဖွဲ့များ စေလွှတ်ပါ”လို့ နိုင်ငံတကာကို သတိပေး တိုက်တွန်းခဲ့ပါတယ်။ တပြိုင်တည်းမှာပဲ သူရဲ့ တပ်ဖွဲ့တွေကို လက်တုံ့မပြန်ဖို့ အမိန့်ပေးခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းဟာ တကယ်ပဲ ခက်ခဲလှပါတယ်လို့ မှတ်ချက်ချခဲ့ပါတယ်။

ဒီလိုနဲ့ပဲ ၁၉၉၉ ဩဂုတ်(၃၀)ရက်နေ့မှာ ကုလသမဂ္ဂရဲ့ ကြီးကြပ်မှုနဲ့ ဆန္ဒခံယူပွဲ ကျင်းပခဲ့တယ်။ မဲဆန္ဒရှင် (၉၀) ရာခိုင်နှုန်း ပါဝင်မဲပေးခဲ့ကြပြီး (၇၈) ရာခိုင်နှုန်းက လုံးဝလွတ်လပ်ရေးအတွက် ဆန္ဒမဲပေးခဲ့ကြပါတယ်။ အကျိုးဆက်အဖြစ်နဲ့ စက်တင်ဘာ(၅)ရက်နေ့မှာတော့ အရှေ့တီမောဟာ လွတ်လပ်တဲ့နိုင်ငံအဖြစ် ပြည်သူတွေက ဆန္ဒမဲပေးဆုံးဖြတ်လိုက်ကြောင်း တရားဝင်ကြေညာချက်များ ထွက်ပေါ်လာပါတော့တယ်။

ဒါကြောင့် ပြည်သူလူထုတရပ်လုံးက အကြီးအကျယ် ပျော်ရွှင်ခဲ့ကြရတယ်။ သူတို့ ပျော်ရွှင်မှု မပြီးဆုံးသေးခင်မှာပဲ အဆိုးဝါးဆုံး ဘေးအန္တရာယ်ကြီး ကျရောက်လာပါတော့တယ်။ အင်ဒိုနီးရှားတပ်တွေကို အရှေ့တီမောမှာ အားဖြည့်လိုက်ပြီး လွတ်လပ်ရေးဆန့်ကျင်တဲ့ စစ်သွေးကြွတွေကို ထောက်ပံ့ကူညီကြပါတော့တယ်။ အင်ဒိုနီးရှားစစ်တပ်ရဲ့ နောက်ဆုံးအဆင့်စီမံချက်ကို စတင်လိုက်ပြီဖြစ်ပါတယ်။ အိမ်တွေကို မီးရှို့၊ လွတ်လပ်ရေး လိုလားသူတွေကို သတ်ဖြတ်ကြပါတော့တယ်။ တကယ်လို့ ဘုရားကျောင်းတွေကို ထွက်ပြေးတိမ်းရှောင်မယ်ဆိုရင်လဲ ဘုန်းကြီးနဲ့ မယ်သီလရှင်တွေကိုပါ သတ်မယ်လို့ ခြိမ်းခြောက်ပါတယ်။ လူတွေကိုလည်း သူတို့ရဲ့ အိမ်တွေက မောင်းထုတ်မှုတွေ အနှံ့အပြား လုပ်လာခဲ့တယ်။ ဂျာနယ်လစ်တွေနေတဲ့ Makota ဟိုတယ်ကို စစ်သွေးကြွတွေက ပစ်ခတ်တိုက်ခိုက်ခဲ့ပေမယ့် အင်ဒိုနီးရှားစစ်တပ်က မတားမြစ်ခဲ့ဘူး။ အမှန်တော့ အင်ဒိုနီးရှားတွေက အရှေ့တီမောမှာ ဘာဖြစ်တယ်ဆိုတာ ဂျာ နယ်လစ်တွေကို မသိစေချင်လို့ သူတို့ကို တိုင်းပြည်က ထွက်သွားစေချင်နေတာဖြစ်တယ်။ အခြေအနေက ဆိုးသထက်ဆိုးလာပြီ တီမောပြည်သူများစွာဟာ အင်ဒိုနီးရှားရဲ့ ပြည်နယ်တခုဖြစ်တဲ့ West Timor ကို အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြရတယ်။ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဗစ်ရှော့ စပဲလိုးကိုယ်တိုင် နောက်ဆုံးမှာ တိုင်းပြည်က ထွက်ခွာခဲ့ရတယ်။ အင်ဒိုနီးရှားစစ်တပ်ရဲ့ လက်ကိုင်ဒုတ် စစ်သွေးကြွတွေက DILI မြို့တော်တခုလုံးကို လုယက်ဖျက်ဆီးခဲ့ကြပါတယ်။ မြို့တော်မှာရှိတဲ့ ကုလသမဂ္ဂအဆောက်အဦး ရှိတဲ့နေရာကို တိုက်ခိုက်ခံခဲ့ရတာမို့ ကုလသမဂ္ဂဝန်ထမ်းတွေက ဩစတြေးလျကို ထွက်ခွာသွားခဲ့ကြရပါတယ်။ တီမောလူမျိုးတွေ အထီးကျန်ဖြစ်ခဲ့ရတဲ့ အဖြစ်ဆိုးပါပဲ။

လုပ်ကြံသတ်ဖြတ်မှုများဟာ ရာဇဝင်တွင်လောက်တဲ့အဆင့်ကို ကူးပြောင်းသွားခဲ့ပါပြီ။ လူ(၃၀၀)ကျော်လောက် ခိုလှုံနေတဲ့ Suain ဘုရားကျောင်းကို အင်ဒိုစစ်တပ်က ဝိုင်းထားလိုက်ပြီး စစ်သွေးကြွတွေကို တိုက်ခိုက် သတ်ဖြတ်ဖို့ အမိန့်ပေးခဲ့ပါတယ်။ ယောကျ်ားတွေကိုသတ်၊ မိန်းမတွေကို မုဒိမ်းကျင့်ဆိုတဲ့ အမိန့်ပါပဲ။ Father Hilario အပါအဝင် လူရာပေါင်းများစွာ သေကြေခဲ့ရတယ်လို့ ဆိုပါတယ်။ ဒီအချိန်မှာတော့ Falintil တပ်သားတွေရဲ့ စည်းကမ်းလိုက်နာမှုဟာ ပေါက်ကွဲလုဆဲဆဲအခြေအနေ ရောက်ခဲ့ပါပြီ။ လက်နက်တွေကိုင်ထားပြီးတော့ လူထုကို မကာကွယ်နိုင်တော့တာ၊ လူထုကို

တဘက်သို့ ○

# အဖွဲ့ချုပ်အဖွဲ့ဝင်များအား ဆက်လက်ဖမ်းဆီးထောင်ချနေဆဲ အဲန်အယ်ဒီအား မတရားအသင်း ကြေညာမည်ဟု ယူဆနေကြ

မေ(၃၀)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဒီပဲယင်းအရေးအခင်းနှင့်စပ်လျဉ်း၍ အဖွဲ့ချုပ်အဖွဲ့ဝင်များအား အာဏာပိုင်များက ထပ်မံဖမ်းဆီးနေကြောင်း သိရသည်။

ပြည်တွင်းသတင်းများအရ မတ္တရာမြို့နယ်မှ (၆)ဦး၊ မိုးကုတ်မြို့နယ်မှ (၃)ဦး၊ စဉ့်ကူးမြို့နယ်မှ (၄)ဦး၊ မြစ်ကြီးနားမြို့နယ်မှ (၅)ဦး၊ ပြည်မြို့နယ်မှ(၁)ဦးနှင့် မိုးညှင်းမြို့နယ်မှ (၁)ဦးတို့အား အာဏာပိုင်များက ယခုရက်များအတွင်း ဖမ်းဆီး ထောင်ချခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းရှိ အဲန်အယ်လ်ဒီမြို့နယ်ရုံး (၂၅)ရုံးအနက် သက္ကရာဇ် ၂၀၀၂ မေလ (၆)ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်းတွင် မြို့နယ်ရုံး (၁၄)ရုံး ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ယခုအခါတွင် အဖွဲ့ချုပ်ရုံးအားလုံး ပိတ်ထားရပြီး အဲန်အယ်လ်ဒီ၏ နိုင်ငံရေးလုပ်ငန်းများ မည်သို့မျှ အကောင်အထည်မဖော်နိုင်ဘဲ ရှိနေသည်ဟု သိရသည်။

အာဏာပိုင်တို့၏ အဲန်အယ်ဒီအပေါ် ချုပ်ချယ်မှုများသည် သက္ကရာဇ် ၂၀၀၀ ခုနှစ်က အဲန်အယ်ဒီအား အကြီးအကျယ် ချေမှုန်းကန့်သတ်ခဲ့သည့် လုပ်ရပ်များနှင့် အလားတူပင်ဖြစ်သည်ဟု ပြည်တွင်းအကဲခတ်များက ဆိုကြသည်။

နအဖ မှ ချုပ်ကိုင်ထားသော သတင်းစာများ၏ အာဘော်အရလည်းကောင်း၊ နအဖ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များအရလည်းကောင်း၊ အာဆီယံခေါင်းဆောင်များသို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပေးစာပါဖော်ပြချက်အရလည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်အား ရေရှည်ဖမ်းဆီးဖမ်းဆီးချုပ်နှောင်ထားပြီး အဲန်အယ်ဒီကို မတရားအသင်းကြေညာမည့် အလားအလာများ တွေ့မြင်နေရသည်ဟု မြန်မာ့အရေးကျွမ်းကျင်သူများက သုံးသပ်နေကြသည်။ ❖

## ၀ တဘက်မှ

အသေခံခိုင်းသလိုဖြစ်နေရတာ တွေးမိကြပြီး နှလုံးကြေကွဲမတတ် ခံစားကြရပါတယ်။ ဒါပေမယ့် အမိန့်ကတော့ Contonment တွေထဲမှာ ဆက်နေနေရမယ်ဆိုတာပဲ ဖြစ်ပါတယ်။ တကယ်လို့ တပ်တွေက အပြင်ထွက်ပြီး လူထုကို ကာကွယ်မယ့်တိုက်ပွဲတွေကို ဆင်နွှဲမယ်ဆိုရင်တော့ သူနုတ်ထွက်မယ်လို့ ဂတ်စ်မားအိုးက ပြတ်ပြတ်သားသား သတိပေးခဲ့ပါတယ်။ ရင်ကွဲပက်လက်ငိုကြွေးနေကြတဲ့ Falintil တပ်သားများဟာ သူတို့ခေါင်းဆောင်ရဲ့အမိန့်ကို သူတို့ နှလုံးသားတွေ ပျက်သုဉ်းကြေမွမှုနဲ့ ရင်နှီးပြီး လိုက်နာခဲ့ကြပါတယ်။

၁၉၉၉ စက်တင်ဘာ(၂၀)ရက်နေ့မှာတော့ အင်ဒိုနီးရှားရဲ့ လက်ခံသဘောတူညီမှုနဲ့ ဩစတြေးလျခေါင်းဆောင်တဲ့ နိုင်ငံတကာတပ်ဖွဲ့ဟာ အရှေ့တီမောကို ဝင်ရောက်လာပါတော့တယ်။ စစ်သွေးကြွတွေကို လက်နက်ဖြုတ်ပြီး တရားဥပဒေစိုးမိုးရေးကို စတင်လုပ်ဆောင်ခဲ့ကြတယ်။ ဒါပေမယ့် အင်ဒိုနီးရှားစစ်တပ်က အရှေ့တီမောရဲ့ အခြေခံအဆောက်အဦတွေကို ဖျက်ဆီးပစ်နေတာကိုတော့ စိတ်ရှုပ်ထွေးစွာ လက်ပိုက်ကြည့်နေကြဆဲပါပဲ။ ဒါကြောင့် တီမောပြည်သူတချို့က Interfet တပ်သားတွေဟာ ကမ္ဘာလှည့်ခရီးသည်တွေလိုပါပဲလို့ ပျက်ရယ်ပြုခဲ့ပါတယ်။

နောက်ဆုံးမှာတော့ အင်ဒိုနီးရှားတပ်တွေဟာ တီမောမြေက အပြီးအပိုင် ထွက်ခွာသွားကြရပါပြီ။ ဇာနာနာဂတ်စ်မာအိုဟာလဲ အသွင်ကူးပြောင်းရေးကာလတခု အတွက် ကုလသမဂ္ဂအာဏာပိုင်များနဲ့ ညှိနှိုင်းခွင့်ရခဲ့ပါတယ်။ ဂတ်စ်မာအိုဟာ သူ့အမိမြေကို ပြန်ခြေချခွင့်ရရခြင်းမှာပဲ သူ့ပြည်သူတွေကို အင်ဒိုနီးရှားနဲ့ ပြန်လည်သင့်မြတ်ရေးကို အဆင့်တိုင်းမှာ အမြန်ဆုံး ပြန်လည်တည်ဆောက်ရမယ်လို့ ပြောခဲ့ပါတယ်။ အဲ့သြစရာ မကောင်းပါလား။ နိုင်ငံအကျိုးအတွက်ဆိုရင် သင်ပုန်းချေနိုင်စွမ်းရှိသူပါ။ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံခေါင်းဆောင်တယောက် ဖြစ်တယ်ဆိုတာကို သက်သေပြတဲ့ သမိုင်းဝင်စကားလို့ ယူဆရမှာဖြစ်ပါတယ်။

ဒီလိုနဲ့ပဲ အရှေ့တီမောဟာ ၂၁ ရာစုရဲ့ ပထမဆုံး လွတ်လပ်တဲ့နိုင်ငံတနိုင်ငံ ဖြစ်လာပါတော့တယ်။ "ကုလသမဂ္ဂဟာ ကယ်တင်ရှင် မဟုတ်ဘူး၊ အရှေ့တီမောပြည်သူတွေသာ လွတ်လပ်ရေး ဖန်တီးရှင်ဖြစ်တယ်"လို့ ဂတ်စ်မာအိုက အခိုင်အမာ ကြေညာခဲ့တယ်။ မှန်ပါတယ်၊ နိုင်ငံတကာ အကူအညီဆိုတာ ပြင်ပအကြောင်းတရားပါ။ အတွင်းအကြောင်းတရားဖြစ်တဲ့ ပြည်သူ့လှုပ်ရှားမှုသာ အခရာဖြစ်တယ်၊ အချက်အခြာ ဖြစ်တယ်ဆိုတာ အရှေ့တီမော လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက အထင်အရှား သက်သေပြလိုက်ပြီ ဖြစ်ပါတယ်။ ❖

## မြန်မာ့ဒီမိုကရေစီဥပဒေမူကြမ်းမှ ...

ဘဏ်တို့မှ ချေးငွေနှင့် အခြားငွေကြေးထောက်ပံ့မှုများအား အမေရိကန် ပြည်ထောင်စုမှ ကန့်ကွက်မဲပေးရန်။

၄။ ယခင် စစ်အာဏာရှင် စစ်ဗိုလ်ချုပ်ကြီးများ၊ ယခု နအဖစစ်အုပ်စုဝင် ဗိုလ်ချုပ်ကြီးများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများ၊ ပြည်နယ်တိုင်းအဆင့်မှစ၍ အထက်ပိုင်း ကြံ့ဖွံ့ခေါင်းဆောင်များအားလုံးနှင့် ၎င်းတို့မိသားစုများ၊ မြန်မာနိုင်ငံပိုင် စီးပွားရေးကော်ပိုရေးရှင်းများမှ မန်နေဂျာအဆင့်ရှိသူများမှစ၍ အထက်ပိုင်းအဆင့်အားလုံးတို့၏ မိသားစုများအား အမေရိကန်သို့ ဝင်ရောက်ခွင့်ကို ထပ်မံတိုးချဲ့၍ ပြည်တွင်းဝင်ရောက်ခွင့် လုံးဝပိတ်ပင်ရန်။

၅။ မြန်မာနိုင်ငံကို နှစ်ပေါင်းများစွာ မတရားသဖြင့် အုပ်ချုပ်နေသည့် နအဖ စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် ပြီးခဲ့သည့် မေ(၃၀) ဒီပဲယင်း လုပ်ကြံမှုကြီးအား အမေရိကန်ပြည်ထောင်စုမှ ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ဖော်ပြပါရှိသည်။

ထိုဥပဒေမူကြမ်းကို သမတက အတည်ပြုချိန်မှစ၍ မြန်မာနိုင်ငံမှ တင်သွင်းနေသည့် ပို့ကုန်အားလုံး၏ လေးပုံတပုံရှိ အဝတ်



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်

အထည်လုပ်ငန်းသည် လုံးဝရပ်ဆိုင်းသွားမည်ဖြစ်ပြီး နအဖ စစ်အုပ်စုကို ဆိုးဆိုးဝါးဝါး ထိခိုက်နစ်နာစေလိမ့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ခဲ့ကြပြီး ရီပတ်ဘလီကင် ဆီးနိတ်လွှတ်တော်အမတ် မစ်ချ်မက်ကွန်နားက မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ပျက်သုဉ်းစေမည့် ပထမ ခြေလှမ်းတရပ်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

နအဖ စစ်အစိုးရမှု ယခုလို မြန်မာပြည်မှ ပို့ကုန်ပစ္စည်းများကို ပိတ်ပင်ခြင်းသည် ယခင်ကတည်းက ချို့တဲ့နေသည့် စီးပွားရေးကို ပိုမိုထိခိုက်စေမှာဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ အဝတ်အထည်နှင့် ဖိနပ်များ အများဆုံးပါဝင်သည့် ကုန်ပစ္စည်း ဒေါ်လာသန်းပေါင်း(၃၅၆)သန်းဖိုးကို အမေရိကန်ပြည်ထောင်စုက မှာယူတင်သွင်းခဲ့သည်။

မြန်မာ့ပို့ကုန်၏ (၂၅)ရာခိုင်နှုန်းမှာ အမေရိကန်သို့ ရောင်းချနေရခြင်းဖြစ်သည်။ အမေရိကန် လက်လီဖြန့်ဖြူးရောင်းချသူအများစုက ဤဥပဒေကို ထောက်ခံသည့်အနေဖြင့် ပြီးခဲ့သည့်လက ဤတားမြစ်ချက်များကို အထက်လွှတ်တော်က သဘောတူလိုက်ပြီဟု သိလိုက်ချိန်မှစပြီး အမေရိကန်အဝယ်တော်အများစုသည် ၎င်းတို့ မှာကြားထားသည့် ကုန်ပစ္စည်းအော်ဒါများကို ဖျက်သိမ်းလိုက်ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံက အထည်ချုပ်စက်ရုံများ ပိတ်လိုက်ရသည်ဟု ရန်ကုန်မှ အထည်ချုပ်စက်ရုံပိုင်ရှင်တဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတဝှမ်းရှိ အထည်ချုပ်စက်ရုံများ၌ စုစုပေါင်းအလုပ်သမား (၃)သိန်းခွဲခန့် လုပ်ကိုင်နေကြပြီး ၎င်းစက်ရုံများမှထွက်သည့် ထုတ်ကုန်များ၏ (၈၀)ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံသို့ တင်ပို့နေသည်။ ❖

# အမျိုးသားစာဆို ငြိမ်းချမ်းရေးဗိသုကာကြီး သခင်ကိုယ်တော်မှိုင်း၏ သမိုင်းအစဉ်အလာ ပြည်ဖုံးကားချ



အမျိုးသားစာဆိုငြိမ်းချမ်းရေးဗိသုကာကြီး
ဆရာကြီး ဒေါက်တာသခင်ကိုယ်တော်မှိုင်း
(၁၈၇၆–၁၉၆၄)

ဇူလိုင်၊ (၂၄)ရက်။

အာဏာပိုင်များက တာဝန်မယူသဖြင့် အမျိုးသားစာပေပညာရှင်၊ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း အမှတ်တရ နှစ်ပတ်လည်နေ့အခမ်းအနားကို ယခင်နှစ်များကလို ကျင်းပနိုင်ခြင်းမရှိဘဲ အကျဉ်းရုံးပြီး ကျင်းပခဲ့ရကြောင်း သိရသည်။

နအဖတာဝန်ရှိသူများက လုံခြုံရေး တာဝန်မယူနိုင်၊ ဆရာကြီး၏ မိသားစုများအနေဖြင့် တာဝန်ယူနိုင်သည်ဆိုပါကလုပ်နိုင်ကြောင်း အကြောင်းကြားလာသည့်အတွက် မိမိတို့အနေဖြင့် ဆရာကြီးကွယ်လွန်ခြင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲအား ယခင်နှစ်များက ကျင်းပမြဲအတိုင်း မကျင်းပနိုင်တော့ဘဲ အကျဉ်းရုံးသာ ကျင်းပခဲ့ရကြောင်း ဆရာကြီး၏ မိသားစုနှင့် သခင်ကိုယ်တော်မှိုင်း ဂူဗိမာန်စောင့်ရှောက်ရေးအဖွဲ့က ပြောဆိုခဲ့သည်။

> "ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်သာ မဟုတ်ဘူး၊
> ဆရာတို့ ဗမာ့ငြိမ်းချမ်းရေးကလည်း အင်မတန် အရေးကြီးတယ်၊
> ဗမာပြည် ငြိမ်းချမ်းရေးရဖို့ တမျိုးသားလုံး ညီညွတ်ဖို့ လိုတယ်၊
> ပြည်တွင်းညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး မရှိရင်
> ဘာမှ လုပ်လို့ ကိုင်လို့ဖြစ်မှာ မဟုတ်ဘူး"
> [ချောင်းဆုံ၊ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (မတ်၊ ၁၉၅၄)]

၁၉၇၆ ခုနှစ် မှိုင်းရာပြည့် ကျောင်းသားလှုပ်ရှားမှုများဖြစ်ပွားခဲ့အပြီး သခင်ကိုယ်တော်မှိုင်းအထိမ်းအမှတ် အခမ်းအနားများကို စစ်အုပ်စုက ကန့်သတ်ချုပ်ခြယ်ခဲ့ရာ ၁၉၈၅ ခုနှစ်မှစ၍ နှစ်ပတ်လည်နေ့များအား လူမှုရေးပွဲအဖြစ်သာ ကျင်းပလာခဲ့ရသည်။ သို့ရာတွင် ဆရာကြီး ကွယ်လွန်သည့် ဇူလိုင်(၂၃)ရက်နေ့ရောက်တိုင်း ဆရာကြီး၏ အမှတ်တရဂူဗိမာန်တွင် နိုင်ငံရေးသမားများ၊ စာပေသမားများက ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အထုပ္ပတ္တိနှင့် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်များ၊ ဆရာကြီး၏ဂုဏ်ပုဒ်များ၊ ဆရာကြီး စပ်ဆိုရေးဖွဲ့ခဲ့သည့် မဟာလေးချိုးကဗျာကြီးများကို ရွတ်ဆိုဂုဏ်ပြုခဲ့ကြသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ၁၈၈၅ ခုနှစ်က မြန်မာဘုရင် သီပေါမင်းအား အင်္ဂလိပ်မျက်နှာဖြူတို့ ဖမ်းဆီးသွားခဲ့သည်ကို ကလေးဘဝမှာပင် မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရာမှစ၍ နာကျည်းခံပြင်းကာ ထက်သန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် နှစ်ပေါင်းများစွာ ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးကို ဦးဆောင်ဦးရွက်ပြု၍ တိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဒို့ဗမာအစည်းအရုံး၏ ခေါင်းဆောင်တဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရာ ဗြိတိသျှအစိုးရ၏ ရန်သူနံပါတ်(၁)အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီး တိုင်းပြည်ခေါင်းဆောင်များအဖြစ် ထင်ရှားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် သခင်လူငယ်များအားလုံး၏ လေးစား ကြည်ညိုမှုကို ခံခဲ့ရရုံမက မြန်မာတမျိုးသားလုံး၏ လေးစားကြည်ညိုမှုကိုပါရရှိသူ ကမ္ဘာသိ မျိုးချစ်ပုဂ္ဂိုလ်ကြီးဖြစ်သည်။

နအဖစစ်အုပ်စုက ထိုသို့သော ပုဂ္ဂိုလ်ကြီးများ၏ သမိုင်းအစဉ်အလာကို ဖျောက်ဖျက်လျက်ရှိရာ ဆရာကြီး၏ အထိမ်းအမှတ်ပွဲများ တားမြစ်ပိတ်ပင်ထားရုံမက ဆရာကြီး ရေးသားခဲ့သည့် လေးချိုးမဟာကဗျာကြီးများကိုလည်း စာအုပ်စာပေများအဖြစ် ထုတ်ဝေခွင့် မပြုတော့ကြောင်း သိရသည်။ ၁၉၅၈ ခုနှစ်က ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်ကြီး၏ လှုပ်ရှားမှုကို ဂုဏ်ပြုစပ်ဆို ရေးသားခဲ့သည့် ငြိမ်းချမ်းရေးလေးချိုးကြီးကို ဇူလိုင်လထုတ် စပယ်ဖြူမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော်လည်း စာပေစိစစ်ရေးအဖွဲ့၏ ဆုတ်ဖြဲခြင်းကို ခံခဲ့ရကြောင်း ရန်ကုန်စာပေ လောကအဆိုအရ သိရသည်။ ❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ပြည်သူ့ကျောင်းသားအိုးဝေတစ်ဦး၏ ပြည်တွင်း လှုပ်ရှားမှု အရှိန်အဟုန်ကြီးမားလာ တတိယအရေးတော်ပုံကြီးစတင်ရန် စာစောင်များဖြန့်ဝေ

**ဇူလိုင်၊ (၁၀)ရက်။**

မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်၊ မန္တလေး၊ ပဲခူးစသည့်မြို့ကြီးများအပါအဝင် တက္ကသိုလ် ကောလိပ်များ၊ အထက်တန်းကျောင်းများ လူနေစည်ကားသည့် အချက်အခြာနေရာများတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချေမှုန်းရေးအတွက် တိုက်ပွဲဝင်နေသည့် ပြည်သူ့ကျောင်းသားအိုးဝေတပ်ဦးက ထုတ်ပြန်ချက် လက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်များ အချိန်အခါ အခြေအနေအလိုက် ထုတ်ပြန် ဖြန့်ဝေလျက်ရှိသည်။

ဇွန်လ(၂၁)ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ထိုအဖွဲ့၏ ၄/၂၀၀၃ ကြေညာချက်တွင် စစ်အာဏာရှင်များလက်အောက် ပညာရေးစနစ် ကမောက်ကမဖြစ်နေပုံကို ဖော်ထုတ်ဖွင့်ချထားပြီး ၂၀၀၃ ခု မတ်လတွင် ပြုလုပ်ခဲ့သည့် အထက်တန်းစာမေးပွဲတွင် တပ်နယ်အသီးသီးမှ ဗိုလ်ကြီးအဆင့် အထက် အရာရှိဇနီးများအား မမှန်မကန် စာမေးပွဲ အောင်ရန် လျှို့ဝှက်စီစဉ်နေပုံများကို ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းရှိ တက္ကသိုလ် ကောလိပ်များတွင် ဖော်ထုတ်ဖွင့်ချထားသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သွေးမြေကျခဲ့ရသည့် ဇူလိုင်(၇)ရက် အထိမ်းအမှတ်စာများ ဖြန့်ချိခဲ့ရာတွင်လည်း စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးများအားလုံးကို ဖျက်ဆီးနေသည့် စစ်အစိုးရပြုတ်ကျရန် အိုးဝေလှုပ်ရှားမှုနှင့်အတူ ပြည်သူများပါဝင်ရန် နှိုးဆော်ထားပြီး ဒီမိုကရေစီစနစ် ထူထောင်ရေးအတွက် အိုးဝေတပ်ဦးက ပြောက်ကျားလှုပ်ရှားမှုများ လျှပ်တပြက် ဆင်နွှဲသွားမည်ဖြစ်၍ လူထုတရပ်လုံး ပူးပေါင်းတိုက်ပွဲဝင်ရန် လှုံ့ဆော်ခဲ့သည်။

နောက်ဆုံးသတင်းများအရ ပဲခူးတက္ကသိုလ်ဝင်း အဆောင်အမှတ်(၁၄)တွင် အိုးဝေတပ်ဦး၏ လှုံ့ဆော်စာများ ကပ်ထားသည်ကို တွေ့ရှိရကြောင်း၊ စာတွင် တတိယအကြိမ် အရေးတော်ပုံကြီး စတင်ရန် အချိန်ရောက်ပြီ၊ ငါတို့ကျောင်းသားများ စတင်လှုပ်ရှားမှ ပြင်ပအကူအညီရလိမ့်မည်ဟု တပ်လှန့်ရေးသားထားကြောင်း မြို့ခံများမှတဆင့် သိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ရေရှည်ဖမ်းဆီးထားရန်နှင့် အဖွဲ့ချုပ်ကို ချေမှုန်းပစ်ရန် နအဖက အောက်လမ်းနည်းနိုင်ငံရေးကစားကွက်ဖန်တီးနေ



ဗိုလ်မှူးကြီးစန်းပွင့်

**ဇူလိုင်၊ (၂၆)ရက်။**

နအဖခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ပြီး တိုင်းပြည်အုံကြွဆူပူမှုဖြစ်ရန် ပူးပေါင်းကြံစည်သည်ဟူသော စွပ်စွဲချက်ဖြင့် First Eleven အားကစားဂျာနယ် အယ်ဒီတာချုပ် ကိုဇော်သက်ထွေးအပါအဝင် လူ(၁၂)ဦးတို့အား ဖမ်းဆီးထားကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် နအဖ အာဏာပိုင်များက ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုဖမ်းဆီးထားသူ (၁၂)ဦးတို့သည် ကေအဲန်ယူ၊ အက်စ်အက်စ်အေ စသည့် တိုင်းရင်းသားလက်နက်ကိုင်များ၊ အေဘီအက်စ်ဒီအက်ဖ်နှင့် ပြည်ပရောက် အဲန်အယ်လ်ဒီအဖွဲ့၏ အကူအညီတို့ကို ယူခဲ့ကြကြောင်း နအဖစစ်ထောက်လှမ်းရေး ဒုတိယအကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက စွပ်စွဲပြောကြားခဲ့သည်။

၎င်းက ပြောကြားရာတွင် ယခုကိစ္စကို ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီ ခေါင်းဆောင်များက သိမသိ မသေချာသေးသော်လည်း ၎င်းတို့နှင့် ဆက်နွှယ်မှု ရှိမရှိဆိုသည်ကို ဆက်လက် စစ်ဆေးဖော်ထုတ်သွားမည်ဟု ဆိုသည်။

စစ်ထောက်လှမ်းရေးအရာရှိကြီးတဦးဖြစ်သူ ဗိုလ်မှူးကြီးစန်းပွင့်က ယခုဖမ်းဆီးထားသည့်သူများသည် ဇူလိုင်(၁၉)ရက် အာဇာနည်နေ့တွင် နအဖခေါင်းဆောင်များအား လုပ်ကြံနိုင်ရန် အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ကျော်ဝင်းတို့၏ နေအိမ်များအပါအဝင် ရန်ကုန်မြို့ နေရာ(၅)ခုတွင် ချိန်ကိုက်ဗုံးများ ထောင်ထားခဲ့ကြကြောင်း၊ ၎င်းတို့ကို ယခုလ (၁၆–၁၇)ရက်တွင် ပေါက်ကွဲစေနိုင်သည့်ပစ္စည်းများ၊ ချိန်ကိုက်ဗုံးလုပ် ကိရိယာများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးထားသူများအနက် ၁၉၇၉ ခုနှစ်က ထိုင်းလေယာဉ်ကို ပြန်ပေးဆွဲခဲ့သည့် ရဲသီဟ၏ တူတော်စပ်သူ ကိုဇာနည်ထွန်းလည်း ပါဝင်သည်ဟု စစ်ထောက်လှမ်းရေး ဒုတိယ အကြီးအကဲ ဗိုလ်ချုပ်ကျော်ဝင်းက ပြောဆိုသွားသည်။

၎င်းတို့၏ထုတ်ဖော်ချက်အရ ဖမ်းဆီးခံထားရသူများမှာ ကိုသက်ဇော် (ခ) ဇော်သက်ထွေး၊ ဇာနည်ထွန်း(ရဲသီဟ၏တူ)၊ဇော်မျိုးထွဋ် (ခ) ဇော်ဇော်၊ ဇော်နိုင်ထွန်း(ခ) ဖြူလေး၊ ဇေယျာဦး (ခ) ရွှေမန်းနှင့် ပဲခူးမှ နိုင်မင်းကြည် (ခ) ကိုမင်းကြည်နှင့် ကိုအေးမြင့်၊ ကေအဲန်ယူတပ်မဟာ(၂)ဌာနချုပ်မှ တပ်ကြပ်ကြီးအဆင့်ရှိ စောခါဘေ(ခ) စောမြစိန်နှင့် မွန်ပြည်သစ်ပါတီဝင်နှစ်ဦးဖြစ်သည့် နိုင်ယက္ခ (ခ) နိုင်နေဝင်းနှင့် နိုင်မျိုးသွေးတို့ ပါဝင်ကြောင်း သိရသည်။

နအဖ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလဖန်းက ဖမ်းဆီးခံထားရသူများသည် ကေအဲန်ယူနှင့် ပတ်သက်ဆက်စပ်မှု မရှိကြောင်း ငြင်းဆိုသွားခဲ့ပြီး ယခုလို ဖောက်ခွဲမှု ဆူပူမှုများ ဖြစ်ပေါ်နေသည်မှာ နအဖ၏ လုပ်ဆောင်နေမှုသာဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။

နိုင်ငံရေးလေ့လာသူများက အာဆီယံခေါင်းဆောင်များနှင့် အခြားအာရှခေါင်းဆောင်များထံ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကြာမီက ပေးပို့ခဲ့သည့်စာထဲတွင် အဲန်အယ်လ်ဒီသည် နအဖကို ဖြုတ်ချနိုင်ရန် ကြံစည်ခဲ့ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားရခြင်းဖြစ်ကြောင်း ရေးသားထားချက်များနှင့် ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲပါ စွပ်စွဲချက်များမှာ ဆက်စပ်နေပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်နှစ်ရှည် ချမှတ်ကာ အဖွဲ့ချုပ်ကို အဆုံးတိုင် ချေမှုန်းပစ်ရန် ကြံရွယ်၍ ယခုလို အကွက်ဆင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကောက်ချက်ချခဲ့ကြသည်။

❖



# ဒီပဲယင်းအကြမ်းဖက်မှုကြီးအား အမြန်ဆုံး စစ်ဆေးအရေးယူပေးရန် နအဖဥက္ကဋ္ဌနှင့် ကုလအတွင်းရေးမှူးထံ အဖွဲ့ချုပ်လူငယ်များ တောင်းဆို



**ဇူလိုင်၊ (၁၀)ရက်။**

မေ(၃၀) ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်မှုနှင့်ပတ်သက်၍ အမြန်ဆုံး စစ်ဆေးအရေးယူပေးရန် အဖွဲ့ချုပ်အဖွဲ့ဝင်လူငယ်များက နအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံ စာရေးတောင်းဆိုခဲ့ကြကြောင်း သိရသည်။

ယခုလ (၁)ရက်နေ့စွဲဖြင့် နအဖဥက္ကဋ္ဌထံပေးပို့ခဲ့သည့် တောင်းဆိုစာတွင် အဖွဲ့ချုပ်ဝင်လူငယ် (၁၀၆)ဦးတို့ လက်မှတ်ရေးထိုးထားကြပြီး အဓိကတောင်းဆိုချက်(၃)ရပ်ကို ဖော်ပြထားသည်။ ထိုတောင်းဆိုချက်များမှာ အဖွဲ့ချုပ်ခေါင်းဆောင် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ထိန်းသိမ်းထားသူအားလုံး အမြန်ဆုံးပြန်လွှတ်ပေးရန်၊ တနိုင်ငံလုံးအတိုင်းအတာဖြင့် ပိတ်ထားသည့် အဖွဲ့ချုပ်ရုံးများအားလုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်မှုတွင် ပါဝင်သည့်သူများအား အမြန်ဆုံးဖော်ထုတ်၍ စစ်ဆေးအရေးယူပေးရန်တို့ ဖြစ်သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အဖွဲ့ချုပ်အဖွဲ့ဝင်များအား ယုတ်မာကြမ်းတမ်းသည့် လူရမ်းကားတစုက အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းကြောင့် အခင်းဖြစ်ပွားရာတွင် ပါဝင်သွားသည့် အဖွဲ့ချုပ်ဝင်လူငယ်များအတွက် အလွန်စိုးရိမ်မိကြောင်း၊ အဖွဲ့ချုပ်ခေါင်းဆောင်များအား ထိန်းသိမ်းထားခြင်းနှင့် အဖွဲ့ချုပ်ရုံးများ ပိတ်ထားသည့်အတွက် ဒီမိုကရေစီနိုင်ငံထူထောင်မည့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် စိုးရိမ်သောကများ ဖြစ်ပေါ်ရကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ဒီပဲယင်းကိစ္စအား သတင်းမှန်အတိုင်း ဖော်ထုတ်ပေးရန်နှင့် သေဆုံး၊ ပျောက်ဆုံးနေသူများနှင့် ထိန်းသိမ်းထားသူများ၏ အမည်စာရင်းကို အတိအကျ ဖော်ထုတ်ကြေညာပေးရန် တောင်းဆိုပါကြောင်း အဖွဲ့ချုပ်လူငယ် (၁၀၆)ဦးတို့က စုပေါင်းလက်မှတ်ရေးထိုးပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စာတစောင်ပေးပို့ခဲ့သည်။

အလားတူ ဇူလိုင်(၈)ရက်နေ့စွဲဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ရန်ကုန်အခြေစိုက် ယူအဲန်ဒီပီချ်စီအာရ်ရုံးမှတဆင့် စာတစောင်ပေးပို့ခဲ့သည်။ ထိုစာတွင် ကုလသမဂ္ဂမှ ဦးစီး၍ ဒီပဲယင်းအရေးအခင်း စုံစမ်းရေးကော်မရှင်တရပ် ဖွဲ့စည်းပေးရန်၊ မတရားဖမ်းဆီးထားသော ကျောင်းသားများ၊ သံဃာများ၊ နိုင်ငံရေးအကျဉ်းသားအားလုံးတို့အား အမြန်ဆုံးလွှတ်ပေးရန်၊ အဖွဲ့ချုပ်ရုံးများအားလုံး အမြန်ဆုံးပြန်ဖွင့်ပေးပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို (၆)လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်ကို ကမ္ဘာသို့ ကြေညာပေးရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာ့အရေး ဆွေးနွေးတင်ပြ၍ နအဖကိုယ်စားလှယ်အား ကုလသမဂ္ဂအဖွဲ့အစည်းမှ ဖယ်ရှားပေးရန်တို့ ပါဝင်သည်။ ❖

# ကျည်ရွာလုပ်ကြံမှုကြီးအပြီး ကျန်ရစ်သည့်သဲလွန်စများ နအဖကဖျောက်ဖျက်



မေ(၃၀) ဒီပဲယင်းအရေးအခင်းဖြစ်ပွားခဲ့သည့်နေရာ

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် ကျည်ရွာတွင် မေ(၃၀)လုပ်ကြံမှုကြီးအား အာဏာပိုင်များက ကြိုတင်အကွက်ချလုပ်ဆောင်ခဲ့ပြီးနောက် ကျန်ရစ်သည့်သဲလွန်စများ ဖျောက်ဖျက်ပစ်ရန် လုပ်ဆောင်လျက်ရှိသည်။

အာဏာပိုင်များက ဒေသခံတို့၏ အသွားအလာကို ကန့်သတ်ထားပြီး ပုဒ်မ (၁၄၄) ထုတ်ပြန်ထားသည်။ အခင်းဖြစ်ပွားခဲ့ရာအနီးအနားရှိ ကျေးရွာများကိုလည်း ဖျက်သိမ်းရွှေ့ပြောင်းပစ်ရန် စီစဉ်နေသည်။ လုပ်ကြံမှုကြီးအတွင်း ယာယီရဲစခန်းအဖြစ် အသုံးပြုခဲ့သည့် ဆည်မြောင်းဦးစီးဌာနကိုလည်း အမှတ်(၂) ရဲစခန်းအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ အလားတူ ရဲများအပါအဝင် နယ်ခံဝန်ထမ်းများအားလုံးကို တနေရာစီ ပြောင်းရွှေ့မိန့်ပေးထားကြောင်း သိရသည်။ ဇွန်(၂၇)ရက်နေ့က အိုင်စီအာရ်စီ (အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့) ထိုဒေသသို့ သွားရောက်ခွင့်ရခဲ့သော်လည်း အာဏာပိုင်များက ကြိုတင်တားမြစ်ထားသည့်အတွက် ဒေသခံတို့မှာ ပွင့်ပွင့်လင်းလင်း မပြောပြရဲကြကြောင်း သိရသည်။ ❖

# အိုဘယ့်... တို့မီဒီယာ

ဇော်နိုင်ဦး

လွန်ခဲ့သောငါးနှစ်လောက်က ကျနော်တို့ဆီကို ပဲခူးကျေးလက်ဘက်က လူငယ်တဦးရောက်လာပါသည်။ သူ့အသက်က နှစ်ဆယ်ဝန်းကျင်လောက်ပဲ ရှိပါသေးသည်။ ပြည်တွင်းမှလာသော လူငယ်တဦးအနေဖြင့် မြန်မာပြည်တွင်းမှာ ပြောခွင့်မရခဲ့သောစကားပေါင်းစုံ၊ မကျေနပ်ချက်ပေါင်းစုံနှင့် မြိုသိပ်ထားရသမျှကိစ္စအဝဝကို အိတ်သွန်ဖာမှောက် ကျနော်တို့အား ပြောပြခဲ့ပါသည်။

သူတို့ဒေသက ရဝတတွေ မကောင်းကြောင်း၊ ကြံ့ဖွံ့တွေ လူပါးဝကြကြောင်း၊ ဒေသခံတပ်ရင်းတွေက အနိုင်အထက်ပြုကြကြောင်း စီကာစဉ်ကာပြောပြရာ ကျနော်တို့ကလည်း လူထုအသံ အစစ်အမှန်ကို ကြားနေရပြီဟုဆိုပြီး ကျေနပ်ပီတိဖြစ်နေခဲ့ရပါသည်။ သို့သော် ကျနော့်စိတ်ထဲတွင် တခုခုလိုနေသလို ခံစားရသဖြင့် သူ့အား ကျနော်တို့ အသိချင်ဆုံး မေးခွန်းကို မေးခဲ့ကြပါသည်။

"ညီလေးပြောတာက ရဝတတို့၊ ကြံ့ဖွံ့တို့၊ တပ်ကြပ်ကြီးဗိုလ်ကျတာတို့တော့ တော်တော်စုံသွားပြီပဲ၊ ဒါတွေကလဲ ညီလေးတို့နဲ့ တိုက်ရိုက်ထိတွေ့နေရတာဆိုတော့ အမှန်အတိုင်း ပိုသိရတာပေါ့။ နောက်ပြီး ညီလေးတို့အနေနဲ့ အခု အုပ်ချုပ်နေတဲ့ အစိုးရအပေါ် ဘယ်လိုမြင်သလဲ၊ ဥပမာ ဗိုလ်ခင်ညွန့်တို့ ဘာတို့ကိုပေါ့။"

ချာတိတ်သည် ဆယ်စက္ကန့်လောက် ငြိမ်သက်သွားပါသည်။ ပြီးမှ တလုံးချင်း သူ့အမြင်ကို ခပ်ဖြေးဖြေး ပြောပြပါသည်။

"ဗိုလ်ခင်ညွန့်ကတော့ ဘုရားဒကာဗျ၊ ဗမာတပြည်လုံး သူလှူထားတဲ့ တံတားတွေကလည်း အများကြီးဗျ"....တဲ့၊ စဉ်းစားသာ ကြည့်ကြပါကုန်၊ ကျနော်တို့အားလုံး ပက်လက်လန်သွားပါသည်။

နောက်ထပ်ကြုံရသော လူငယ်တယောက်မှာ ရန်ကုန်ရှေ့ပြည်သာမှဖြစ်ပါသည်။ သူက ကျနော့်ကို ပြည်တွင်းမှ လူထု၏ ဒုက္ခပေါင်းစုံကို တနာရီခန့် စီကာပတ်ကုံးပြောပြပါသည်။ ပြည်ပမှ မြန်မာဘာသာဖြင့် လွှင့်သော ရေဒီယိုအစီအစဉ်များကိုလည်း သူနားထောင်လေ့ရှိသည့်အကြောင်း၊ စစ်အစိုးရကို ဆန့်ကျင်သည့်အဖွဲ့အစည်းတခုခုကို ဝင်ရောက်လုပ်ကိုင်ရန် ဆုံးဖြတ်ထားကြောင်း အားတက်သရော ပြောပြခဲ့ပါသည်။ ကျနော်က သူ့ကို "ဘာအကူအညီပေးရမလဲ"ဟု ပွင့်ပွင့်လင်းလင်း မေးခဲ့ပါသည်။ သူကလည်း ယတိပြတ်ဆုံးဖြတ်ထားပြီးပုံဖြင့် ခိုင်ခိုင်မာမာ အဖြေပြန်ပေးခဲ့ပါသည်။

"ကျနော် CRPP ဝင်ချင်လို့ အကို"

.... .... .... ....

.... .... .... ....

ကျနော်တို့ ဘာများမှားသွားခဲ့ကြသလဲဟု ကျနော် အထပ်ထပ်စဉ်းစားခဲ့ပါသည်။ ကျနော် ရန်ကုန်မှာရှိစဉ်က ဝါရင့်နိုင်ငံရေးသမားကြီးတဦး ပြောခဲ့သော သူ၏ ကောက်ချက်ကို အမှတ်ရမိပါသည်။

"ဒီကောင်တွေ အာဏာကို ဘယ်လိုချုပ်ကိုင်ထားသလဲဆိုတဲ့ အချက်အလက်အကြောင်းအရာတွေကတော့ အမျိုးမျိုးရှိနိုင်တာပေါ့ကွာ၊ ဒါပေမယ့် အဘ အမြင်ကတော့ ဒီကောင်တွေ အဓိကထိန်းချုပ်နိုင်အောင် ကြိုးစားထားတာက နှစ်ခုထဲကွ၊ အဲဒါက စစ်တပ်နဲ့ မီဒီယာ(ဝါဒဖြန့်ချီရေးယန္တယား)ပဲကွ"

မှန်ပါသည်၊ ရန်သူ၏ ဝါဒဖြန့်ချီရေးယန္တယား အားသာမှုကို ကျနော်တို့ သွားတွေ့ပါသည်။ တပြိုင်နက်တည်းမှာပင် ကျနော်တို့၏ ဝါဒဖြန့်ချီရေးယန္တယား အားနည်းမှုကို သတိပြုမိပါသည်။ နှစ်ချက်စလုံးသည် လူထုအကျိုးကို ထိခိုက်စေကြောင်း ကျနော်တို့ ရှင်းရှင်းလင်းလင်း မြင်ခဲ့ပါသည်။

'လိမ်စရာရှိရင် ရဲရဲတင်းတင်း လိမ်ရမည်'ဆိုသော ဟစ်တလာနှင့် သူ၏ပြန်ကြားရေးဝန်ကြီးတို့၏ ကမ္ဘာကျော်လိမ်နည်းကားကြီးသည် မြန်မာ့စစ်အုပ်စုအတွက်တော့ အလုပ်ဖြစ်သင့်သလောက်ဖြစ်နေခဲ့တာ သေချာပါသည်။ ရာစုနှစ်ထက်ဝက်ခန့်လောက် မျက်စိပိတ် နားပိတ်ခံထားရသော မြန်မာလူထုမှာ စစ်အုပ်စုမီဒီယာမှတပါး ရွေးချယ်စရာ မရှိခဲ့ပါ။ အမှားကြာ၍ အမှန်ဖြစ်တတ်သော မိုးခါးရေပင်လယ်ကြီးထဲမှာ မြန်မာပြည်သူတွေ နစ်နေခဲ့ရတာလည်း ကြာပါပြီ။ ကျနော်တို့အတွက် အတိုက်အခံမီဒီယာ ဟူသည်မှာ ခိုင်ခိုင်မာမာ မရှိလှပါ။ စစ်တပ်က လက်နက်ဖြင့် အကြမ်းဖက် နှိမ်နင်းပါသည်။ သူတို့မှာ သူတို့ဘာလုပ်လုပ် မှန်သည်ဟု ပြောသည့် မီဒီယာ ခိုင်မာစွာရှိပါသည်။ လူထုက အဖိနှိပ်ခံရပါသည်။ လူထုဘက်က ရပ်တည်ပေး၊ ပြောပေး၊ ကာကွယ်ပေးမည့် ကိုယ်စားပြုအသံဟူ၍ မည်မည်ရရမရှိပါ။ ဒီကွက်လပ်၊ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ကျနော်တို့လူတွေ တလျှောက်လုံး ကြိုးစားခဲ့ကြပါသည်။ မြန်မာပြည်ထဲမှာတော့ အကြပ်အတည်းပေါင်းစုံကြားမှပင် လူထုဘက်မှ ကျားကန်ရပ်တည်ပေးသော မီဒီယာသမား၊ စာနယ်ဇင်းသမားများကို တွေ့ရပါသည်။ စွန့်စွန့်စားစားဖြင့် စစ်အုပ်စုကို နားရွက် တံတွေးဆွတ်ဝံ့သော မီဒီယာသမားများကို တွေ့ရပါသည်။ ကျနော်တို့ လေးစား၍ မဆုံးပါ။

ကျနော်တို့ ထိုင်း–မြန်မာနယ်စပ်ကို ထွက်လာကြသော အတိုက်အခံအဖွဲ့အစည်းများအနေဖြင့် လူထုဘက်က ရပ်တည်မည့် မီဒီယာတရပ်ကို အာသာငမ်းငမ်းတောင့်တခဲ့ကြပါသည်။ လိုနေတဲ့ကွက်လပ်ကို ကျနော်တို့ ဖြည့်မည်ဟု ဆုံးဖြတ်ခဲ့ကြပါသည်။ မီဒီယာအမျိုးမျိုးရှိရာတွင် အထူးသဖြင့် အသံလွှင့်အစီအစဉ်များကို ပိုမိုတောင့်တခဲ့ပါသည်။ အားလုံး၏ အထွေထွေ ပေးဆပ်ခဲ့ရသော ရလဒ်များအဖြစ် ဒီမိုကရက်တစ်မြန်မာ့အသံကို ကျနော်တို့ ထူထောင်ခွင့်ရခဲ့ပါသည်။ နောက် လွတ်လပ်သောအာရှအသံ ပေါ်လာပါသည်။ ကျနော်တို့အားလုံး ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။

ကျနော်တို့အားလုံးအတွက် လိုအပ်သော ကွက်လပ်ကို ဖြည့်ခွင့်ရခဲ့ကြပါပြီ၊ ကျနော်တို့လည်း မီဒီယာတပ်မှူးအသီးသီးကို အားကိုးမျှော်လင့်တကြီး ရွေးချယ်ခဲ့ကြပါသည်။

ကိုင်း.... မီဒီယာစစ်မြေပြင်ရှေ့တန်းကို မနားတမ်းသွားလိုက်ကြပေရော့။ .... အောင်သပြေကို ညောင်ရေပါ လောင်းပေးလိုက်ပါသည်။ ....

စစ်အုပ်စုမှာ သူ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားနိုင်သော မီဒီယာပေါင်းစုံရှိပါသည်။ MRTV၊ မြဝတီ၊ MRTV-3၊ နေ့စဉ်ထုတ်သတင်းစာအမျိုးမျိုး၊ ဂျာနယ်၊ စာနယ်ဇင်းအမျိုးမျိုး ....။

နောက်ပြီး သူပြောချင်၊ ဆိုချင်၊ ဝါဒဖြန့်ချင်တာ မှန်သမျှကို ကာတွန်းစာအုပ်နှင့် သီချင်းစာအုပ်ပါမကျန် ရှေ့ဆုံးစာမျက်နှာမှာ ဦးစားပေး ဖော်ပြခွင့်ရနေသော အာဏာပိုင်ဖြစ်ပါသည်။ သူတို့မှာရှိသော ဝါဒဖြန့်ချီရေးတင်းပုတ်ကြီးဖြင့် ပြည်သူလူထုကို အားမနာတမ်း ထုနှက်ပါသည်။ အဖိနှိပ်ခံပြည်သူလူထုကြီးမှာ တုံးအောက်ကဖား၊ ပြားမှပြား။

ကျနော်တို့မှာ တင်းပုတ်လောက် မကြီးသော်လည်း သွားကြားထိုးတံလောက်တော့ ရှိသည့် မီဒီယာအချို့ကို ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးတွင် သွေးမြေကျခဲ့သူများစွာတို့၏ ကျေးဇူးကြောင့် လက်ဆောင်အဖြစ်ရခဲ့ပါသည်။ သွားကြားထိုးတံမှာလည်း သူ့အရွယ် သူ့အစွယ်နဲ့ပေပဲ၊ အားတက်ခဲ့ကြရပါသည်။

ကျနော်တို့မှာ မြန်မာ့မြေပေါ်နှင့် ကင်းလွတ်ခဲ့သောအခါ လွတ်လပ်ခွင့် အနည်းငယ်ကို မြည်းတို့ခွင့်ရခဲ့ကြပါသည်။ ဒီကမ္ဘာကြီးမှာ ကျနော်တို့အတွက် လိုချင်စရာတွေ များလွန်းလှပါသည်။ ဒီမိုကရစီရေး၊ လူ့အခွင့်အရေးနှင့် တဦးချင်းဗဟိုပြုဝါဒတွေကို ပိုမိုလေ့လာခွင့်၊ သိခွင့်ရကြသည်။ Freedom of Media, Freedom of Journalism, Individualism စသည်ဖြင့် ဖြစ်ပါသည်။ နောင်တချိန် မြန်မာပြည် ဒီမိုကရေစီကောင်းကင်ကြီးအောက်တွင် ထွန်းလင်းခွင့်ရလို့ကဖြင့် ပွင့်သောပန်းတိုင်းမွှေးအောင် အပြိုင်အဆိုင်ကြိုးစားခွင့်ရကြလိမ့်မည်။ ခေတ်ရေစီးကို ဆန်ပြီးတားဖို့က တစထက်တစ ပိုပြီး ခက်လာတာကိုလည်း ကျနော်တို့ မြင်နေရသည်။ ကျနော့်အယူအဆကလည်း၊ အခွင့်အရေးတန်းတူညီမျှရှိနေသည့်အခြေအနေဆိုလျှင် အရာအားလုံးကို လွတ်လပ်စွာ ရှင်သန်စေချင်သည်။

သို့သော် .... .... ....

"ကေအဲင်ယူက လူ့အခွင့်အရေး ချိုးဖောက်သည်၊ ABSDF က လူသတ်သည်၊ ဒေါ်အောင်ဆန်းစုကြည်က ခေါင်းမာသည်၊ ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုတ်ကိုင်ထားတာ တင်းမာသည်၊ ဒီပဲယင်းကိစ္စမှာ လူတွေအများကြီး သေတယ်ဆိုတာ မဟုတ်ပါဘူး၊ စီးပွားရေးပိတ်ဆို့ရင် လူတွေငတ်ကုန်ကြမှာပေါ့။"

ဒီအသံ ဒီသတင်းတွေကို ကျနော်တို့ မျှော်လင့်မထားသောနေရာများက ကြားခဲ့ကြရပါသည်။ မြန်မာတိုင်း(မ်)သတင်းစာ၊ မအူပင်ခြင်ကျားရဲ့ ဆောင်းပါးတွေထဲက အချက်အလက်များ၊ နအဖ သတင်းစာရှင်းလင်းပွဲက အသံ စတာတွေနှင့် တသွေမတိမ်း တူသောအသံများလည်းဖြစ်ပါသည်။ ဒီအသံများကို ကျနော်တို့၏ အတိုက်အခံကိုယ်စားပြုမီဒီယာများက အော်ကြီးဟစ်ကျယ် ပြောခဲ့သည်ဟုဆိုပါလျှင် သင် အံ့သြပါသလား။

ဒီအသံ ဒီသတင်းတွေကို ကျနော်တို့ မျှော်လင့်မထားသောနေရာများက ကြားခဲ့ကြရပါသည်။
မြန်မာတိုင်း(မ်)သတင်းစာ၊ မအူပင်ခြင်ကျားရဲ့ ဆောင်းပါးတွေထဲက အချက်အလက်များ၊ နအဖ သတင်းစာ
ရှင်းလင်းပွဲက အသံ စတာတွေနှင့် တသွေမတိမ်း တူသောအသံများလည်းဖြစ်ပါသည်။
ဒီအသံများကို ကျနော်တို့၏ အတိုက်အခံကိုယ်စားပြုမီဒီယာများက အော်ကြီးဟစ်ကျယ်
ပြောခဲ့သည်ဟုဆိုပါလျှင် သင် အံ့သြပါသလား။

အိပ်မက် မဟုတ်ပါ၊ ဤအရာများ အားလုံး တကယ်ဖြစ်သွားပြီးခဲ့ပါပြီ။

'ဝါလေခီး'မှာ ကျနော်နှင့် အလွန် အင်မတန်ရင်းနှီးသော သတင်းသမားတယောက်က သူ့ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြခဲ့ပါသည်။

"နဝတ မကောင်းကြောင်းတွေချည်းပဲ ပြောရတာ ညည်းငွေ့လာပြီဗျ၊ ဒါတွေက သိပ်ပြီး သတင်းမဖြစ်ချင်တော့ဘူး၊ ကိုယ့်တို့လည်း တိုးတက်သင့်သလောက် တိုးတက်မလာဘူး၊ ရပ်နေတယ်"တဲ့။

ကျနော်က ရင်းနှီးသူပီပီ သူ့ကိုပြန်ပြောခဲ့ပါသည်။ "နဝတ ကောင်းကြောင်းရေးမှ တိုးတက်မယ်ဆိုရင်လဲ ကိုယ့်တက်လမ်းကိုယ်ရှာပေါ့ကွာ"ဟုပြောဖြစ်ခဲ့ပါသည်။

သူသည် ကျနော် ခွတိုက်ပြီး အကြံပေးခဲ့သလို ဘယ်တော့မှ လုပ်မည့်သူ မဟုတ်ပါ၊ သူ့ရင်ထဲမှာ ဘာရှိသည်ဆိုတာကို ကျနော် သေသေချာချာ သိပါသည်။ သူသည် နဝတကောင်းကြောင်း ဝါဒဖြန့်ခြင်းကို လုပ်မည့်သူမျိုး မဟုတ်ပါ၊ သို့သော် နောက်ပိုင်းတွင် အတိုက်အခံမကောင်းကြောင်း မထိခလုတ်ထိခလုတ် လုပ်ရင်းဖြင့် သူ့တိုးတက်လမ်းဟု ရှာတွေ့သွားပုံရကြောင်းကိုတော့ သတိပြုမိခဲ့ပါသည်။ ဖြစ်မှဖြစ်ရလေခြင်း။

သတင်းထောက်တဦးနှင့် သတင်းကိစ္စများကို ဆွေးနွေးဖူးပါသည်။ သူက.... မှန်တာဆိုရင် ဘာပဲဖြစ်ဖြစ် ရေးရ၊ ပြောရမည်ဟု အကြောက်အကန် ရပ်တည်ပါသည်။ အရှိအတိုင်းဖော်ပြတာ သူ့တာဝန်ဟု ဆိုပါသည်။

ဒီတရားကို ကျနော် မငြင်းလိုပါ၊ ကျနော်တို့အားလုံး ဒီဘဝမှာ ရပ်တည်နေကြတာကိုက အမှန်တရားအတွက်ပဲဖြစ်ပါသည်။ သို့သော် ကျနော်တို့ နေထိုင်ကြသော လောကကြီးသည် အခါခပ်သိမ်း သိမ်မွေ့နေပြီ မဟုတ်သေးပါ၊ တခါတရံ အမှန်တရားအတွက် အချိန်ယူရပါသည်၊ အချိန်ပေးရပါသည်၊ မှန်ပြီး အကျိုးမရှိသောစကားကို မပြောအပ်ဟုဆိုသော ဒဿနအချို့ကိုလည်း ကျနော်တို့ သတိထားရပါသည်။ ကျနော်တို့ အင်အားစုများနှင့်ပတ်သက်သော စွပ်စွဲချက်များကို ကြည့်လျှင်လည်း သေသေချာချာ သိ၍ပြောခြင်းထက် မှန်းဆ၍တင်ပြခြင်းများ ရှိသည်ကိုလည်း တွေ့ရဖူးပါသည်။ နစ်နာစရာရှိလျှင် ကျနော်တို့က ပိုပြီးနစ်နာပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျနော်တို့ အဖွဲ့အစည်းများသည် တလျှောက်လုံး လူထုဘက်ကသာ ခိုင်ခိုင်မာမာရပ်တည်ကာ ကွယ်ခဲ့ကြသော အင်အားစုများဖြစ်ခဲ့သောကြောင့် ဖြစ်ပါသည်။ နဝတ ပြောတာများကိုမူ ကျနော်တို့ လုံးဝ ဂရုမစိုက်ပါ၊ နဝတသည် ကျနော်တို့ ရန်သူဖြစ်သဖြင့် သူ့အလုပ်သူလုပ်ခြင်းကို ထူးပြီး မပြောချင်တော့ပါ။

ကျနော်ကတော့ နာမည်ကျော်စာရေးဆရာကြီးလူထုဦးစိန်ဝင်း ရေးခဲ့ဖူးတာလေးကို သဘောကျမိပါသည်။ သူ့အဆိုအရ ရဲဘော်သုံးကျိပ်ဝင်တွေ ပြည်ပကို ခိုးထွက်ကြတုန်းက ရန်ကုန်က စာနယ်ဇင်းသမားတွေ အတော် များများသိခဲ့ကြသည်ဟု ဆိုပါသည်။ အချို့ဆိုလျှင် ထိုသူများကို သူတို့ပင် ရှာဖွေစုဆောင်း ပို့ဆောင်ပေးခဲ့ကြရသည်။ သို့သော် အရှိအတိုင်းဖော်ပြတာ သတင်းသမားတာဝန်ပဲဆိုပြီး ဘယ်သူကမျှ မဖွခဲ့ကြသည့်အကြောင်း၊ သူတို့ခေတ်က စာနယ်ဇင်းသမားတွေ လူထုဘက်တော်သားတွေဘက်ကသာ ပြတ်ပြတ်သားသား ရပ်တည်ခဲ့ကြသည့်အကြောင်း ရေးခဲ့ပါသည်။ အိုးဝေ ဦးညိုမြတို့လို၊ ဆရာကြီး လူထုဦးစိန်ဝင်းတို့လို၊ ဂျာနယ်ကျော်ဦးချစ်မောင်တို့လို စာနယ်ဇင်းသမားများသည် ကျနော်တို့အတွက်တော့ စံပြဇာတ်ကောင်များဖြစ်ခဲ့ပါသည်။

ဘီအိုင်အေ၊ ဘီဒီအေခေတ်ကလည်း တော်လှန်ရေးလိုအပ်ချက်အရ တော်လှန်ရေးတပ်များကို ဖုတ်ပူမီးတိုက်ဖွဲ့ခဲ့ကြရသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ကိုသာ အခြေခံလျှက် ဖွဲ့ခဲ့ကြခြင်းဖြစ်ပြီး၊ စည်းရုံးရေး၊ အတွေ့အကြုံနှင့် စည်းကမ်းပိုင်းများမှာ အားနည်းခဲ့ကြပါသည်။ Well Trained Army ကြီးလုပ်ဖို့ အချိန်များစွာ မရခဲ့ကြပါ၊ ဒီ့အတွက် အမှားအယွင်းအချို့ရှိခဲ့သည်။ သို့သော် ယင်းကိစ္စများကို နယ်ချဲ့မှတပါး မည်သူကမျှ ရေးကြီးခွင်ကျယ် Highlight မလုပ်ခဲ့ကြ။ တခုချင်းကိစ္စထက် တခုလုံးကိစ္စကိုသာ ပိုမိုဦးစားပေးခဲ့ကြပါသည်။ နောက်ပိုင်း တစုံတရာပွင့်လင်းခဲ့သော ခေတ်များတွင်မူ ရေးနိုင်သလောက်ပြန်ရေးကြတာတွေ ရှိခဲ့ပါသည်။ ကျနော်တို့လည်း ဖတ်ခဲ့ရပါသည်။ ပြဿနာ မရှိလှပါ၊ တိုက်ရိုက် ပတ်သက်သူများက သို့မဟုတ် သေသေချာချာ သိသူများက တစုံတရာ ပြန်လည်ခုခံဖြေရှင်းနိုင်၊ ငြင်းခုံနိုင်သောဝန်းကျင်အောက်တွင် ကိုယ့်တာဝန် ကိုယ်ယူနိုင်ကြပါသည်။

ဆက်လက်ဖော်ပြပါမည်



## (၁)

ထိုအိမ်ခြံကို တောင်ပေါ်ကျ မယ်တုကွီ စမ်းချောင်းလေးက ရစ်ဝိုက်ခွေနေ၏။ စမ်းရေညိုတို့ စီးသံကို တရံမလပ် ကြားနေရသည်။ အထက်တောင်ကုန်းထက်မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ကျောင်းတော်မှ ဆွမ်းစားကြေးစည်သံ....၊ ခပ်လှမ်းလှမ်းမှ မီးစက်မောင်းသံ....၊ ကားများ ဖြတ်သွားသံများ မပြတ်မလပ် ကြားနေရတတ်သည်။ မယ်တုကွီချောင်း၏ အခြားတဘက်ကမ်း၌မူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆောက်အဦများ၊ မကြာမတင်ကမှ အမည်သစ်ပေးထားသည့် ဒေါ်အောင်ဆန်းစုကြည်လမ်း၊ လမ်းအဝင်၌ 'ထူးရာစိုး'(မြန်မာပြန်လျှင် 'အဓိပတိအာဇာနည်') ကော်ဖီဆိုင်ရှိသည်။ လမ်းအတက်၌ ဒီအေဘီကုန်းမြင့်ရှိသည်။ လမ်းအဆုံးပိုင်း၌ နိုဗယ်လ်ငြိမ်းချမ်းရေး လက်ဘက်ရည်ဆိုင် ရှိသည်။ မာနယ်ပလောကား မြို့ပြဆန်လာခဲ့လေပြီ။

မာနယ်ပလော တော်လှန်ရေးမြို့ကလေးမှ သတင်းများသည် မြန်မာပြည်ကို လှုပ်ကိုင်နေသည်။ ကမ္ဘာ့အသံများထံ ပေါက်ရောက်နေသည်။ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်လ်ဆုဂုဏ်ပြုပွဲ အခမ်းအနားသတင်း၊ အေဘီဝိုင်အမ်ယူ၏ သုံးနှစ်မြောက် အခမ်းအနားသတင်း၊ ကျောင်းသားများ၏ တတိယညီလာခံသတင်း၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အလံအား ရန်ကုန်၊ ကျောက်ကုန်းဗဟိုဌာနချုပ်မှ ဖြုတ်ယူ၍ မာနယ်ပလောတော်လှန်ရေးမြို့တော်၌ ပြောင်းရွှေ့စိုက်ထူလိုက်ခြင်းသတင်း....

"ဥပဒေတွင်းတိုက်ပွဲမှ လက်နက်ကိုင်တော်လှန်ရေးသို့ ...."

၎င်းသတင်းသည် မြန်မာပြည်တဝှမ်းလုံးအတွက် အရေးကြီးလှပေသည်။ မယ်တုကွီချောင်းက ကွေ့ဝိုက်ခွေထားသည့် ခြံကလေးထဲမှ အိမ်ပေါ်တွင် စာရေးသူက လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ရဲဘော်မြင့်ဇော်၊ အတွင်းရေးမှူး ရဲဘော် အောင်မိုးဇော်တို့နှင့် တွေ့ဆုံကာ လူ့ဘောင်သစ်ပါတီ၏ သတင်းကို ယူနေသည်။ အခြား ဗဟိုကော်မတီဝင်များနှင့် တိုင်းကော်မတီများလည်း အိမ်ပေါ် ရောက်နေသည်။

သူတို့သည် အသက်သုံးဆယ်ကျော်ဟန် မတူသေးသည့် လူငယ်များဖြစ်၏။ လူလတ်အရွယ်သို့ နီးကပ်နေသူ တဦးတလေမျှမပါ။

၎င်းလူငယ်များသည် မြန်မာပြည် လူ့ဘောင်ကြီးတရပ်လုံးကို အသစ် တည်ဆောက်မည်ဟူသော.... အဓိပ္ပာယ်ရှိသော ပါတီအလံကို ကိုင်ထားကြ၏။

လူ့ဘောင်သစ်ပါတီဟာ ဥပဒေအတွင်းပါတီတွေထဲမှာ ဒုတိယအင်အားအကြီးဆုံးပါတီလို့ ကျနော်တို့ သိထားပါတယ်။ အန်အယ်လ်ဒီပြီးရင် လူ့ဘောင်သစ်ဟာ ဒုတိယပါတီကြီးပဲ၊ ပါတီဝင် ခြောက်သိန်းကျော်တယ်။ ဘာကြောင့် လူ့ဘောင်သစ်ပါတီဟာ ဒုတိယအင်အားအကြီးမားဆုံး ပါတီကြီးဖြစ်လာရပါသလဲ။

စာရေးသူ၏မေးခွန်းမှာ ထိုမျှသာ ဖြစ်၏။ သူတို့ကမူ တရက်နီးပါးမျှ ဖြေနေရ၏။

၎င်းဖြေဆိုမှုများကို ပြန်၍ အနှစ်ချုပ်လိုက်လျှင် ဖြေကြားမှုထဲတွင် အချက်ကြီးနှစ်ရပ်ကို ပင်မအဖြစ် မြင်ရသည်။

ပထမအချက်၌ ၎င်းတို့သည် ကျောင်းသားထုကို အခြေခံပြီး တပြည်လုံးရှိ လယ်သမား၊ အလုပ်သမားနှင့် ဆင်းရဲသား ပြည်သူလူထုများထဲမှ လူငယ်ထုကြီးတရပ်လုံးကို စည်းရုံးမိခြင်းဖြစ်၏။

ဒုတိယအချက်၌ ၎င်းတို့သည် ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ဥပဒေအတွင်း၌ အပြတ်သားဆုံး တိုက်နေခြင်းနှင့် ထိုကဲ့သို့ တိုက်နေချိန်၌ပင် လက်နက်ကိုင်တော်လှန်ရေးလုပ်ရန် အတွင်းပိုင်း၌ ဆုံးဖြတ်ချက်ချ အသင့်ပြင်မှုများ ရှိခဲ့ခြင်းဖြစ်၏။

☆

ရှစ်လေးလုံးအရေးတော်ပုံကြီး၌ ဗကသကို ပြန်လည်ဖော်ထုတ်သောအခါ မင်းကိုနိုင်သည် ဥက္ကဋ္ဌဖြစ်လာခဲ့၏။ မိုးသီးဇွန်က အတွင်းရေးမှူးဖြစ်လာခဲ့သည်။

ဖက်ဆစ်များက အရေးတော်ပုံကြီးကို စစ်တပ်ဖြင့် ထပ်မံပစ်သတ် အာဏာသိမ်းသောအခါ ဗကသသည် စစ်ကြောင်းကြီးသုံးကြောင်းကို ခွဲဖြန့်လိုက်လေသည်။

ပထမစစ်ကြောင်းမှာ ဥပဒေအတွင်း နေမရသူများဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးထဲသို့ ကူးပြောင်းသွားရန်ဖြစ်၏။ ၎င်းစစ်ကြောင်း၏ တပ်မှူးကြီးများအဖြစ်ဖြင့် မောင်မောင်ကျော်၊ ဝင်းမိုး၊ အောင်နိုင်တို့က တာဝန်ယူခဲ့ရလေသည်။

ဒုတိယစစ်ကြောင်းမှာ ဗကသအဖြစ် ဆက်လုပ်ရေးဖြစ်၏။ ဥက္ကဋ္ဌ မင်းကိုနိုင်၊ ဒုဥက္ကဋ္ဌ ကိုကိုကြီး၊ အောင်ဒင်၊ အထွေထွေအတွင်းရေးမှူး ကိုညိုထွန်းတို့ တာဝန်ယူခဲ့သည်။ ဒုတိယစစ်ကြောင်းသည် ရန်သူက အကြမ်းဖက် ဖမ်းဆီးဖြိုခွဲခံခဲ့ရသည်။

တတိယစစ်ကြောင်းသည် ဥပဒေအတွင်း ပါတီတည်ထောင်ရေးဖြစ်၏။ မိုးသီးဇွန် ခေါင်းဆောင်သည့် စစ်ကြောင်းဖြစ်၏။ ပါတီဖွဲ့သောအခါ ဥက္ကဋ္ဌ မိုးသီးဇွန်၊ ဒုဥက္ကဋ္ဌ ကိုသက်ထွန်း၊ အထွေထွေအတွင်းရေးမှူး မိုးဟိန်းနှင့် တွဲဘက် ရဲနိုင်အောင် ဖြစ်လာလေသည်။

"ဒါကြောင့် ဒေါ်ခင်ကြည် ဈာပနမှာတုန်းက ကျနော်တို့ ကြွေးကြော်သံ ထုတ်ခဲ့ပါတယ်။ 'လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်တိုင်းသည် ဗကသဖြစ်ရမည်'လို့ ကျနော်တို့ ကြွေးကြော်သံထုတ်ခဲ့ပါတယ်"ဟူ၍ လက်ရှိဥက္ကဋ္ဌ ရဲဘော်မြင့်ဇော်က ပြောပြလေသည်။

☆

### သူ့ရိယသာရ

ဒုတိယအချက်မှာ ဥပဒေတွင်းတိုက်ပွဲ၌ ထိပ်တိုက်ရင်ဆိုင်မှုများကို ပြတ်သားစွာ လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ အာဏာမသိမ်းမီအထိ ဥပဒေအတွင်းလှုပ်ရှားသော နိုင်ငံရေးခေါင်းဆောင်တိုင်း၊ အဖွဲ့အစည်းတိုင်းသည် ကြားဖြတ်အစိုးရ တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည်။ ဗကသသည်လည်း ထိုတောင်းဆိုချက်အတိုင်း လျှောက်ခဲ့သည်။ သို့ရာတွင် စက်တင်ဘာလုပ်ကြံမှုကြီးအပြီး ဖက်ဆစ်စစ်တပ်က တင်းကျပ်စွာ ချုပ်ကိုင်လိုက်သောအခါ ဖက်ဆစ်များ ချမှတ်ပေးသည့် ၎င်းတို့၏ မဲကော်မရှင်အောက်တွင် ရွေးကောက်ပွဲဝင်ရေးသို့ အရောင်ပြောင်းကုန်ကြသည်။ ဖက်ဆစ်များကလည်း အတင်းအကျပ် ဖိအားပေးသည်။

လူ့ဘောင်သစ်ကမူ ကြားဖြတ်အစိုးရဖော်ဆောင်ရေး တောင်းဆိုချက်များကို နောက်ဆုံး တပါတီတည်း ကျန်ရစ်သည်အထိ၊ ဖိအားအပြင်းအထန်ဆုံး အချိန်အထိ ရပ်တည်နေသည်။ ရန်သူ၏ ဖမ်းဆီးနှိပ်စက်မှုများအောက်တွင် ဒုဥက္ကဋ္ဌ ကိုသက်ထွန်းသည် ရန်သူ့လမ်းကြောင်းအတိုင်း လိုက်ရေးဝင်လာလေသည်။ ထို့ကြောင့် တပြည်လုံး၌ အရွေးမခံရေးဖြစ်သော်လည်း ကိုသက်ထွန်းခေါင်းဆောင်မှုအောက်တွင် (၁၁) နေရာ ဝင်ရောက်အရွေးခံသွားကြသည်။ သို့ရာတွင် ပြည်သူလူထုကြီးနှင့် လူငယ်ထုကြီး ကမူ လူ့ဘောင်သစ်သည် ကြားဖြတ်အစိုးရ ရပ်တည်ချက်၌ပင် ရပ်တည်နေသည်ကို သိလေသည်။

ကြားဖြတ်အစိုးရတောင်းဆိုမှုသည် ဖက်ဆစ်အား ထိပ်တိုက်အန်တုခြင်းဖြစ်၏။ ထို့ကြောင့် တပြည်လုံး လူငယ်ထုကြီးသည် လူ့ဘောင်သစ်အပေါ်၌ ယုံကြည်ကိုးစားလာကြလေသည်။

ဒုတိယအချက်မှာ အန်အယ်လ်ဒီ၏ ဂန္ဓီကြေညာချက်ကို လက်ခံအတည်ပြုပြီး လွှတ်တော်ခေါ်ယူရေးအတွက် ဗကသ၊ ဗလသများနှင့် ပေါင်းစည်းကာ တိုက်ပွဲဝင်ခြင်းဖြစ်၏။ ဖက်ဆစ်များ၏ ရွေးကောက်ပွဲရလဒ် ဖျက်သိမ်းပစ်ရေးနှင့် ဖက်ဆစ်ဖွဲ့စည်းပုံရေးဆွဲရေး လုပ်ဆောင်ချက်ဖြစ်သည်။ ၁/၉၀ ကို နောက်ဆုံး တပါတီထဲ ကျန်နေရစ်သည်အထိ လက်မှတ်မထိုးဘဲ ရပ်တည်နေခြင်းဖြစ်၏။ ထို့ကြောင့် ကမ္ဘာ့သတင်းများ၌ပင် ၁/၉၀ ကို ငြင်းဆန်အန်တုနေသည့် တခုတည်းသောပါတီအဖြစ် ဖော်ပြခဲ့ကြရသည်။ နောက်ဆုံး၌ ရန်သူက ၁/၉၀ ကို လက်မှတ်မထိုးသဖြင့် အမှုဆောင်တဖွဲ့လုံး ဖမ်းသည်။ ဖက်ဆစ်များက လက်မှတ်မထိုးလျှင် ပါတီဖျက်သိမ်းမည်၊ ဖမ်းဆီးထောင်ချမည်ဟု ပြောင်အတိအလင်း ထုတ်ပြန်ချက် လုပ်လာသည့်အခါ၌ လက်မှတ်ထိုးခဲ့သည်။ သို့ရာတွင် ဖက်ဆစ်များကို အန်အတုဆုံး ပါတီအဖြစ်ဖြင့် ပိုမိုပေါ်လွင် ထင်ရှားလာလေသည်။

နောက်တချက်မှာ ပါတီသည် ထုတ်ပြန်ချက်များ၊ ကြေညာချက်များ ဗဟိုမှလည်းကောင်း၊ တိုင်းအသီးသီးမှလည်းကောင်း၊ မြို့နယ်အဆင့်ထိမှလည်းကောင်း၊ ထုတ်ပြန်ကြေညာကာ ရန်သူ၏ ဥပဒေမဲ့ဖျက်ဆီးမှု၊ သတ်ဖြတ်မှု၊ ပြည်သူအပေါ် ဖိနှိပ်မှု၊ လယ်သမားအပေါ် လုယက်သွေးစုပ်မှုများကို အဆက်မပြတ် လှုပ်ရှားတိုက်ပွဲဝင်နေခဲ့ခြင်းဖြစ်သည်။ ဖက်ဆစ်များကို ဖွင့်ချတိုက်ပွဲဝင်နေသဖြင့် အလုပ်သမား၊ လယ်သမားများနှင့် ပြည်သူများ၏ တိုင်တန်းရာကြီးတခုအဖြစ် ဖြစ်တည်လာခဲ့လေသည်။ ၎င်းသည်မှာ ပါတီသည် ဒုတိယအင်အားအကြီးမားဆုံး ဖြစ်လာခြင်း၌ အလွန်အရေးကြီးသည့် အချက်ကြီးတခု ဖြစ်သည်။

နောက်တချက်မှာ ပါတီတည်ထောင်တာဟာ နည်းပရိယာယ်အရသာဖြစ်တယ်၊ နောက်ဆုံးတိုက်ပွဲကြီးအတွက် ပြင်ဆင်ချက်သာဖြစ်တယ်ဆိုသည်ကို ပါတီတရပ်လုံး သိနေရန် အနည်းနည်း အဖုံဖုံဖြင့် ထုတ်ပြန်ချက်များဖြင့် ရိုပ်မိနေစေခဲ့ခြင်းဖြစ်၏။ ၎င်းမှာ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းအတိုင်း လိုက်ရေးဖြစ်၏။ ထို့ကြောင့် လူ့ဘောင်သစ်သည် ရန်သူဖြိုဖျက်မရအောင် ကြီးထွားနေရခြင်းဖြစ်၏။

ထို့ကြောင့် လူ့ဘောင်သစ်ပါတီသို့ လယ်သမားလူငယ်၊ အလုပ်သမားလူငယ်များ ဝင်လာနေကြသည်။ လက်နက်ကိုင်ဖို့ ပြင်ဆင်ခြင်းသည် လူ့ဘောင်သစ် အင်အားကြီးမားရခြင်း အကြောင်းပေါင်းများစွာအနက် အဓိကအကျဆုံးဖြစ်၏။

မြန်မာပြည်တော်လှန်ရေးအား အဆုံးအဖြတ်ပေးသည့်လမ်းသည် လက်နက်ကိုင်လမ်းသာလျှင်ဖြစ်၏။ ၎င်းသည်ကို လူထုကြီးက သိ၏။ သိသောကြောင့် လူ့ဘောင်သစ်သည် တဟုန်ထိုး ကြီးထွားလာနေခဲ့လေသည် စသည်ဖြင့် လက်ရှိဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက ရှင်းပြလေသည်။

> လူ့ဘောင်သစ်ပါတီသို့ လယ်သမားလူငယ်၊ အလုပ်သမားလူငယ်များ ဝင်လာနေကြသည်။
> လက်နက်ကိုင်ဖို့ ပြင်ဆင်ခြင်းသည် လူ့ဘောင်သစ် အင်အားကြီးမားရခြင်း
> အကြောင်းပေါင်းများစွာအနက် အဓိကအကျဆုံးဖြစ်၏။

## (၂)

### လက်နက်ကိုင် လမ်းကြောင်းပေါ်သို့ ယတိပြတ် တက်လှမ်းလိုက်သည့် အထူးအစည်းအဝေး

စာရေးသူက ၉၀/ဇူလိုင် ၁၇၊ ၁၈ အထူးအစည်းအဝေးကို ထိုသို့အမည်ပေးလိုက်ပါသည်။ ၎င်းကို ကွန်ဂရက်ဟု မှတ်တမ်းမတင်ခဲ့ကြဘဲ (လူ့ဘောင်သစ် နိုင်ငံလုံးဆိုင်ရာ အထူးအစည်းအဝေး)ဟု ၎င်းတို့ပါတီသမိုင်း၌ မှတ်တမ်းတင်ထားခဲ့လေသည်။

သို့ရာတွင် ထိုအစည်းအဝေး၏ ထူးခြားချက်မှာ ယာယီဥက္ကဋ္ဌသဖွယ်ဖြစ်နေသည့် ရန်သူခင်းပေးသည့် လမ်းကြောင်းအတိုင်း နာခံရေးသမား ဖြစ်သွားသူ ကိုသက်ထွန်းနှင့် အပေါင်းအပါနှစ်ဦးကို နုတ်ထွက်ခွင့်ပေးကာ ဖယ်ရှားပစ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအစည်းအဝေး၌ ရန်ကုန်တိုင်းမှ ကိုမြင့်ဇော်သည် ဥက္ကဋ္ဌတာဝန်ယူလာခဲ့၏။ ပဲခူးတိုင်းအနောက်ခြမ်းမှ ကိုအောင်မိုးဇော်သည် အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့၏။ ဒုဥက္ကဋ္ဌ ကျော်ဝင်းသိန်း (ယခုထောင်ထဲ)နှင့် ကိုဇေယျသည် တွဲဘက်အတွင်းရေးမှူး ဖြစ်လာခဲ့၏။ ဗဟိုကော်မတီသစ်ကို (၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့လေသည်။

ထိုအစည်းအဝေး၏ ထူးခြားချက်မှာ ဗဟိုကော်မတီအတွင်း၌ ဗဟိုကော်မတီ (၃) ဦးကိုသာ အသိမပေးဘဲ ကျန်ဗဟိုကော်မတီများဖြင့် အလံရွှေ့ပြောင်းရေးကို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်။

ထို့နောက် ပါတီသည် .... ....

**ဆက်လက်ဖော်ပြပါမည်**

# လွှတ်တော်ကိုယ်စားလှယ်တဦး နအဖဖမ်းဆီးမှု လွတ်ကင်းရန် နယ်စပ်သို့ တိမ်းရှောင်လာ နအဖက ကမ္ဘာကိုရော မြန်မာလူထုကိုပါ လိမ်ညာနေကြောင်း ထုတ်ဖော်ပြောဆို


ဒူးဝါးမရန်ဇော်အောင်

**ဇူလိုင်၊ (၁၆)ရက်။**

အသက်(၇၁)နှစ်အရွယ်ရှိ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒူးဝါးမရန်ဇော်အောင်သည် နအဖအာဏာပိုင်များ၏ ဖမ်းဆီးမှုမှ လွတ်ကင်းရန် ထိုင်းနိုင်ငံဘက်သို့ တဦးတည်း ရှောင်တိမ်းထွက်ခွာလာကြောင်း သိရသည်။

ယခုလို ထွက်ခွာလာခဲ့ခြင်းနှင့်ပတ်သက်၍ ဒူးဝါးဇော်အောင်က ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် မေ(၃၀) ဒီပဲယင်း အရေးအခင်းဖြစ်ပွားမှုကို ကြားသိရပြီး နောက်ပိုင်း အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင် အဖွဲ့ချုပ်ဝင်အများအပြား ဖမ်းဆီးလိုက်ပြီး ပြည်နယ်နှင့် တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ရုံးများအားလုံးကိုလည်း ပိတ်ပစ်ခဲ့သည်ကို ကြားသိရကြောင်း၊ မိမိကိုလည်း ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ခရီးစဉ်တွင် ကမကထ ဦးဆောင်ဦးရွက်ပြုခဲ့သည့်အတွက် ဖမ်းဆီးမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဇွန်(၁)ရက်နေ့ည သန်းခေါင်တွင် တယောက်ထဲ တိမ်းရှောင်ထွက်ခွာလာခြင်း ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဆက်လက်ပြောပြရာတွင် ဒေါ်စု၏ ကချင်ပြည်နယ်ခရီးစဉ်မတိုင်မီ စစ်ထောက်လှမ်းရေးတပ်က မိမိတို့ကို ဒေါ်စုလာပါက မကြိုဆိုရုံမျှမက ကြည့်ပင်မကြည့်ရန် ကြိုတင်မှာကြားထားကြောင်း၊ သွားကြိုပါက အဖမ်းခံရမည်ဖြစ်ကြောင်း၊ သားသမီးများရှိပါက ကျောင်းပညာရေးကအစ နှောင့်ယှက်မှာဖြစ်ကြောင်း၊ မိမိကိုသာမက ကချင်လူထုအားလုံးကို ကြိုတင်တားမြစ်ခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည် ရောက်လာသည့်အခါ ကချင်ပြည်သူလူထုအားလုံးကထွက်၍ ကြိုဆိုခဲ့ကြကြောင်း၊ ကချင်တို့၏ထုံးစံမှာ ကိုယ့်နယ်ကို ရောက်လာသည့် မည်သူကိုမဆို ဧည့်ခံရသည်သာဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ကျနော်တို့အားလုံး၏ ဒီမိုကရေစီ ခေါင်းဆောင်ဖြစ်ရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်လည်းဖြစ်၊ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ရင်သွေးသမီးတယောက်လည်းဖြစ်သည့်အတွက် ကချင်ပြည်သူလူထုအဖို့ အင်မတန် အရေးကြီးသည့် ဧည့်သည်တယောက်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် ရောက်လာချိန်တွင် မျက်စိမှိတ်ပြီး မိမိက ဦးဆောင်ကြိုဆိုခဲ့ကြောင်း ရှင်းလင်းပြောပြသွားသည်။

၎င်းက မေ(၃၀) အရေးအခင်းတွင် လူငယ်များ အသက်သွေးမြေကျ အနစ်နာမခံခဲ့ကြပါက ဒေါ်အောင်ဆန်းစုကြည်၏ အသက်အန္တရာယ် ကျရောက်နိုင်ကြောင်း၊ မြန်မာ့လွတ်လပ်ရေး၏ ကျေးဇူးရှင်၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ ရင်သွေးနှင့် ဦးတင်ဦးတို့ကို ယခုလို တိုက်ခိုက်လုပ်ကြံသည့်သတင်း ကြားရချိန်တွင် အလွန်အမင်းစိတ်ထိခိုက်ခဲ့ရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံလိုသူများ ရှိသည့်အတွက် သူတို့က ကာကွယ်ထိန်းသိမ်းထားရတာပါဟုဆိုပြီး ဆက်လက်ဖမ်းဆီးကာ နိုင်ငံသားများကိုသာမက ကမ္ဘာကိုပါ လိမ်နေကြောင်း နာနာကျည်းကျည်း ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

ထိုသို့ ဒူးဝါးဇော်အောင် ရှောင်တိမ်းထွက်ခွာလာသည့်အတွက် ကျန်ရစ်သည့် မိသားစုအား စစ်ထောက်လှမ်းရေးက ခြိမ်းခြောက်ဒုက္ခပေးနေသည်ဟု နောက်ပိုင်းတွင် ကြားသိရကြောင်း ၎င်းကဆက်လက်ပြောပြခဲ့သည်။

ဒူးဝါးဇော်အောင် ထွက်ခွာလာပြီး နောက်ပိုင်း ကချင်ပြည်နယ်တွင် ဒေါ်အောင်ဆန်းစုကြည် တည်းခိုခဲ့သည့် အိမ်ရှင်ဦးချို၊ အဖွဲ့ချုပ်ဝင် ဦးမရမ်ဘောက်လာ၊ မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှဆိုင်၊ အတွင်းရေးမှူး ကိုနေဝင်း၊ တွဲဘက်အတွင်းရေးမှူး နိုင်ဇော်ဝင်းနှင့် မြစ်ကြီးနားမြို့နယ်စည်း ဒေါ်ငွေကြိုင်တို့ကို ထောက်လှမ်းရေးက ဖမ်းဆီးထားကြောင်း သိရသည်။ ❖

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၇၀)ကျော် နအဖဥက္ကဋ္ဌထံစာရေးတောင်းဆို

**ဇူလိုင်၊ (၂၁)ရက်။**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးထားသူ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ပါတီဝင်များကို အမြန်ဆုံး လွှတ်ပေးပြီး ထိုကိစ္စကို အမြန်ဆုံး စုံစမ်းစစ်ဆေးပေးရန် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၇၀)ကျော်တို့က နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စာရေးတောင်းဆိုခဲ့ကြကြောင်း သိရသည်။

ထိုတောင်းဆိုစာကို စာတိုက်မှတဆင့် ပေးပို့ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ချုပ်ဝင်များအားလုံး အမြန်ဆုံး ပြန်လွှတ်ပေးရန်၊ မေ(၃၀)ဒီပဲယင်းကိစ္စအတွင်း ချိပ်ပိတ်ခံထားရသည့် အဖွဲ့ချုပ်ရုံးများအားလုံး အမြန်ဆုံး ပြန်ဖွင့်ပေးရန်နှင့် ဒီပဲယင်းအရေးအခင်း ဖြစ်ရပ်မှန် ပေါ်ပေါက်လာရေးအတွက် အမြန်ဆုံး စုံစမ်းစစ်ဆေးပေးရန်တို့ကို တောင်းဆိုထားသည်။

ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက စာရေးတောင်းဆိုခြင်းသည် နိုင်ငံရေးအရ အင်အားတရပ်ဖြစ်ပြီး နအဖဘက်က အလေးအနက်ထား စဉ်းစားပေးလိမ့်မည်ဟု ယုံကြည်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောဆိုခဲ့ကြသည်။

ကရင်ပြည်နယ် ဘားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်က မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကို လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာက တောင်းဆိုမှုများ ပြုလုပ်နေချိန်တွင် မိမိတို့က မတောင်းဆိုဘဲ မနေသင့်သလို ရှေ့ဆောင်ဖို့ပင် လိုအပ်ကြောင်း ပြောကြားသွားခဲ့သည်။

အလားတူ တောင်းဆိုစာမျိုးကို အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်များနှင့် အဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ကလည်း ပေးပို့တောင်းဆိုခဲ့ကြရာ ဇူလိုင်(၁၀)ရက်နေ့တွင် အမှတ်(၆) စစ်ထောက်လှမ်းရေးက ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် (၆)ဦးကို ခေါ်ယူစစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး (၂၄) နာရီအကြာတွင် ပြန်လွှတ်ပေးခဲ့သည်။

သို့ရာတွင် မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်(ခေါ်) ဒေါ်နီနီကို ပြန်လွှတ်ပြီး နောက်တနေ့တွင် အင်းစိန် မှူခင်းရဲတပ်ဖွဲ့က ထပ်မံဖမ်းဆီးသွားပြီး အင်းစိန်အကျဉ်းထောင်သို့ ချက်ချင်း ပို့ပစ်လိုက်ကြောင်း ၎င်း၏သမီးဖြစ်သူက ဆိုသည်။ ၎င်းက ဘာကြောင့် ယခုလို ထပ်မံဖမ်းဆီးရပါသလဲဟု မေးမြန်းရာ ဖမ်းဆီးသူများကိုယ်တိုင်က မိမိတို့လည်း မသိရှိပါကြောင်း၊ အထက်ညွှန်ကြားချက်အရ ဖမ်းဆီးရခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။ ဒေါ်မေနှင်းကြည်သည် ကျန်းမာရေးအခြေအနေကြောင့် နေ့စဉ် ဆေး နှစ်ကြိမ်ထိုးနေရသည့်အတွက် စိုးရိမ်ပူပန်မှု ဖြစ်နေရကြောင်း သမီးဖြစ်သူက ထုတ်ဖော်ပြောဆိုခဲ့သည်။ ဒေါ်မေနှင်းကြည်သည် ယခုနောက်ဆုံးအကြိမ်အပါအဝင် အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို သုံးကြိမ်တိုင်တိုင် ခံနေရသူဖြစ်သည်။


ကရင်ပြည်နယ် ဘားအံမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
နန်းခင်ထွေးမြင့်

❖

# မြန်မာ့တပ်မတော်သားများထံသို့ တိုက်တွန်းနှိုးဆော်ချက်

## ★ ဗိုလ်ချုပ်ကြီးတွေ နေဝင်ချိန်ရောက်လုနီးပြီ ★

မြန်မာ့တပ်မတော်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအပေါင်းတို့–

ဗိုလ်ချုပ်ကြီးတွေဟာ ရာဇပလ္လင် ဖင်မြဲရေးအတွက် မှားယွင်းတဲ့ဝါဒကို တစိုက်မတ်မတ် စွဲကိုင်ထားတာကြောင့် ၎င်းတို့အမှားတွေဟာ အတောမသတ်နိုင်ဘဲ တခုပြီးတခု ဆက်တိုက်ဖြစ်ပွားနေလျက် ရှိတယ်။ ၎င်းတို့အာဏာကို ထိပါးလာပြီဆိုရင် ဘယ်သူ့မျက်နှာကိုမှ မထောက်တော့ပါ။ တရားသော တောင်းဆိုမှုတွေကို လုပ်တဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက် နှိပ်ကွပ်သတ်ဖြတ်သည်မှာ ကြိမ်ဖန်များစွာရှိခဲ့ပြီး ရာဇဝတ်ပြစ်မှုတွေကိုလည်း အကြိမ်ပေါင်းမြောက်မြားစွာ ကျူးလွန်တဲ့ ကမ္ဘာ့တရားခံဖြစ်နေတယ်။ ဗိုလ်ချုပ်ကြီးတွေဟာ အမှားတွေကို ကျူးလွန်ပြီးရင်း ကျူးလွန်၊ မှားယွင်းတဲ့လုပ်ရပ်တွေကြောင့် ၎င်းတို့ကိုယ်ကို ဘယ်လိုမှ အဖတ်ဆယ်လို့ မရတော့ပါ။

မကြာသေးမီက ဗိုလ်ချုပ်ကြီးတွေ ဖန်တီးလိုက်တဲ့ မေလ(၃၀)ရက်နေ့ ဒီပဲယင်း အကြမ်းဖက်လူသတ်ပွဲမှာ မြန်မာပြည်သူတွေကိုသာမက ကမ္ဘာကိုပါ တုန်လှုပ်ခြောက်ခြားသွားစေခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးတွေအဖို့လည်း မဟာအမှားကြီးဖြစ်တယ်။ ပြည်သူက ရွေးကောက်တင်မြှောက်ထားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့အား ပြည်သူများက သောင်းသောင်းဖျဖျ အားပေးထောက်ခံမှုကို မနာလိုမရှုစိမ့်သော ဗိုလ်ချုပ်ကြီးတွေက နိုင်ငံတော်လုပ်ကြံမှုကြီးတရပ် ဖန်တီးလိုက်ခြင်းဖြစ်တယ်။ ဤလုပ်ကြံမှုမှာ (နအဖ)ဥက္ကဋ္ဌလည်းဖြစ်၊ ကြံ့ဖွံ့ရဲ့နာယကကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးသန်းရွှေမှာ တာဝန်အရှိဆုံးဖြစ်တယ်။ ဗိုလ်ချုပ်ကြီးတွေဟာ ၎င်းတို့ရဲ့ ကျောရိုးဖြစ်တဲ့ ကြံ့ဖွံ့အဖွဲ့ကို အသုံးချကာ NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအပါအဝင် ခရီးစဉ်တွင် လိုက်ပါသူ ထောက်ခံအားပေးသူအားလုံးကို သတ်ဖြတ်ရန် အမိန့်ပေးခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီးတွေရဲ့ မတရားတဲ့လုပ်ရပ်တွေကြောင့် ကမ္ဘာရဲ့ ဝေဖန်ဖိအားပေးမှုကို အကြီးအကျယ်ခံနေရတယ်။ အနောက်နိုင်ငံများက (နအဖ)ကို အရေးယူပိတ်ဆို့လျက်ရှိကြတယ်။ ကမ္ဘာ့မီဒီယာလောကနဲ့ သတင်းစာများကလည်း (နအဖ)ကို စူးစူးရှရှ ဝေဖန်လျက်ရှိကြတယ်။ (နအဖ)ဘက်ကနေ အမြဲကာကွယ်ရပ်တည်ပြောကြားတဲ့ နိုင်ငံများသော်လည်းကောင်း၊ (နအဖ)အား ညင်ညင်သာသာ ဆွဲဆောင်စည်းရုံး၍ စိတ်ရှည်ရှည်ထား ဆက်ဆံအကူအညီပေးနေတဲ့ နိုင်ငံများသော်လည်းကောင်း၊ နအဖရဲ့လုပ်ရပ်တွေကို ဝေဖန်ကာ အကူအညီပေးမှုများကို ဖြတ်တောက်ထားကြတယ်။ အပြုသဘောဆက်ဆံရေးမူကို အစဉ်တစိုက် စွဲကိုင်ထားတဲ့ အာဆီယံနိုင်ငံများသည်ပင်လျှင် မနေသာတော့ဘဲ ဒေါ်အောင်ဆန်းစုကြည်တို့ကို လွှတ်ပေးဖို့ (နအဖ)ကို တောင်းဆိုလာကြတယ်။ လက်ရှိအခြေအနေမှာ (နအဖ)အနေဖြင့် အကြီးအကျယ် အကျပ်ရိုက်ကာ ထွက်ပေါက်မရှိဖြစ်နေတယ်။ ကမ္ဘာရဲ့ ထောက်ပြပြောဆိုမှုကို ဘယ်သောအခါမှ လက်မခံတဲ့(နအဖ)ဟာ ယခုတခေါက်မှာ မသိလိုက်ဖါသာမနေသာတော့ဘဲ ဖြေရှင်းချက်ထုတ်ရန် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးဖြစ်တဲ့ ဦးဝင်းအောင်နှင့် ဦးခင်မောင်ဝင်းတို့အား တိုးတိုးတိတ်တိတ် သီးခြားစီ နိုင်ငံခြားသို့စေလွှတ်လိုက်ရတယ်။ ၎င်းနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးဟာ ဗိုလ်ချုပ်ကြီးသန်းရွှေရဲ့စာကို ယူဆောင်သွားပြီး တနိုင်ငံပြီးတနိုင်ငံ ခရီးထွက်ခဲ့ကြတယ်။ သို့သော် ၎င်းတို့ဖြေရှင်းချက်တွေဟာ အလိမ်အညာသာဖြစ်တာကြောင့် ကမ္ဘာက လက်မခံ ပယ်ချကြတယ်။ ဗိုလ်ချုပ်ကြီးတွေဟာ အရှက်မရှိ ပြည်သူလူထုနဲ့ ကမ္ဘာကို လိမ်လည်လှည့်ဖျားနေသည်မှာ အားလုံးသိပြီးသားဖြစ်တယ်။

မြန်မာ့တပ်မတော်သားအပေါင်းတို့–

သင်တို့ဟာ ပြည်သူထဲမှ ပေါက်ဖွားလာတဲ့ တပ်မတော်သားတွေဖြစ်တယ်။ ဒါကြောင့် ပြည်သူဘက်က ရပ်တည်ပြီး ပြည်သူကို အလုပ်အကျွေးပြုရမှာဖြစ်တယ်။ လက်ရှိ သင်တို့ရဲ့ ဘဝဟာ ဗိုလ်ချုပ်ကြီးတွေရဲ့ အာဏာတည်မြဲရေးအတွက် အသုံးချခံနေရသူတွေ ဖြစ်သလို ပြည်သူတွေနဲ့ ဆန့်ကျင်ဖက်ဖြစ်ကာ ပြည်သူ့ချဉ်ဖတ်ဖြစ်နေတယ်။ သင်တို့ရဲ့ ဘဝမှန်ကို သင်တို့မသိအောင် မိုင်းတိုက်တွန်းပို့တဲ့သူဟာ ဗိုလ်ချုပ်ကြီးတွေသာဖြစ်တယ်။ ဒါကြောင့် သင်တို့ဟာ လိမ်ညာအသုံးချခြင်းကိုခံနေရတယ်။ စစ်အာဏာရှင်တွေဟာ ကမ္ဘာမှာ တသုတ်ပြီးတသုတ် ကျဆုံးခဲ့တာကို သင်တို့သတိပြုစေလိုပါတယ်။ ဒါဟာ စစ်အာဏာရှင်တွေ ဘယ်တော့မှ မမြဲဘူးဆိုတာ ထင်ရှားတဲ့သာဓကဖြစ်တယ်။ ဗိုလ်ချုပ်ကြီးတွေရဲ့ နေဝင်ချိန်ဟာ တဖြည်းဖြည်း နီးကပ်လာနေတာကို အခြေအနေက တွန်းပို့လာပြီဖြစ်တယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးတွေဘက်က ရပ်တည်တိုက်ပေးဖို့ မသင့်တော့ဘူး။ ကျဆုံးမည့်ဗိုလ်ချုပ်တွေအတွက် ဆက်လက်ရပ်တည်တိုက်ပွဲဝင်နေဦးမယ်ဆိုရင် ပြည်သူရဲ့ဒဏ်ခတ်မှုကို မလွဲမသွေ သင်တို့ ခံရလိမ့်မယ်။ မြန်မာ့တပ်မတော်မှာ အမှုထမ်းတဲ့သူတွေဟာ ပြည်သူချစ်တဲ့ သားကောင်းရတနာတွေမဖြစ်ကြတော့ဘဲ လူဆိုးလူမိုက်အဖြစ်သာ သတ်မှတ်ခံရလိမ့်မယ်။ တပ်မတော်တခုလုံးလည်း နာမည်ဆိုးနဲ့ သမိုင်းတွင်ကျန်ရစ်နေမှာဖြစ်တယ်။ ဒါကြောင့် နောက်ဆုံးအနေနဲ့ ပြည်သူနှင့် အမြန်ဆုံး ပူးပေါင်းပြီး ဗိုလ်ချုပ်ကြီးတွေကို ဆန့်ကျင်သွားကြပါလို့ စေတနာအရင်းခံဖြင့် အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။

ဗဟိုစစ်ဦးစီးဌာနချုပ်
ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်
ကော်သူးလေ
နေ့စွဲ– ၁၅/၇/၂၀၀၃

# သတင်းတိုထွာ

## မတတ်သာ၍ တဖက်စိမ်းလိုက်ရသည့် မကွေးမြို့သားများ ကြံ့ဖွံ့အပေါ် မကျေနပ်

မကွေးမြို့ လမ်းမကြီးများဘေးရှိ အိမ်များအားလုံး ဇွန်လဆန်းမှစ၍ အိမ်ခေါင်မိုးများ အစိမ်းရောင်သုတ်ရန် မြို့နယ်စည်ပင်သာယာရေးမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထိုအမိန့်ကို မလိုက်နာပါက တည်ဆဲဥပဒေအရ အရေးယူမည်ဟုဆိုသည့်အတွက် မကွေးမြို့လူထုမှာ ငွေကုန်ကြေးကျ များပြားလှသည့်ကြားမှ အိမ်ခေါင်းမိုးများ ဆေးသုတ်ကြရရာ လမ်းမကြီး၏ မျက်နှာစာဘက်တဖက်ကိုသာ ဆေးသုတ်ခဲ့ကြသည်။ ထိုအမိန့်မှာ ကြံ့ဖွံ့အဖွဲ့၏ အစီအစဉ်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောဆိုနေကြပြီး ကြံ့ဖွံ့အဖွဲ့အပေါ် မကျေနပ်ချက်များ တိုးပွားလျက်ရှိသည်ဟု သိရှိရသည်။ ❖

## စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်မှ ရဲများ ရာထူးတဆင့်တိုးပြီး ပြောင်းရွှေ့

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးတွင် တခန်းတကဏ္ဍမှ ပါဝင်ခဲ့ရသည့် ဒီပဲယင်းမြို့နယ်အတွင်းရှိ ရဲများအား ရာထူးတဆင့်တိုး၍ ဒေသအသီးသီးသို့ ပြောင်းရွှေ့လိုက်ကြောင်း သိရသည်။ အာဏာပိုင်များသည် ကျည်ရွာအနီးရှိ ဆည်မြောင်းဝင်းထဲမှ ဝန်ထမ်းများကိုလည်း ပြောင်းရွှေ့လိုက်ပြီး အဆိုပါနေရာကို အမှတ်(၂)ရဲစခန်းအဖြစ် ပြောင်းလဲလိုက်ကာ အခြားမြို့နယ်များမှ ရဲများဖြင့် အသစ်ပြန်လည်အစားထိုးထားကြောင်း သိရသည်။❖

## ဗိုလ်ချုပ်ကြီးများ အမုန်းမခံရရန် တပ်မိသားစုဝင်များ အပြင်မထွက်ရ

မေ(၃၀) ဒီပဲယင်းအရေးအခင်း ဖြစ်ပွားပြီးနောက် တပ်မိသားစုများအချင်းချင်း သဘောထားကွဲလွဲမှုများ မဖြစ်ပေါ်လာစေရန် အာဏာပိုင်များက ကြိုးစားလုပ်ဆောင်နေကြရသည်။ မြန်မာနိုင်ငံတဝှမ်းလုံးရှိ စစ်တပ်များအတွင်း လုံခြုံရေးကို ယခင်ကထက် ပိုမိုတင်းကြပ်ထားပြီး တပ်မိသားစုများ အပြင်ထွက်ခွင့်ကိုလည်း ပိတ်ပင်ထားသည်။ စစ်တပ်မိသားစုများအနေဖြင့် အရပ်သားများနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် အပြင်တွင် ပျံ့နှံ့နေသည့် သတင်းများ ရရှိသွားပြီး စစ်တပ်ခေါင်းဆောင်များအပေါ် မုန်းတီးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ထိုသို့ တားဆီးနေခြင်းဖြစ်ကြောင်း နအဖ စစ်ဗိုလ်တဦး အဆိုအရ သိရသည်။ ❖

## ကျည်ရွာက ဆရာတော်နှစ်ပါးနှင့် ရွာသားနှစ်ဆယ် ဖမ်းဆီးခံရပြန်

မေ(၃၀) လုပ်ကြံမှုကြီးဖြစ်ပွားခဲ့သည့် ကျည်ရွာမှ ဆရာတော်နှစ်ပါးအား ဒီပဲယင်းမြို့နယ် ဥက္ကဋ္ဌက ဇွန်လ(၂၈)ရက်နေ့တွင် လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။

ထိုရက်ပိုင်းအတွင်းမှာပင် ကျည်ရွာသား(၂၀)ကို ထပ်မံဖမ်းဆီးသွားပြီး ဇူလိုင်(၃)ရက်နေ့တွင် ၎င်းတို့အားလုံးကို မေ(၃၀) ဒီပဲယင်းအရေးအခင်းအတွင်း ကြံ့ဖွံ့ကား(၂)စီးကို မီးရှို့ခဲ့မှုဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။ ထိုနေရာတဝိုက်တွင် ယခုရက်ပိုင်းများအတွင်း ထောက်လှမ်းရေးနှင့် ရဲများ ခြေချင်းလိမ်နေသည့်အတွက် အဲန်အယ်လ်ဒီအဖွဲ့ဝင်များမှ တိမ်းရှောင်နေကြရသည်ဟု ဆိုသည်။ ❖

## အောက်ဆုံးမှာပဲနေတော့မှာလား ဒို့မြန်မာ

နိုင်ငံတကာမှ အဖွဲ့ပေါင်း(၅၀)ကျော်တို့၏ စစ်တမ်းပြုချက်များအရ ကမ္ဘာ့စီးပွားရေးလွတ်လပ်မှုအနိမ့်ဆုံး (၅)နိုင်ငံစာရင်းတွင် မြန်မာပါဝင်ကြောင်း ဖော်ပြထားသည်။ အစီရင်ခံစာအရ စီးပွားရေး အလွတ်လပ်ဆုံးနိုင်ငံများတွင် ဟောင်ကောင်က ပထမ၊ စင်္ကာပူက ဒုတိယနှင့် အမေရိကန်က တတိယ လိုက်သည်။ နောက်ဆုံး (၅)နိုင်ငံစာရင်းတွင် ဇင်ဘာဘွေ၊ အယ်လ်ဂျီးရီးယား၊ ဂီနီဘီဆော၊ ကွန်ဂိုနှင့် မြန်မာတို့ပါဝင်ပြီး မြန်မာက အောက်ဆုံး(၁၂၃)နိုင်ငံမြောက်စာရင်းဝင် ဖြစ်သွားသည်။ ယူအဲန်ဒီပီ ခေါ် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ လူသားဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းတွင် နိုင်ငံပေါင်း (၁၇၅)နိုင်ငံအနက် မြန်မာက အဆင့်(၁၃၁)တွင်ရှိကြောင်း ဖော်ပြခံခဲ့ရသည်။ ❖

# ပင်လယ်ပျော်ဆလုံလူမျိုးများကိုပြစားရန် လိုက်လံဖမ်းဆီးနေ



ပင်လယ်ပျော် ဆလုံလူမျိုးတစု

ဆုတ်ယုတ်ပျက်ပြားနေပြီဖြစ်သည့် ခရီးသွားလုပ်ငန်းကို အရှိန်တိုးမြှင့်ရန် ကြိုးပမ်းသည့်အနေဖြင့် မြန်မာနိုင်ငံ တောင်ဘက်ဖျားဒေသ ပင်လယ်ရေပြင်တွင် သဘာဝအတိုင်း ကျင်လည်ကျက်စားနေထိုင်ကြသည့် ဆလုံလူမျိုးများအား ပြသ၍ ဝင်ငွေရှာနိုင်ရန် အာဏာပိုင်များက လိုက်လံဖမ်းဆီးလျက်ရှိနေကြောင်း သိရသည်။

ဆလုံလူမျိုးများသည် မွေးဖွားလာသည့်အချိန်မှ သေဆုံးချိန်ထိ ပင်လယ်ရေပြင်ပေါ်တွင် မိသားစုအလိုက် ၎င်းတို့၏ ရိုးရာလှေများဖြင့် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသွားလာရင်း နေထိုင်တတ်ကြသည့် ထူးခြားသော သဘာဝရှိသည့် လူမျိုးစုတမျိုးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက ကျင်လည်နေထိုင်လာခဲ့ကြသူများဖြစ်သည်။

အာဏာပိုင်များက ကမ္ဘာ့လှည့်ခရီးသည်များအား ဆွဲဆောင်ရန်နှင့် ခရီးသွားလုပ်ငန်းဝင်ငွေ တိုးတက်လာရန် ကြိုးပမ်းသည့်အနေဖြင့် ပင်လယ်ပျော် ဆလုံလူမျိုးများကို အဓမ္မဖမ်းဆီးကာ ဆလုံရိုးရာ ယဉ်ကျေးမှုပွဲတော်တရပ်အသွင်ဖြင့် နောက်နှစ်ဆန်းပိုင်း (၁၂-၂-၀၄)မှ (၁၄-၂-၀၄)ထိ ကော့သောင်းမြို့တွင် ကျင်းပရန် စီစဉ်လျက်ရှိသည်။ ❖

# တောင်ငူ ဗုံးပေါက်ကွဲမှု လူတဦးသေ

**ဇူလိုင်၊ (၂၀)ရက်။ [ဒီဗွီဘီ]**

ဇူလိုင်လ(၁၈)ရက်နေ့က ပဲခူးတိုင်း တောင်ငူမြို့တွင် ဗုံးပေါက်ကွဲမှုတခု ဖြစ်ပွားခဲ့ပြီး ပိုင်ရှင်မဲ့လက်ပစ်ဗုံး (၂၄)လုံးကိုလည်း ရှာဖွေသိမ်းဆည်းမိခဲ့ကြောင်း သိရသည်။

ထို့နေ့ နံနက်ပိုင်းက တောင်ငူမြို့ ရေနီကျေးရွာ၊ ရန်ကုန်-မန္တလေး ကားလမ်းမဘေးတနေရာတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဒေသခံရွာသားတဦး သေဆုံးသွားပြီး အခြားတဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွား၍ တောင်ငူမြို့ဆေးရုံတွင် အရေးပေါ်လူနာအဖြစ် ကုသနေရကြောင်း မြို့ခံတို့အဆိုအရ သိရသည်။

သတင်းများအရ ထိုနေ့ည (၈း၀၀) နာရီခန့်တွင် တောင်ငူမြို့ ရိုးမကားဂိတ်တွင် တောင်ငူ-ရန်ကုန်သွား ခရီးသည် ဆင်ကားတစီးပေါ်တွင် ပိုင်ရှင်မဲ့အိတ်တလုံးထဲမှ အမေရိကန်လုပ် လက်ပစ်ဗုံး(၂၄)လုံးကို စစ်ထောက်လှမ်းရေးနှင့် ရဲတပ်ဖွဲ့တို့က ရှာဖွေသိမ်းဆည်းမိခဲ့သည်။ သို့ရာတွင် မသင်္ကာဖွယ် လူတဦး ထွက်ပြေးလွတ်မြောက်သွားသဖြင့် လုံခြုံရေးဝန်ထမ်းများက အပူတပြင်း လိုက်လံရှာဖွေနေကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားခဲ့မှုများကြောင့် ယခုအခါ တောင်ငူမြို့အတွင်း ယခင်ကထက် လုံခြုံရေး ပိုမိုတင်းကျပ်ထားပြီး မြို့တွင်းလမ်းမများတွင် ညလုံးပေါက် ပတ္တရောင်ရဲများ ကင်းလှည့်စောင့်ကြည့်နေသည်။

ပြီးခဲ့သည့် ဇွန်(၂၇)ရက်နေ့ကလည်း တောင်ငူမြို့ သာသနဟိတကေဟိုမွေဗိမာန် အဝင်မုခ်ဦးနေရာနှင့် ကိုက်(၅၀)အကွာရှိ ကြံ့ဖွံ့ရုံး ဆိုင်းဘုတ်အုတ်ခုံနေရာတို့တွင်လည်း ဗုံးများ ဆက်တိုက်ပေါက်ကွဲခဲ့သေးကြောင်း သိရသည်။

ထို့အပြင် ပြီးခဲ့သည့် မေလ(၁၅)ရက်နေ့ကလည်း ပဲခူးတိုင်း ဖြူးမြို့ရှိ ရုပ်ရှင်ရုံတခုအတွင်း ဗုံးတလုံးပေါက်ကွဲခဲ့ရာ လူတဦးသေဆုံးခဲ့ပြီး (၅၀)နီးပါး ဒဏ်ရာရရှိခဲ့သည့် ဖြစ်ရပ်တခု ဖြစ်ပွားခဲ့သေးသည်။

အလားတူ ဇူလိုင်(၇)ရက်နေ့တွင် မော်လမြိုင် တက္ကသိုလ်အရှေ့တပ်ရင်း ခလရ (၁၀၄)တပ်ရင်းရှေ့၌ ချိန်ကိုက်ဗုံးတလုံး ပေါက်ကွဲခဲ့သဖြင့် စစ်မိသားစုဝင်တဦး သေဆုံးသွားကြောင်း သိရသည်။ ❖

# ဒီပဲယင်း အရေးအခင်းအတွင်း ဖမ်းဆီးခံရသူတချို့ ရွှေဘိုထောင်မှ ပြန်လည်လွတ်မြောက်လာ

**ဇူလိုင်၊(၉)ရက်။**

မေ(၃၀)အရေးအခင်းတွင် ထိခိုက်ဒဏ်ရာရသူ (၇)ဦးကို ရွှေဘိုထောင်မှ ဇူလိုင်(၈)ရက်နေ့တွင် ခံဝန်ချက် လက်မှတ်ထိုးခိုင်း၍ ပြန်လည်လွှတ်ပေးလိုက်ကြောင်း သိရသည်။

ထိုသို့လွတ်မြောက်လာသူများသည် အရေးအခင်းအတွင်း သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူများကို မျက်မြင်တွေ့ရှိထားကြသည့်အတွက် ပြည်ပမီဒီယာများနှင့် ဆက်သွယ်ခြင်း မပြုလုပ်ရန် တားမြစ်ထားပြီး မလိုက်နာပါက ပြန်လည်ဖမ်းဆီးမည်ဖြစ်ကြောင်း သတိပေးထားသည်ဟု သိရသည်။

လွတ်မြောက်လာသူ(၇)ဦးတို့မှာလည်း ခေါင်း၊ နဖူးနှင့် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ဒဏ်ရာများရရှိထားကြကြောင်း၊ ၎င်းတို့မှာ ခင်ပပထွန်း၊ ကိုမြင့်ဦး၊ ကိုသွယ်ကြီး၊ ကျော်မျိုးသူ၊ စိုးစိုး၊ အေးဝင်း၊ ကိုသန်းအောင်တို့ဖြစ်ကြပြီး အားလုံးကို ဒဏ်ရာ ပျောက်ကင်းသွားသဖြင့် ရွှေဘိုထောင်မှ ပြန်လည်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်တဦး အဆိုအရ သိရသည်။ ❖

# ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးထားသူ (၁၃၆)ဦးရှိ နအဖက ထုတ်ဖော်ဝန်ခံ

**ဇူလိုင်၊ (၂၆)ရက်။**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးထားသူ (၁၃၆)ဦးရှိကြောင်း နအဖက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော် ဝန်ခံလိုက်သည်။

ဖမ်းဆီးထားသူများအနက် (၉၆)ဦးကို ပြန်လွှတ်ပေးခဲ့ပြီဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။ ပြန်လွှတ်ပေးလိုက်သူများတွင် အဖွဲ့ချုပ် ပါတီဝင်(၈)ဦး ပါဝင်ကြောင်း စစ်ထောက်လှမ်းရေးအရာရှိတဦးဖြစ်သူ ဗိုလ်မှူးချုပ်သန်းထွန်းက ပြောဆိုသည်။ ထို့ကြောင့် ယနေ့အချိန်အထိ ဆက်လက် ဖမ်းဆီးထားသူ (၄၀)သာ ကျန်တော့ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

ယခုလို ထုတ်ဖော်ပြောဆိုခြင်းသည် မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအပြီး နအဖက ပထမဆုံးအကြိမ် ထုတ်ဖော်ဝန်ခံခဲ့သည့် ဖမ်းဆီးထားသူအရေအတွက် ဖြစ်သော်လည်း လုပ်ကြံမှုကြီးအတွင်း အမှန်တကယ် သေဆုံးသူအရေအတွက်ကို ယနေ့တိုင် ထုတ်ဖော်ပြောဆိုခြင်း မရှိသေးပေ။

ထို့ပြင် မေ(၃၀) လုပ်ကြံမှုကြီးအပြီး ထပ်မံဖမ်းဆီးခဲ့သည့် ပြည်နယ်တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ဝင်များ၏အမည်စာရင်းကိုလည်း အတိအကျ ပြောဆိုခဲ့ခြင်း မရှိသေးသည့်အပြင် ဒေါ်အောင်ဆန်းစုကြည်ကို မည်သည့်နေရာတွင် ဖမ်းဆီးထားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိချေ။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ထိုလုပ်ကြံမှုကြီးအတွင်း အနည်းဆုံး လူ(၁၀)ဦး သေဆုံးခဲ့ပြီး မေ(၃၀) နောက်ပိုင်း ထပ်မံဖမ်းဆီးခြင်းခံရသူ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ချုပ်ဝင် (၄၆)ဦးရှိပြီဖြစ်ကြောင်း စာရင်းထုတ်ပြန်ထားသည်။

❖

# ဘုရားသုံးဆူ–ကြာအင်းဆိပ်ကြီး ကုန်သွယ်လမ်းကြောင်း နအဖပိတ်ပစ်
# လူ့အခွင့်အရေးချိုးဖောက်မှုများ နအဖတပ်က ဆက်လက်ပြုလုပ်

ဘုရားသုံးဆူ–ကြာအင်းဆိပ်ကြီး ရေလမ်းခရီးဖြစ်သော ဇမိချောင်းကုန်သွယ်လမ်းကြောင်းအား နအဖ စစ်တပ်က ၂၀၀၃ ခုနှစ်၊ ဇွန်လ နောက်ဆုံးပတ်မှစ၍ ပိတ်ပစ်လိုက်ကြောင်း သတင်းရရှိသည်။

ဇမိချောင်းကုန်သွယ်လမ်းကြောင်းသည် နှစ်စဉ် မိုးရာသီအတွင်း ထိုင်းနိုင်ငံထွက်ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံထွက်ပစ္စည်းများ အပြန်အလှန် ကူးသန်းရောင်းဝယ်နေသော လမ်းကြောင်းများအနက် တခုအပါအဝင်ဖြစ်ပြီး ဘုရားသုံးဆူမှ ကြာအင်းဆိပ်ကြီး–မော်လမြိုင်ထိ ကူးသန်းသွားလာနိုင်သော ရေလမ်းခရီးလည်းဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဇွန်လအတွင်း နအဖ စကခ(၁၉)လက်အောက်ခံတပ်ရင်းများဖြစ်သော ခမရ(၅၉၁၊ ၅၈၈၊ ၅၈၆၊ ၅၈၃)တပ်ရင်းများသည် ဒူးပလာယာခရိုင် (ကော့ကရိတ်ခရိုင်) ဇမိချောင်းတလျှောက် မိုးရာသီစစ်ဆင်ရေးကို စတင်ခဲ့ပြီး ကေအဲန်ယူ တပ်ရင်း(၁၆–၁၇)တို့မှ ပြောက်ကျားတပ်ဖွဲ့များနှင့် နေ့စဉ်လိုလို တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ ထိုလမ်းကို ကေအဲန်ယူ အပါအဝင် အခြားတော်လှန်ရေးအဖွဲ့အစည်းများအား မိုးရာသီအတွင်း အဓိက ထောက်ပံ့နိုင်သော လမ်းကြောင်းအဖြစ် ယူဆကာ နအဖက ပိတ်ပစ်လိုက်ခြင်းဖြစ်သည်။

နအဖတပ်များသည် ဇမိချောင်းတလျှောက် တည်ထားသော ရေပေါ်ဖောင်ဈေးဆိုင်များကိုလည်း ဇူလိုင်လဆန်းမှစ၍ ပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့ကြောင်း သိရသည်။ ချောင်းတလျှောက် လှာကဒါ၊ ကွမ်းသီးခြံ၊ ဆီဆုံ၊ မောင်ယိုင်၊ ရွှေပိုးဟပ်၊ ကွမ်းသေတ္တာ၊ ကျောက်ဖျာ၊ မဲ့တဗွီး၊ ကျွန်းချောင်းအစရှိသော ကျေးရွာများ၌ တည်ထားသော ရေပေါ်ဖောင်ဈေးဆိုင်များမှာ တနေရာလျှင် (၂) ဆိုင်မှ (၄–၅)ဆိုင်အထိ တစုစီရှိပြီး ဒေသခံပြည်သူတို့၏ ထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို အဓိကထား ရောင်းချနေသော နေရာလည်းဖြစ်သည်။

ထိုခရီးလမ်းတလျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများမှာ ယမန်နှစ်က ရေကြီးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးခဲ့ခြင်းကြောင့် ယခုနှစ်တွင် အဆိုပါ ရေလမ်းကိုသာ အဓိကအားထားနေရကြောင်း သိရသည်။

ထိုအမိန့်မထုတ်မီက နအဖ တပ်ဖွဲ့များသည် ဝါးဖောင်ဈေးဆိုင်များမှ ပစ္စည်းများအား လုယက်ယူငင်ခြင်း၊ ပိုင်ရှင်များအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဆိုင်များအား ဖျက်ဆီးခြင်းများနှင့် ဒေသခံပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ခဲ့သည်။

ဇွန်လ(၁၄)ရက်တွင် နအဖ ခမရ(၅၉၁)တပ်ရင်းမှူး ဝင်းဇော်ဦး ဦးစီးတပ်ဖွဲ့သည် ကျွန်းချောင်းဝနှင့် ဇမိချောင်းအကြားရှိ ရေပေါ်ဈေးဆိုင် (၄)ဆိုင်မှ ပစ္စည်းများအား လုယက်ယူငင်ကြပြီး တဆိုင်လျှင် ကာလတန်ဖိုး ကျပ်(၁၀)သိန်းကျော် တန်ဖိုးရှိသည့် ဆိုင်များအား ဖျက်ဆီးပစ်ခဲ့သည်။

ထိုနေ့မှာပင် တပ်ရင်းမှူး ဗိုလ်မှူးလှမျိုး ဦးစီးသည့် နအဖ ခမရ(၅၈၈)တပ်ရင်းနှင့် ခလရ(၂၃၁)တပ်ရင်းတို့ ပူးပေါင်းတပ်ဖွဲ့သည် ဘဲလမုကျေးရွာမှ ရွာသား(၃)ဦးအား ကေအဲန်ယူနှင့်ဆက်သွယ်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခေါ်ဆောင်သွားပြီး နှိပ်စက်ညှင်းပမ်းနေကြောင်း သိရသည်။

ဇွန်လ(၁၆)ရက်တွင် ခမရ(၅၈၆)တပ်ရင်းမှူး ညီညီလွင် ဦးစီးတပ်ဖွဲ့သည် ရွှေပိုးဟပ်ရွာသစ်ကျေးရွာရှိ ရေပေါ်ဈေးဆိုင်(၃) လုံးကို ပိတ်ပစ်ရန် အမိန့်ပေးခဲ့ပြီး ထိုဆိုင်များမှ ၎င်းတို့လိုအပ်သောပစ္စည်းများကို လုယက်ယူငင်သွားကြသည်။ ထိုတပ်ဖွဲ့အပြန်တွင် အဆိုပါကျေးရွာမှ စောကံထွန်း၊ ကိုတင်ဝင်းတို့အား ပေါ်တာအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားပြီး ယနေ့ထိ ပြန်လည်လွှတ်ပေးခြင်း မရှိသေးကြောင်း သိရသည်။

ထိုနေ့တွင်ပင် နအဖ ခမရ(၅၈၈) တပ်ရင်းမှူးမြင့်ဇော်နှင့် ခလရ(၂၃၁) တပ်ရင်းမှူးလှမျိုး ဦးစီးတပ်ဖွဲ့သည် ဝင်းရေးမြို့နယ် သူတော်ကျေးရွာမှ ဒေါ်နှင်းကြည်(၇၀) နှစ်နှင့် သမီးဖြစ်သူ နော်မြ(၂၉)နှစ်တို့အား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဇွန်လ(၂၄)ရက်တွင် ခမရ(၅၉၁) တပ်ရင်းမှူးဝင်းဇော်ဦး ဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ် ကျောက်ဖျာရွာရှိ ဈေးဆိုင်ဖောင်(၃)လုံးအား အဓမ္မ အမိန့်ပေး ပိတ်ခိုင်းခဲ့သည်။ ၎င်းအပြန်တွင် မပိတ်ရသေးပါက ထိုဆိုင်အားလုံးကို ဖျက်ဆီးမည့်အပြင် လူများပါ သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်ဟု သိရသည်။

ဇွန်လ (၂၆)ရက်နေ့တွင် ခမရ(၅၉၁) တပ်ရင်းမှူး ဦးစီးတပ်ဖွဲ့သည် ကြာအင်းမြို့နယ် ပလောမေထိရွာရှိ ဈေးဆိုင်ဖောင်မှ ကျပ်ငွေ(၆၀၀၀၀)တန်ဖိုးရှိ ပစ္စည်းများအား အဓမ္မ သိမ်းယူခဲ့သည်။

ဇွန်လ(၂၇)ရက်တွင် ထိုတပ်ဖွဲ့မှပင် မဲ့တဗွီးကျေးရွာဘက်ကမ်းရှိ ဝါးဖောင်ဈေးဆိုင်များမှပစ္စည်းများ လုယက်ယူငင်ပြီး ကျန်ပစ္စည်းများနှင့် ဆိုင်များကို ဖျက်ဆီးခဲ့သည်။

ယမန်နှစ်ကပြုလုပ်သည့် မိုးရာသီစစ်ဆင်ရေးတွင် ကြာအင်းမြို့နယ် ထီးလော်ဘာလဲရွာ၌ ဒေသခံလူထုအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများပြုလုပ်ခဲ့သေးကြောင်း သိရသည်။

ယခုလို ရေလမ်းခရီးနှင့် ဈေးဆိုင်များအား ပိတ်ပစ်လိုက်ခြင်းကြောင့် ဒေသခံပြည်သူလူထု၏ ကူးသန်းသွားလာရေးနှင့် ကုန်ပစ္စည်းများ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းများ ထိခိုက်ပြီး အခက်အခဲကြုံတွေ့နေကြရကြောင်း သိရသည်။ ❖

# သံအဆက်ဖြတ်ထားသည့်မြောက်ကိုရီးယားများ
# မြန်မာရေတပ်တွင်ဒုံးပျံများတပ်ဆင်ရန်ရောက်နေ

**ဇူလိုင်၊ (၁၅)ရက်။**

နှစ်နိုင်ငံအကြား နှစ်ပေါင်း(၂၀)ခန့် သံတမန်အဆက်အသွယ်ဖြတ်ထားသည့် မြောက်ကိုရီးယားနိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နေကြောင်း ဒေသခံတို့၏ အဆိုကို ကိုးကား၍ ဇွန်(၁၀)ရက်နေ့ထုတ် အရှေ့ဖျား စီးပွားရေးစာစောင်တွင် ဖော်ပြပါရှိသည်။

လွန်ခဲ့သည့် နှစ်(၂၀)ခန့် မဆလအစိုးရခေတ်တွင် တောင်ကိုရီးယားသမတ ချန်ဒူးဝှမ်နှင့် အစိုးရအဖွဲ့ဝင်များ မြန်မာနိုင်ငံသို့ တရားဝင်ခရီး လာရောက်လည်ပတ်စဉ် မြောက်ကိုရီးယားတို့ ရန်ကုန်မြို့သို့ ခိုးဝင်လာပြီး ဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် တောင်ကိုးရီးယားဝန်ကြီး(၄)ဦး သေဆုံးသွားခဲ့ရသည်။ ထိုနောက်ပိုင်း မြန်မာနိုင်ငံနှင့် မြောက်ကိုးရီးယားတို့သည် သံတမန်အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး ယခုအခါမှ မြောက်ကိုရီးယားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်းဖြစ်ကြောင်း အရှေ့ဖျား စီးပွားရေးစာစောင် Far Eastern Economic Review တွင် ဖော်ပြထားသည်။

ထိုစာစောင်တွင် မြောက်ကိုးရီးယား (၂၀)ဝန်းကျင်ခန့်ကို ရန်ကုန်မြို့ သံလျင်ရတနာပုံ ရေတပ်စခန်းအနီးတဝိုက်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ဂေဟာတို့တွင် တွေ့ရှိနေရကြောင်း သိရပြီး ၎င်းတို့သည် မြန်မာရေတပ်သင်္ဘောများတွင် ဒုံးပျံများ တပ်ဆင်ရန်ရောက်ရှိနေသည့် လက်နက်နည်းပညာရှင်များဟု ယူဆရကြောင်း ဒေသခံတို့၏အဆိုကို ကိုးကား၍ အဆိုပါစာစောင်တွင် ဖော်ပြထားသည်။

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။
အယ်ဒီတာ
ခင်လွန်း

မိုးကြိုး
သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။
P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# အဖွဲ့ချုပ်ဝင်များ၏ စီးပွားရေး ဖျက်ဆီးရန် နအဖက ကြံစည်နေ

အမေရိကန်၊ ဂျပန်နှင့် နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများကို တန်ပြန်သည့်အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များ၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို ဖျက်ဆီးဖို့ခွဲရန် အစီအစဉ်များ နအဖက ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

အဆိုပါအစီအစဉ်ကို ကက(လှမ်း)ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ခင်ညွန့်က စီစဉ်ခြင်းဖြစ်ပြီး ဒေသဆိုင်ရာအာဏာပိုင်များအား ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်ဟု သိရသည်။ ညွှန်ကြားချက်တွင် ဒီချုပ်အဖွဲ့ဝင်များ၏ အမည်၊ နေရပ်လိပ်စာ၊ စီးပွားရေး၊ ပိုင်ဆိုင်မှုများနှင့် ၎င်းတို့နှင့် ဆက်နွယ်သော ဆွေမျိုးတော်စပ်သူများ၏ စာရင်းများ၊ သားသမီးများ၊ တက္ကသိုလ်တက်နေလျှင် ၎င်းတို့၏ ခုံနံပါတ်၊ အဓိကဘာသာရပ်များကိုပါ ကောက်ယူ၍ အသေးစိတ်အတိအကျ ဖော်ပြပြီး ဇူလိုင်လကုန်အတွင်း သတင်းပေးပို့ရမည်ဟု ပါရှိသည်။

အဆိုပါလုပ်ရပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် အဖွဲ့ချုပ်ထောက်ခံသူများကို တန်ပြန်ဒဏ်ခတ်ရန် စီစဉ်သည့်လုပ်ရပ်ဖြစ်ကြောင်း ၎င်းတို့နှင့် နီးစပ်သည့် ခိုင်လုံသော သတင်းရပ်ကွက်အဆိုအရ သိရှိရသည်။

ထို့အပြင် ဒီပဲယင်းအရေးအခင်းကြောင့် နိုင်ငံတကာမှ ပြစ်တင်ရှုတ်ချနေခြင်းနှင့် စီးပွားရေးပိတ်ဆို့ခံရခြင်းသည် မိမိတို့ကြောင့်ဖြစ်ရခြင်း မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရန်လိုသောလုပ်ရပ်ကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း လူထုရှင်းလင်းပွဲများ ပြုလုပ်ရန် နအဖက စီစဉ်နေကြောင်း သိရသည်။ ❖

# နယ်စပ်ဖြတ်ကျော်ကူးမည့်လူတရာကျော်
# နအဖစစ်ကြောင်းက ဖမ်းဆီး

**ဇူလိုင်၊ (၁၇)ရက်။**

ဇူလိုင်(၁၄)ရက်နေ့က ထိုင်း–မြန်မာ နယ်စပ် ဝေါ်လေလမ်းမပေါ်တွင် ဒီပဲယင်းအရေးအခင်းအတွင်း ပါဝင်သူများဟု ယူဆခံရသည့် လူ(၁၃၀)ခန့်အား နယ်စပ်ဖြတ်ကျော်ရန်ကြိုးပမ်းနေစဉ် နအဖ စစ်ကြောင်းက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ စ’ဝင်းထွန်းက ထိုင်းနိုင်ငံဘက်သို့ ကူးသန်းရန် ကြိုးပမ်းနေသူ အမျိုးသမီး (၃၈)ဦးနှင့် အမျိုးသား(၈၉)ဦးတို့အား စကခ(၄) လက်အောက်ခံ ခမရ(၇၀၂)စစ်ကြောင်းမှူး ဒုဗိုလ်မှူးကြီးခင်ဇော် ဦးစီးစစ်ကြောင်းက ဖမ်းဆီးလိုက်ခြင်းဖြစ်ပြီး ဖမ်းဆီးခံရသူအများစုမှာ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ ဖြစ်ကြပြီး အသက်(၁၈)နှစ်မှ (၅၀)ကြား အရွယ်များဖြစ်ကြောင်း၊ အချို့မှာ ထွက်ပြေးလွတ်မြောက်သွားနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြောဆိုရာတွင် ဖမ်းဆီးခံခဲ့ရသူများသည် ထိုင်းနယ်စပ်ရှိ တော်လှန်ရေးအဖွဲ့အစည်းများနှင့် လာရောက်ဆက်သွယ်လိုသူများနှင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် လာရောက်သူများဖြစ်ကြောင်း၊ ၎င်းတို့ ဖမ်းဆီးခံခဲ့ရသည့်နေရာသည် ယခင် ကေအဲန်ယူ ဌာနချုပ်အဖြစ် အသုံးပြုခဲ့သော သေဘောဘိုးသို့ သွားရာလမ်းဖြစ်သဖြင့် အချို့မှာ ရှစ်လေးလုံးကာလအတွင်း ကေအဲန်ယူနယ်မြေမှ ပြန်လည်ထွက်ပြေးသွားသူများ ပါဝင်နိုင်ကြောင်း ထင်မြင်ချက်ပေးခဲ့သည်။

နောက်နေ့တွင် လွတ်မြောက်သွားသူများရှိက ဖမ်းမိနိုင်ရန် အဆိုပါကျေးရွာအနီးရှိ ရွာများအားလုံးကို တအိမ်တက်ဆင်း ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုဖမ်းဆီးမှုသည် မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ပါဝင်ခဲ့သူ မျက်မြင်သက်သေများ နယ်စပ်သို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်း နအဖအာဏာပိုင်များက နယ်စပ်ဂိတ်များကို ပိုမိုတင်းကျပ်စွာ စစ်ဆေးမှုများ ပြုလုပ်ရန် အမိန့်ထုတ်ထားချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့အား မြဝတီမှတဆင့် ရန်ကုန်စစ်ထောက်လှမ်းရေးသို့ ပို့ရန် စီစဉ်ထားသည်ဟု သိရသည်။ ❖

# မန္တလေးမြို့ အဝင်အထွက် အထူးစောင့်ကြပ်စစ်ဆေးနေ

ယခုရက်များအတွင်း မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေးမြို့နှင့် အခြားမြို့ကြီးများတွင် မြို့ဝင်/ထွက်များ အထူးစောင့်ကြည့်စစ်ဆေးလျက်ရှိသည်။ မေ(၃၀) ဖြစ်ရပ်မှန်ကို ဒီပဲယင်းသို့ သွားရောက်စုံစမ်းလိုကြသည့်သူများ၊ ထိုဖြစ်ရပ်အတွင်း ပါဝင်ခဲ့ပြီး ထွက်ပြေးလွတ်မြောက်လာသူများအား ဖမ်းဆီးနိုင်ရန် ယခုလို စစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

မေ(၃၀)အရေးအခင်းအတွင်း မန္တလေးနှင့် အမရပူရမြို့နယ်တို့မှ ကား(၁၀)စီးနှင့် လူ(၁၀၃)ဦးတို့ လိုက်ပါသွားပြီး စစ်ကိုင်းနှင့် မုံရွာတို့မှ ဘုတလင်အထိ လိုက်ပါသွားသူများအပါအဝင် လူ(၁၃၀)ကျော်ခန့် ပျောက်ဆုံးနေသည်။ ယနေ့အချိန်အထိ ဖမ်းဆီး၊ ပျောက်ဆုံး၊ ဒဏ်ရာရနှင့် သေဆုံးသူများစာရင်း အတိအကျကို သက်ဆိုင်ရာက ထုတ်ပြန်ပေးခြင်း မရှိသေးပေ။

အလားတူ မန္တလေးမြို့ရှိ ကိုယ်ပိုင်မော်တော်ယာဉ်များအား လုံခြုံရေးအကြောင်းပြ၍ နေကာပလပ်စတစ် (Sticker)များ တပ်ဆင်ခြင်းမပြုလုပ်ရန် တားဆီးမှုများ ပြုလုပ်ထားသည်။

❖

# တိုင်းပြည်အကျိုးအတွက်လုပ်ရင်း ဖမ်းဆီးခံရခြင်းဖြစ်သည့်အတွက် ခင်ပွန်းကိုယ်စားဂုဏ်ယူ အဖွဲ့ချုပ်ဝင် တဦး၏ဇနီးက ဖွင့်ဟပြောကြား

**ဇူလိုင်၊ (၂၆)ရက်။**

အများက အသက်ပေးသွားကြချိန်တွင် ခင်ပွန်းဖြစ်သူကို မသေမပျောက်ဘဲ တွေ့ရှိခဲ့ရ၍ စိတ်ထဲမှာ ဖြေသာပြီး ယခုလို ဖမ်းဆီးခံထားရခြင်းသည် တိုင်းပြည်အတွက် လုပ်ဆောင်ရင်းဖြစ်သည့်အတွက် (၁၂)နှစ်အရွယ် သားငယ်လေးကို ဖခင်အတွက် ဂုဏ်ယူတတ်အောင် သင်ကြားပေးထားကြောင်း စစ်အုပ်စု၏ဖမ်းဆီးမှုကို ခံနေရသည့် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်တဦး၏ ဇနီးသည်က ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ဖွင့်ဟပြောဆိုလိုက်သည်။

မကွေးတိုင်းရေနံချောင်းမြို့နယ် အဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုမြင့်ငွေသည် မေ (၃၀) ဒီပဲယင်းလုပ်ကြံတိုက်ခိုက်မှုအတွင်း သတင်းအစအန ရှာမရဘဲ ပျောက်ဆုံးနေခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ မမီးမီးက အိုင်စီအာရ်စီ (အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့)ကိုဆက်သွယ်၍ အကူအညီ တောင်းခံခဲ့သည်။ အိုင်စီအာရ်စီ၏ သတင်းပြန်ကြားချက်အရ ကိုမြင့်ငွေသည် စစ်ကိုင်းတိုင်း၊ ခန္တီးအကျဉ်းထောင်တွင် ရောက်ရှိနေကြောင်း သိခဲ့ရသည်။

မမီးမီးက ခင်ပွန်းသည်ရှိနေသည့်ထောင်သို့ ထောင်ဝင်စာသွားရောက်တွေ့ဆုံရာ ပထမနေ့တွင် ထောင်ပိုင်က တွေ့ခွင့်မပေးသည့်အတွက် ပါလာသည့်ပစ္စည်းများကိုသာ ထားခဲ့ရပြီး နောက်တနေ့ ဇူလိုင် (၁၉)ရက်နေ့တွင် ထောက်လှမ်းရေးက လိုက်ပို့ပေးသည့်အတွက် ခင်ပွန်းဖြစ်သူနှင့် (၁၅)မိနစ်ခန့် တွေ့ခွင့်ရခဲ့ကြောင်း မမီးမီးကဆိုသည်။ ကိုမြင့်ငွေမှာ ဒဏ်ရာဒဏ်ချက် ရရှိထားဟန်မတွေ့ရဘဲ ရွှင်ရွှင်လန်းလန်းနှင့်သာ တွေ့ခဲ့ရကြောင်း၊ မကြာမီ ပြန်လွတ်တော့မည်ဖြစ်သည့်အတွက် မိမိကို မပူပန်ရန် မှာကြားကြောင်း၊ သို့ရာတွင် မိမိအနေဖြင့် ပြန်လွတ်တော့မည်ဆိုသည်ကို မယုံကြည်ကြောင်း မမီးမီးက ပြောကြားခဲ့ပြီး ''သူများတွေတောင်မှ အသက်ပေးထားတာ၊ ကိုယ့်ယောကျ်ားကို မသေမပျောက်တွေ့ခဲ့ရတော့ စိတ်ထဲမှာ နည်းနည်းဖြေရတာပေါ့''ဟုဖွင့်ဟသွားခဲ့သည်။

မမီးမီးသည် ခင်ပွန်းသည် မရှိသည့်အတွက် မိဘများထံတွင် (၁၂)နှစ်အရွယ် သားငယ်နှင့်အတူ ပြန်လည်နေထိုင်နေပြီး စက်ချုပ်တတ်သည့်အတွက် အနာဂတ်ကို ရင်ဆိုင်ရဲသည်ဟုဆိုသည်။ မမီးမီးက မကွေးတိုင်းအတွင်းရှိ မြို့နယ်များအားလုံးက မိမိတို့သားအမိကို ပံ့ပိုးကူညီကြကြောင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်များက ငွေရေးကြေးရေးမှအစ အရာရာ တာဝန်ယူစောင့်ရှောက်ကြပါကြောင်း အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

မမီးမီးက ဖခင်နှင့် ကွဲကွာနေသည့် သားငယ်လေးအား ''ကလေးကိုတော့ အမှန်အတိုင်းပဲ ပြောထားလိုက်တာပေါ့နော်၊ ကလေးကိုလည်း မျိုးချစ်စိတ်ရှိအောင်လို့ သင်ပေးထားရတာပေါ့၊ နိုင်ငံရေးအသိတွေ ရှိအောင်လို့၊ သူလည်း နားလည်သင့်သလောက်တော့ နားလည်ပါတယ်၊ ဒါ ဂုဏ်ယူစရာပဲလေ....၊ တိုင်းပြည်အတွက်လုပ်တာ ဂုဏ်ယူစရာကောင်းတယ်ဆိုတာကို ပြောထားရတယ်'' ဟု နှစ်သိမ့်ထွေးပွေ့ အားပေးခဲ့ကြောင်း ခင်ပွန်းဖြစ်သူကို ခက်ခက်ခဲခဲ သွားရောက်တွေ့ဆုံခဲ့သူမမီးမီးက ဒီဗွီဘီအသံလွှင့်ဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။❖

# မြန်မာနိုင်ငံကို အာဆီယံအဖွဲ့မှ ထုတ်ပယ်ရန် မလေးရှားဝန်ကြီးချုပ် ပြောကြား



မလေးရှားဝန်ကြီးချုပ်
ဒေါက်တာမဟာသီယာမိုဟာမက်

**ဇူလိုင်၊ (၂၁)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်မလွှတ်ပေးဘဲ နိုင်ငံတကာ ဖိအားပေးမှုများကို နအဖက ဆက်လက်ဖီဆန် ခေါင်းမာနေမည်ဆိုပါက မြန်မာနိုင်ငံကို အာဆီယံအဖွဲ့မှ ထုတ်ပစ်ရဖွယ် ဖြစ်လာနိုင်ကြောင်း မလေးရှားဝန်ကြီးချုပ် ဒေါက်တာမဟာသီယာ မိုဟာမက်က ဇူလိုင်(၂၀)ရက်နေ့က သတိပေးပြောဆိုလိုက်သည်။

ဝန်ကြီးချုပ်မဟာသီယာက နအဖဗိုလ်ချုပ်ကြီးများအနေဖြင့် နိုင်ငံတကာ၏ အရေးယူမှုများအပေါ် အလေးမထားဘဲ ဆက်လက်ခေါင်းမာနေမည်ဆိုပါက နောက်ဆုံးတွင် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ထဲမှ ထုတ်ပယ်ပစ်နိုင်ကြောင်း၊ ပြင်သစ်သတင်းအေဂျင်စီ အေအက်ဖ်ပီနှင့် တွေ့ဆုံခန်းတွင် ပြောကြားသွားခဲ့သည်။ ၎င်းက မြန်မာနိုင်ငံတွင်ဖြစ်ပျက်နေသည့် အခြေအနေများကို အလွန်စိတ်ပျက်မိကြောင်း၊ မလေးရှားအစိုးရအနေဖြင့် နအဖခေါင်းဆောင်များ ဆုံးဖြတ်ချက်ပြောင်းလဲလာရန် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်ထိ ဗိုလ်ချုပ်ကြီးများက ကမ္ဘာ့ဖိအားပေးမှုကို ဆက်လက်အန်တုနေမည်ဆိုလျှင် မလေးရှားအနေဖြင့် ဘာဆက်လုပ်ပေးနိုင်တော့မှာလဲဟု မေးခွန်းထုတ်ခဲ့သည်။

မလေးရှားဝန်ကြီးချုပ်၏ ပြောဆိုချက်နှင့်ပတ်သက်၍ နောက်တနေ့တွင် ထိုင်းဝန်ကြီးချုပ် ထပ်စင်ရှီနာဝပ်က ''ဒါဟာ သူ့ရဲ့ပုဂ္ဂလိကအမြင်သာဖြစ်ကြောင်း၊ မြန်မာအစိုးရကို အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရန်လုပ်ဆောင်ဖို့ အချိန်ပိုပေးသင့်တယ်'' ဟု ပြောကြားခဲ့သည်။ ၎င်းက ''ဗိုလ်ချုပ်ကြီးများအနေဖြင့် သူတို့၏ စိတ်စေတနာကို ကမ္ဘာကသိအောင် သက်သေထူနိုင်ဖို့ အချိန်ပိုပေးရမယ်''ဟု ထပ်လောင်းပြောဆိုခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးစူရာကီယတ်က အာဆီယံအဖွဲ့ထဲက ထုတ်ပစ်တဲ့အထိတော့ ရောက်လိမ့်မယ်လို့ မထင်ကြောင်း ကောက်ချက်ချသွားခဲ့သည်။

အာဆီယံ၏ လက်ရှိသဘာပတိအဖြစ် တာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မာတီနာ တာလီဂါဝါက ''ဒါဟာ အရေးပါတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတနိုင်ငံရဲ့ ပြောကြားချက်ဖြစ်ပြီး မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးဖို့ကိစ္စတွေမှာ တိုးတက်မှု အမှန်တကယ် မရရှိတဲ့အတွက် ဖြစ်တယ်''ဟု ပြောကြားသွားခဲ့သည်။

ဒေါက်တာမဟာသီယာသည် မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ထဲသို့ ဝင်ရောက်ခွင့်ရရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်မှုများအား လျစ်လျူရှုကာ အဓိကအခန်းကဏ္ဍမှ ဦးဆောင်ပေးခဲ့သဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ထဲသို့ မြန်မာ ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။
❖

# ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးကောင်းမွန်ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ပြောဆို



**ဇူလိုင်၊ (၂၉)ရက်။**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း ဖမ်းဆီးခြင်းခံထားရသူ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး ထိခိုက်ဒဏ်ရာရထားခြင်း မရှိကြောင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ရရန် နိုင်ငံတကာကြက်ခြေနီအဖွဲ့(ICRC)က ဇွန်လဆန်းမှစ၍ နအဖထံ တင်ပြတောင်းဆိုခဲ့သော်လည်း (၂)လနီးပါးကြာမြင့်ချိန် ရောက်မှ ယခုလို တွေ့ဆုံခွင့်ရခြင်းဖြစ်သည်။

ICRC ၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာ အီယိုဘစ်ဆူးရ်ရိုးက မိမိတို့သည် ကြားဝင်နှောင့်ယှက်မှုများမပါဘဲ သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်ရခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီး တစုံတရာ ထိခိုက်ဒဏ်ရာရထားခြင်း မရှိကြောင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၏ အဆိုကို ကိုးကား၍ ပြောဆိုခဲ့သည်။ ၎င်းက ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားသည့်နေရာမှာ အခြေအနေကောင်းကြောင်းကိုပါ ထည့်သွင်းပြောဆိုခဲ့သည်။

ICRC အဖွဲ့သည် ပြီးခဲ့သည့်လကလည်း အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးတို့နှင့် တွေ့ဆုံခွင့်ရခဲ့ပြီး ကျန်းမာရေးအခြေအနေကောင်းမွန်ပြီး ထိခိုက်ဒဏ်ရာရထားခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။

၎င်းတို့အဆိုအရ ဒီပဲယင်းကိစ္စအတွင်း ဖမ်းဆီးခြင်းခံထားရသူ အများဆုံးရှိသည်ဟု ဆိုသည့် ရွှေဘိုထောင်သို့လည်း (၃)ရက်ကြာ သွားရောက်ခွင့်ရထားပြီးဖြစ်ကြောင်း သိရပြီး၊ ယခုအချိန်အထိ ဖမ်းဆီးထားသူ (၃၀)ကျော်တို့ကို တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည်ဟု ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဖမ်းဆီးထားခြင်းခံရသည့် (၂)လတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန်လအတွင်းက ကုလအထူးသံ မစ္စတာရာဇာလီနှင့် တွေ့ဆုံခွင့်ရခဲ့သည်။ ❖

# အမျိုးသားအချင်းချင်း ဆွေးနွေးအဖြေရှာခြင်းသာထွက်ရပ်လမ်းဟု ဝါရင့်နိုင်ငံရေးသမားကြီးများယုံကြည်

**ဇူလိုင်၊ (၁၅)ရက်။**

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် အကျပ်အတည်းများအား တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့်သာ အကောင်းဆုံး ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း လွတ်လပ်ရေးတိုက်ပွဲဝင် ဝါရင့်နိုင်ငံရေးသမားကြီးများအားလုံးက ယနေ့ပြုလုပ်သည့် အစည်းအဝေးတရပ်တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ချုပ် ခေါင်းဆောင်များအား စစ်အုပ်စုက ယခုအချိန်ထိ ပြန်မလွှတ်သေးသည့်အပြင် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ဝင်များကိုပါ ဆက်လက်ဖမ်းဆီးနေသည့်အတွက် မိမိတို့အနေဖြင့် အထူးစိုးရိမ်မိကြောင်း ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ထုတ်ဖော်ပြောဆိုလိုက်ပြီး အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပါအဝင်၊ နိုင်ငံတကာအရေးယူမှုများ ယခုထက်ပိုမိုတိုးမြှင့်လာပါက မြန်မာပြည်သူလူထု ထိခိုက်လာမည်ကို စိုးရိမ်ပူပန်မိသည့်အတွက် မိမိတို့အဖွဲ့အားလုံး စုဝေးပြီး အစည်းအဝေးတရပ် ကျင်းပ၍ ယခုလိုဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု အဖွဲ့ဝင် သခင်သိန်းဖေက ပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသည် လက်ရှိအခြေအနေတွင် လူဆိုးတယောက်အဖြစ် ကမ္ဘာက ဝိုင်းပယ်ခြင်းခံနေရသည့် အခြေအနေသို့ ရောက်ရှိနေကြောင်း၊ ထို့ကြောင့် မြန်မာပြည်အတွက် အကောင်းဆုံးဖြစ်ရန် ထွက်ရပ်နည်းလမ်းမှာ အမျိုးသားအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး ညီညွတ်ရေး ပြန်လည်တည်ဆောက်ကာ ဒီမိုကရေစီ အောင်မြင်ရေးကို လုပ်ဆောင်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ ကမ္ဘာမှာ မြန်မာသည် လူကောင်းတယောက်အဖြစ် လူတလုံး သူတလုံး ပြန်ဖြစ်လာမည်ဟု မိမိတို့အဖွဲ့က ယုံကြည်ကြောင်း ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေက အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက်ကို အသံလွှင့်ဌာနတခုသို့ ပြောကြားခဲ့သည်။

ဝါရင့်နိုင်ငံရေးသမားကြီးများသည် ပြီးခဲ့သည့် ဇွန်လ(၁၄)ရက်ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ် အဖွဲ့ဝင်များအားလုံးကို ပြန်လွှတ်ပေးရန်နှင့် အဖွဲ့ချုပ်ရုံးများအားလုံး ပြန်လည်ဖွင့်လှစ်ခွင့်ပေးရန်အပါအဝင် အချက်(၉)ချက်ပါဝင်သည့် တောင်းဆိုစာတစောင်ကို နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့ပြီး လက်ရှိနိုင်ငံရေးပြဿနာအပေါ် တွေ့ဆုံဆွေးနွေးအဖြေရှာရန် တိုက်တွန်းခဲ့ကြသည်။ ❖